# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တန်ခူးလဆန်း (၄) ရက် ၊ သောကြာနေ့ ၊ (24-3-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၂၈)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု (၇)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ**

စာမျက်နှာ - ၁၇

**တရုတ်-မြန်မာ နှစ်နိုင်ငံနယ်နိမိတ်ဆိုင်ရာကိစ္စရပ်များ၊ ရဲတပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး**

စာမျက်နှာ - ၁၈

**တရုတ်နိုင်ငံ၌ ကျင်းပမည့် Café Show China 2023 တွင် မြန်မာနိုင်ငံမှ ကော်ဖီလုပ်ငန်းရှင်များသွားရောက်ပြသမည်**

စာမျက်နှာ - ၃

**(၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာ ကျင်းပပြီးစီး**

စာမျက်နှာ - ၂၁

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် မတ် ၂၃**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ဆက်လက်ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး

စာမျက်နှာ ၁၆ ကော်လံ ၁ သို့



**နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးစဉ်။**




ရတနာပုံ
၂၀၁၃ ခုနှစ် မတ် ၂၄ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံတစ်ဝန်းဖွံ့ဖြိုးမှု ဝိုင်းဝန်းကြိုးပမ်း

နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ခေတ်အဆက်ဆက်ကြိုးပမ်းခဲ့ကြပြီး နိုင်ငံနှင့်ပြည်သူ ကြည်ဖြူစွာပူးပေါင်းဆောင်ရွက်ကြသောအချိန်သည် နိုးကြားလာသောအချိန် ဖွံ့ဖြိုးတိုးတက်မှုကို မျှော်မှန်းနိုင်သောအချိန်ဟု ဆိုနိုင်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ကြရာတွင် အခြေခံအားဖြင့် တည်ငြိမ်အေးချမ်းမှုရှိစေရန် လိုအပ်သည်။ ယနေ့အချိန်သည် နိုင်ငံတည်ငြိမ်အေးချမ်းမှုကို ခက်ခဲစွာအားထုတ်ကြိုးပမ်းဆောင်ရွက်နေကြသောအချိန်ဖြစ်သလို နိုင်ငံဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးသည့်အခြေအနေကို လွန်မြောက်ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အားယူသည့်အခြေအနေမှ ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဦးတည်မျှော်မှန်းဆောင်ရွက်လာနိုင်သောအခြေအနေဖြစ်သည်ဟု ဆိုနိုင်သည်။

နိုင်ငံတော်အနေဖြင့် နေရာဒေသမရွေး တစ်ဦးတစ်ယောက်မျှ နောက်ကျမကျန်စေရေးအတွက် ပြည်သူဗဟိုပြုဖွံ့ဖြိုးမှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်ပေးရန် အားထုတ်ကြိုးပမ်းနေသည်မှာလည်း အထင်အရှားပင်ဖြစ်သည်။

**"စက်ရုံ၊အလုပ်ရုံများက ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် ဝန်ဆောင်မှုအရည်အသွေးပြည့်မီစေရေးကိုလည်း အကောင်အထည်ဖော်ပေးရမည်ဖြစ်ပါကြောင်း၊ထို့ပြင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အရေးကြီးသည့်အတွက် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများ တိုးတက်ရေးအတွက် အားပေးကူညီရမည်ဖြစ်ပါကြောင်း"** အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မတ် ၂၁ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၃) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ကောင်းမွန်သည့် အခြေခံအဆောက်အအုံများရှိမှသာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်မည်ကိုတွေ့နိုင်သလို ဒေသတစ်ခုနှင့်တစ်ခုကြား ဆက်သွယ်မှုလွယ်ကူမြန်ဆန်ပြီး ဒေသနှင့်ဒေသများကြား ကွာဟချက်များကို လျှော့ချနိုင်မည်ဖြစ်ရာ စီးပွားရေးအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး၍ ကြိုးပမ်းအကောင်အထည်ဖော်ရန် လိုအပ်ပေသည်။

နိုင်ငံနှင့်ပြည်သူကြည်ဖြူကြရာတွင် ပြည်သူတို့အနေဖြင့် ကျွမ်းကျင်လုပ်သားများ အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် တစ်စတစ်စ ကူးပြောင်းရောက်ရှိလာနိုင်မည်ဖြစ်သလို ထိုသို့ပေါ်ပေါက်လာနိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်၏ အခြေခံကျသော ပညာရေးကဏ္ဍနှင့် စပ်လျဉ်းပြီး ပညာရည်အဆင့်နိမ့်ကျမှုမရှိစေရေးနှင့် လူတိုင်းပညာသင်ယူနိုင်မှုအခွင့်အလမ်းများ ရရှိစေရေးကိုလည်း ဆောင်ရွက်ပေးနေကြောင်း ဝမ်းမြောက်ဖွယ်တွေ့ရပေသည်။ အရည်အချင်းပြည့်ဝသည့် ပညာရေးစနစ်ဖြစ်စေရေးနှင့် အသိပညာအတတ်ပညာများ ပြည့်စုံသည့် လူသားအရင်းအမြစ်များမွေးထုတ်ပေးရေးဆောင်ရွက်နေသလို နိုင်ငံ့စီးပွားမြင့်တင်ရေးရန်ပုံငွေမှ ခွင့်ပြုထားသည့်စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ တိုးတက်ရေးကို ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်နိုင်မည့်အခြေအနေကောင်းများကိုလည်း မြင်တွေ့နေရပေမည်။

သို့ဖြစ်ပေရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ကြရာတွင် နိုင်ငံနှင့်ပြည်သူ ကြည်ဖြူစွာပူးပေါင်းဆောင်ရွက်၍ ကောင်းမွန်သောမျှော်လင့်ချက်များ အသက်ဝင်ရှင်သန်ကာ မျှော်မှန်းထားသည့် ပန်းတိုင်ဆီသို့ အတူတကွလျှောက်လှမ်းကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# ဧရာဝတီလင်းပိုင်ဖြင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို သွားရောက်ကြည့်ရှုသည့် နိုင်ငံခြားသားခရီးသွား များပြားလာ



**မန္တလေး မတ် ၂၃**

မန္တလေး-ကျောက်မြောင်းကြား ဧရာဝတီလင်းပိုင်ဖြင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို သွားရောက်ကြည့်ရှုသည့် နိုင်ငံခြားသားခရီးသွားများပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

မန္တလေး-ကျောက်မြောင်းကြားရှိ ဧရာဝတီလင်းပိုင်ဖြင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို မတ်လ တတိယပတ်မှစ၍ နိုင်ငံခြားသားခရီးသွားများ လာရောက်ကြည့်ရှုမှု များပြားလျက်ရှိကြောင်း၊ လတ်တလောတွင် ဧရာဝတီလင်းပိုင်များနေထိုင်ကျက်စားလျက်ရှိသည့် မန္တလေး-ကျောက်မြောင်းကြား သွားရောက်လည်ပတ်သည့်ခရီးသွား များပြားလျက်ရှိကြောင်း သိရသည်။

"မန္တလေး ဆိပ်ကမ်းကနေ မန္တလေး-ကျောက်မြောင်းကြားမှာ နေထိုင်ကျက်စားနေတဲ့ ဧရာဝတီလင်းပိုင်တွေကို နိုင်ငံခြားသားခရီးသွားတွေ လာရောက်ကြည့်ရှုမှုမြန်များလာတယ်။ အဓိကကတော့ မန္တလေး-ကျောက်မြောင်းကြားမှာရှိတဲ့ လင်းပိုင်တွေနဲ့ကျေးရွာတွေက ရေလုပ်သားတွေ ပူးပေါင်းပြီး ကွန်ပစ်ငါးဖမ်းတဲ့ဓလေ့ကို လာပြီးကြည့်ရှုလေ့လာကြတာ ပိုပြီးများလာတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

မန္တလေး- ကျောက်မြောင်းကြား ဧရာဝတီလင်းပိုင်များဖြင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို မတ်လပထမပတ်က မန္တလေးဆိပ်ကမ်းမှ သွားရောက်ကြည့်ရှုသည့် ခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၆၀ ကျော်သာရှိကြောင်း၊ မတ်လ တတိယပတ်မှစ၍ ဧရာဝတီလင်းပိုင်များဖြင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို သွားရောက်ကြည့်ရှုသည့် နိုင်ငံခြားသားခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၁၃၀ ကျော်ထိ ရှိလာကြောင်း သိရသည်။

ယခုလက်ရှိ ဧရာဝတီလင်းပိုင်များသည် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် အင်ဒေါင်းကျေးရွာအနီးနှင့် မင်းကွန်းအနီးတွင် နေထိုင်ကျက်စားလျက်ရှိကြောင်း သိရသည်။ (၁၈၄)

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး မတ် ၂၃**

ယခုတစ်ပတ်အတွင်း စလစ်ကပ်ကားများမှ တိုယိုတာဗွစ်ရှ်၊ ကလူဂါကားများ အရောင်းအဝယ်ရှိလာပြီး ဖရီးပါမစ်ပွိုင့်သရီးကားလေးများ ဖြစ်သည့် နံပါတ်ထွက်ပြီးသား ကားဟောင်းများလည်း ဈေးနှုန်းမြင့်တက်လာကြောင်း မန္တလေး ကားဈေးကွက်အတွင်းမှ သိရသည်။

ကားဈေးကွက်အတွင်း အရောင်းအဝယ်ပိုင်းအနေဖြင့် ယခင်ကဲ့သို့ အရောင်းအဝယ်ဖြစ်နေမှုမျိုးမဟုတ်သော်လည်း ပုံမှန်အရောင်းအဝယ်ရှိလာပြီး ကားဈေးနှုန်းများ တည်ငြိမ်စပြုလာကြောင်း သိရသည်။

ထို့ပြင် ငွေကျပ်သိန်း ၃၀၀ ခန့်ဈေးတန်းရှိ ကားလေးများလည်း အရောင်းအဝယ်ရှိနေပြီး ညာမောင်းကား ၁၃၀၀ စီစီ ကားများမှ ငွေကျပ်သိန်း ၂၀၀ အောက် နံပါတ်ထွက်ပြီးသား ကားများ၊ အမြင့်ကားများကိုလည်း မေးမြန်းမှုများ ပြန်ရှိလာကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ်၂၀ အမည်ပေါက်စလစ် ငွေကျပ် ၁၂၂ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် ၁၀၅ သိန်း၊ တက္ကစီစလစ် ငွေကျပ်သိန်း ၁၁၀ ခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ်ပြန်ဖြစ်နေပြီး ဘီးကြောကောင်းမွန်မှုနှင့်အတူ နံပါတ်အမြင့်၊ မော်ဒယ်မနိမ့်လွန်းသည့် တရုတ်ဘီးများမှ ကန်ဒါ၊ ဆိုင်ကလုန်း၊ ဇောင်ချမ်းအမျိုးအစားများမှာ ငွေကျပ် လေးသိန်းခန့်ဆိုင်ကယ်များ အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးမြို့ ၅၉ လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ထိုသို့ တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ် ပြန်ရှိလာသော်လည်း ရောင်းချလိုသူများနေကြောင်း၊ အသစ်ဘီးများမှာ အဝယ်နည်းပြီး အရောင်းအဝယ်အေးနေဆဲဖြစ်ကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ သိန်း ၅၀၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ ၂၅ သိန်းခန့် ဈေးရှိကြောင်း၊ Scoopy i အမျိုးအစားဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၃ သိန်းမှ ၄၅ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၇ သိန်းမှ ၂၃ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ်ဆိုင်ကယ်ဈေးနှုန်းများမှာ အင်ဂျင်ပါဝါ 110 အမျိုးအစားများ ငွေကျပ် ၆ သိန်း ၅ သောင်းမှ ၉ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅သောင်းမှ ၁၂ သိန်းခန့်၊ CZI နောက်ဆုံးထုတ် အသစ်တစ်စီးလျှင် ငွေကျပ် ၁၂ သိန်းခန့်၊ ဆိုင်ကလုန်းမှာ ငွေကျပ် ၁၇ သိန်းမှ ၁၈ သိန်း ၈ သောင်းရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ် လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။ (၁၇၃)

# ပြည်တွင်းဈေးကွက်အတွင်း အသင့်ရွေးချယ်ပြီး ငရုတ်သီးမှုန့် တစ်ပိဿာလျှင် ငွေကျပ် ၃၂၀၀ ဈေးရရှိနေ

**မန္တလေး မတ် ၂၃**

ပြည်တွင်းဈေးကွက်အတွင်း အသင့်ရွေးချယ်ပြီး ငရုတ်သီးမှုန့် တစ်ပိဿာလျှင် ငွေကျပ် ၃၂၀၀ ဈေးရရှိနေကြောင်း ငရုတ်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး) မှ သိရသည်။

အဆိုပါ ငရုတ်သီးများကို ယခုအခါ ဧရာဝတီတိုင်းဒေသကြီးမှ လှိုင်လှိုင်ထွက်ရှိနေပြီး ပြည်တွင်းဈေးကွက်အတွင်း ရောင်းချရာတွင် အသင့်ရွေးချယ်ပြီး ငရုတ်သီးမှုန့် တစ်ပိဿာလျှင် ငွေကျပ် ၃၂၀၀ ဈေးရရှိနေကြောင်း ငရုတ်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး)ဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်က ပြောပြသည်။

"အခုအချိန်ကတော့ နယ်စုံဒေသက ငရုတ်တွေ အနည်းငယ်ထွက်နေပါတယ်။ ဧရာဝတီတိုင်းဒေသကြီးဘက်မှာတော့ ငရုတ်လှိုင်လှိုင်ထွက်ရှိနေပြီး သန့်စင်ထားတဲ့ ငရုတ်သီးမှုန့်တွေ ဈေးကောင်းရရှိနေပါတယ်။ ငရုတ်သီးဈေးက မမှန်သေးပါဘူး။ အခုလက်ရှိမှာ ဝယ်လက်နည်းသေးပါတယ်။ ဆက်လက်ဈေးကောင်းလာဖို့ အလားအလာရှိပါတယ်။ ဒီနှစ်မှာ ရာသီဥတုအခြေအနေကြောင့် ငရုတ်တွေက ကောင်းတဲ့အခင်းရှိသလို မကောင်းတဲ့အခင်းလဲ ရှိပါတယ်။ အထွက်နှုန်းကတော့ ပြောလို့မရသေးပါဘူး။ တောင်သူတွေအတွက်ကတော့ အဆင်ပြေတယ်လို့ ပြောလို့ရပါတယ်။ ပြည်တွင်းကိုတော့ ရောင်းချနေပါတယ်"ဟု ဒေါ်ဥမ္မာကျော်က ပြောပြသည်။

ငရုတ်များကို စက်တင်ဘာလနှင့် အောက်တိုဘာလတို့မှစ၍ စိုက်ပျိုးခဲ့ကြရာ ဇန်နဝါရီလကုန်မှစပြီး ထွက်ရှိလာကြောင်း၊ ငရုတ်များကို ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးကြကြောင်း သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပေါင်မြို့နယ် ထန်းပင်ချောင်ကြီးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ပေါင် မတ် ၂၃**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်သည့် ထန်းပင်ချောင်ကြီးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးအောင်ဝေထွန်း၊ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ထန်းပင်ချောင်ကြီးကျေးရွာ ကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ)ဦးအောင်ဝေထွန်းက လုပ်ငန်းများရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ထန်းပင်ချောင်ကြီးကျေးရွာ ကုန်ထုတ်လမ်း အရှည် ပေ ၁၀၅၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် သုံးပေ ကျောက်ရောမြေနီခင်းခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၀၇ ဒသမ ၁ သန်းဖြင့် တင်ဒါအောင်မြင်သည့် ဖြိုးဆောက်လုပ်ရေးကုမ္ပဏီက ၂၀၂၂ ခုနှစ် စက်တင်ဘာလ ပထမပတ်မှစတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။


အဆိုပါ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးသဖြင့် ကျေးရွာရှိ အိမ်ခြေ ၇၈၈ အိမ်၊ လူဦးရေ ၅၂၄၇ ဦး၏ လယ်ယာမြေဧက ၉၀၀ မှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့အချိန်မီတင်ပို့ရောင်းချနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သုတ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓမ္မိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ပုလဲမြို့နေ ကိုထူးကိုဦး-မသဲဆုလှိုင် မိသားစုက ဆွမ်းအတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဓမ္မဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိတ်ဦးမြဝင်း၊ အထွေထွေအတွင်းရေးမှူး သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်ဝင်းနှင့် တာဝန်ကျသူနာပြု၊ သူနာပြုအကူတို့က လက်ခံရယူစဉ်။

# တရုတ်နိုင်ငံ၌ကျင်းပမည့် Café Show China 2023 တွင် မြန်မာနိုင်ငံမှကော်ဖီလုပ်ငန်းရှင်များ သွားရောက်ပြသမည်



**ရန်ကုန် မတ် ၂၃**

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပမည့် Café Show China 2023 တွင် မြန်မာနိုင်ငံမှ ကော်ဖီလုပ်ငန်းရှင်များ သွားရောက်ပြသမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကော်ဖီအသင်း ဗဟိုအလုပ်အမှုဆောင် ဦးဇော်မင်းသန်းက ပြောပြ၍ သိရသည်။

Café Show China 2023 ကို တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ China International Exhibition Center တွင် ယခုနှစ် စက်တင်ဘာ ၁ ရက်မှ စက်တင်ဘာ ၃ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အာရှနှင့်ဥရောပနိုင်ငံပေါင်း ၈၀ ကျော်မှ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများ၊ ရောင်းချသူများနှင့်လေ့လာသူ ဦးရေ ၇၆၀၀၀ ကျော် တက်ရောက်ကြမည်ဖြစ်ပြီး ပြခန်းပေါင်း ၃၆၀ ခန့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကော်ဖီပြပွဲက တရုတ်နိုင်ငံမှာ ကျင်းပမှာဖြစ်ပါတယ်။ Café Show China 2023 ဖြစ်ပါတယ်။ ဒီပြပွဲမှာ ကော်ဖီထုတ်လုပ်ရောင်းချသူတွေကော ဝယ်ယူရောင်းချသူတွေပါ ဆုံတွေ့ရမှာဖြစ်တဲ့အတွက် ဥရောပနဲ့အာရှဈေးကွက်တိုးချဲ့လိုတဲ့ မြန်မာလုပ်ငန်းရှင်တွေအတွက် အခွင့်အရေးတစ်ရပ်ဖြစ်ပါတယ်။ မြန်မာနိုင်ငံက ကော်ဖီစိုက်ပျိုးထုတ်လုပ်သူတွေ၊ ကော်ဖီထုတ်လုပ်ရောင်းချသူတွေ၊ ကော်ဖီပညာရှင်တွေပါ သွားရောက်ဖို့ရှိပါတယ်"ဟု မြန်မာနိုင်ငံကော်ဖီအသင်း ဗဟိုအလုပ်အမှုဆောင် ဦးဇော်မင်းသန်းက ဆက်လက်ပြောပြသည်။

မြန်မာနိုင်ငံ ကော်ဖီအသင်းအနေဖြင့် Café Show China 2023 တွင် သွားရောက်ပြသလိုသည့် လုပ်ငန်းရှင်များအတွက် သွားလာရေး၊ ပြခန်းများပြသနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ASH**

# အင်ပူမြို့နယ် ရွာဟောင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**အင်ပူ မတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်ပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာဟောင်းကုန်း၊ ရွာသစ်ကုန်း၊ ထန်းတောစုကျေးရွာတို့အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို မတ် ၂၂ ရက် နံနက်ပိုင်းက ရွာဟောင်းကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ အင်ပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေမင်းမင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းရန်ပုံငွေကျပ် ၄၄ ဒသမ ၄ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ရွာဟောင်းကုန်း၊ ရွာသစ်ကုန်း၊ ထန်းတောစုကျေးရွာတို့မှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၉ ဦးကို ငွေကျပ် ၃၉ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၄ ဒသမ ၄၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို သုည ဒသမ ၁၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

# ကျောက်မဲမြို့ အမှတ်(၂)ရပ်ကွက်တွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ကျောက်မဲ မတ် ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် စည်ပင်သာယာရေးဌာနက အမှတ်(၂)ရပ်ကွက် သီရိမင်္ဂလာလမ်းတွင် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို တာဝန်ရှိသူများ ယနေ့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်မဲမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စည်ပင်သာယာရေးဌာန ရန်ပုံငွေကျပ် ၂၄၄ ဒသမ ၇ သိန်းဖြင့် ဆောင်ရွက်သည့် အမှတ်(၂)ရပ်ကွက် သီရိမင်္ဂလာလမ်းတွင် ကွန်ကရစ်လမ်းတိုးချဲ့ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို စစ်ဆေးကြပြီး အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးက လုပ်ငန်းများ ရေရှည်တည်တံ့ရေး ထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကျောက်မဲမြို့နယ် အမှတ်(၂)ရပ်ကွက် သီရိမင်္ဂလာလမ်းတွင် ကွန်ကရစ်လမ်းတိုးချဲ့ခင်းခြင်းလုပ်ငန်း အရှည် ပေ ၁၁၈၀၊ အကျယ် ရှစ်ပေ၊ အမြင့် ခုနစ်လက်မကို ကျောက်မဲမြို့နယ် စည်ပင်သာယာရေးဌာနက ယခုနှစ် မတ် ၄ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကွန်ကရစ်လမ်းတိုးချဲ့ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုကြောင့် မြို့တွင်းနှင့် ဗဟိုဈေးဝန်းကျင်တွင် ယာဉ်ကြောကျပ်တည်းမှု၊ ယာဉ်မတော်တဆမှုတို့မှ ကင်းဝေးသွားမည်ဖြစ်ပြီး လူနေမှုအဆင့်အတန်းကိုလည်း မြင့်မားလာစေမည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် ရာသီမရွေး သွားလာအသုံးပြုနိုင်မည်ဖြစ်ကာ ဒေသခံပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးက ပြောပြ၍ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**



# သံဝေဂရစေတဲ့ ငရဲသားရဲ့ ဖြောင့်ချက်

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

**“ဘုရားသံ၊ တရားသံတွေ ပလူပျံနေတဲ့အချိန်မှာ ကျွန်တော်တို့ကတော့ ကာမရိပ်သာမှာ တဏှာ အရသာကို တဝကြီးခံစားရင်း၊ အချိန်ဖြုန်းနေခဲ့ကြတာပေါ့”**

**“ဩော်...အကုသိုလ်လုပ်ချိန်က လူ့ဘဝမှာ တစ်စဏသာကြာခဲ့ပေမဲ့ အကျိုးပေးဒုက္ခက အနှိုင်းအဆမဲ့ ရှည်ကြာတာပါလား”**

**“ကာမဂုဏ်ခံစားရတာက တစ်စဏ ငရဲမှာ ဒုက္ခခံစားရတာက အနန္တ ရရှိတဲ့ခံစားမှုနဲ့ ပေးဆပ်ရတဲ့ဒုက္ခ မမျှပါဘူး”**

ဆရာဒေါက်တာဝင်းနိုင်ထွန်း(ရွှေဘို)ရဲ့ **ငရဲသားရဲ့ ဖြောင့်ချက်**စာအုပ်အတွက် အမှာစာရေးသားပေးဖို့နဲ့ စိစစ်တည်းဖြတ်ပေးဖို့အတွက် ကွန်ပျူတာစာစီထားတဲ့ စာမူတစ်ထပ်ကို ဆရာချစ်ကိုကိုယု(နှလုံးလှလူမိုက်)က ကျွန်တော့်ထံပေးအပ် အကူအညီတောင်းခံခဲ့ပါတယ်။ ကြာတော့ ကြာခဲ့ပါပြီ။

အဲဒီအချိန်က မှုခင်းရှုထောင့်ရသစုံမဂ္ဂဇင်းနဲ့ ဂျာနယ်ရဲ့ အယ်ဒီတာချုပ်၊ တာဝန်ခံအယ်ဒီတာဖြစ်နေတာကြောင့် မှုခင်းခေါင်းစီးနဲ့တူတဲ့ **ငရဲသားရဲ့ ဖြောင့်ချက်**စာမူကို ကျွန်တော့်ထံအပ်နှံပြီး အကူအညီတောင်းခံခဲ့တာဖြစ်ပါတယ်။

အမှာစာရေးပေးရုံသာမကဘဲ စိစစ်တည်းဖြတ်ပေးပါဆိုလာလေတော့ ကျွန်တော့်မှာ တာဝန်ပိုကြီးသွားပါတယ်။ အလေးထားပြီး ဖတ်ရှုတည်းဖြတ်၊ ပြင်ဆင်ဖြည့်စွက်ပေးဖို့ စာပေစေတနာပါ ထားရပါတော့တယ်။

ဆရာဒေါက်တာဝင်းနိုင်ထွန်း(ရွှေဘို)ရဲ့ အရေးအသားတွေက စာရှုသူ၊ စာချစ်သူတွေရဲ့ နှလုံးသားထဲမှာ စွဲထင်နေစေမယ့် အသုံးအနှုန်းတွေပါရှိပါတယ်။

သာဓကတချို့ကို ထုတ်နုတ်ဖော်ပြရမယ်ဆိုရင် **ဒု–သ–န–သော** ကြောင့် ငရဲကျခံနေရသူလေးယောက်ရဲ့ နောင်တရ သံဝေဂသံတွေပါ။

**ငရဲသားရဲ့ ဖြောင့်ချက်**ဇာတ်လမ်းက ထူးဆန်းတဲ့ ဇာတ်လမ်းတော့မဟုတ်ပါဘူး။ ကျွန်တော်တို့ မြန်မာလူမျိုးဗုဒ္ဓဘာသာဝင်တွေနဲ့ ရင်းနှီးကျွမ်းဝင်နေကြတဲ့ လူမှုရေးအကျင့်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်ကြဖို့ မြတ်ဗုဒ္ဓက ဟောကြားလမ်းညွှန်ခဲ့တဲ့ဖြစ်ရပ်ပါ။

ကုဋေ ၄၀ ကြွယ်ဝချမ်းသာခဲ့ကြပေမဲ့ သောက်စားမူးယစ်ရမ်းကားပြီး သူတစ်ပါးရဲ့ သားမယားတွေနဲ့ သမီးပျိုတွေကို မြူဆွယ်ဖျက်ဆီးစော်ကားခဲ့ကြလို့ ကာမေသုမိစ္ဆာစာရကံထိုက်ပြီး လောဟကုမ္ဘီငရဲမှာ ငရဲနှစ်ပေါင်း ၆၀၀၀၀ ကြာမှ တစ်ခါသာခေါင်းပြူခွင့်ရခဲ့ကြတဲ့ ငရဲသား သူဌေးသားလေးယောက်ရဲ့ **“ဒု–သ–န–သော”**အော်ဟစ်ညည်းတွားသံကို အကြောင်းပြုပြီး ခံစားရေးဖွဲ့ထားတာပါ။

ဗုဒ္ဓစာပေကို လူအများနားလည်နှစ်ခြိုက်အောင် စတင်တီထွင်ရေးသားခဲ့သူက **လယ်တီဆရာတော်ကြီး**ပါ။ လယ်တီဆရာတော်ကြီးရဲ့နောက်ပိုင်းမှာ ဆရာကြီးရွှေဥဒေါင်း၊ ဗုဒ္ဓစာပန်းချီရေးသားခဲ့တဲ့ ဆရာကြီးငွေဥဒေါင်း(ဦးကြီးအောင်)၊ ဆရာကြီး ဦးသုခ၊ ဆရာကြီးမင်းသုဝဏ် စသူတို့အပြင် စာရေးဆရာ၊ ဆရာမမျိုးစုံဟာ ကိုယ်သန်ရာသန်ရာ ရေးဟန်တွေနဲ့ ရေးသားလာခဲ့ကြပါတယ်။

စကားပြေရေးဟန်နဲ့ ရေးသားနေကြသလို စကားပြောရေးဟန်နဲ့လဲ ရေးသားခဲ့ကြပါတယ်။ ဘယ်လိုဟန်၊ ဘယ်လိုပုံစံနဲ့ပဲရေးရေး ဗုဒ္ဓစာပေအတွက် အကျိုးသက်ရောက်မှုရှိနေတာတော့အမှန်ပါ။

ဆရာဒေါက်တာဝင်းနိုင်ထွန်း(ရွှေဘို)ကလဲ စကားပြောဟန်နဲ့ ရေးသားထားတာပါ။ ဒါပေမဲ့ သူက သူများတွေထက် ထူးခြားနေပါတယ်။ စကားပြောဟန်နဲ့ ရေးသားထားတဲ့နေရာမှာ ဇာတ်လမ်းဇာတ်ကွက်ပိုပြီး ပေါ်လွင်အောင်၊ စာချစ်သူ၊ စာနာသူတွေရဲ့ရင်ထဲမှာ ထိရှခံစားနိုင်အောင် အဓိကဇာတ်ကောင်၊ ဇာတ်ဆောင်ကိုယ်တိုင်က သူ့ဘဝသရုပ်ကို ဖွင့်ဟဖော်ထုတ်ပြဟန်နဲ့ ရေးသားထားတာပါ။

ဒါကြောင့်လဲ **“ဒု–သ–န–သော”**ရဲ့ဇာတ်လမ်းဟာ ကြွတက်နေသလို စာချစ်သူတွေ၊ စာနာသူတွေရဲ့ နှလုံးသားကိုလဲ ထွင်းဖောက်နေရာယူသွားနိုင်ခြေရှိခဲ့ပါတယ်။ ကျွန်တော်ကိုယ်တိုင်ပင်လျှင် ရိုးစင်းနေတဲ့ ဇာတ်လမ်းမှန်းသိနေပါလျက် သူ့အရေးအသား၊ အသုံးအနှုန်းတွေကြောင့် အာရုံစူးစိုက်မှုနဲ့အတူ နှစ်ခြိုက်သဘောကျနေခဲ့ရပါတယ်။

**“ပညာမတတ်ရင်၊ တစ်မြမ်းသေ၊ စာရိတ္တပျက်ရင်၊ တစ်ကိုယ်လုံးသေ”**ဆိုသလိုပဲ လူမှုရေးကိုယ်ကျင့်တရားပျက်ပြားကြရင်တော့ ဘဝသေသွားသလိုပါပဲ။

ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်ကြသူတွေ၊ ကာမရာဂ ထကြွသောင်းကျန်းလွန်းသူတွေအနေနဲ့ **“သုခအကြွေးကို နည်းနည်းယူပြီး ဒုက္ခအတိုးကို များများပေးဆပ်နေကြရမှာပါ”၊ “စဏသုခကို၊ ထာဝရသုခထင်နေရင်၊ ရလာတဲ့သုခနဲ့မတန်အောင် ဒုက္ခအများကြီးပေးဆပ်ရလိမ့်မယ်”၊ “တစ်စဏသုခရဖို့အတွက် ထာဝရဒုက္ခမခံနဲ့”၊ “တစ်စဏသုခကိုရှောင်နိုင်မှ ထာဝရဒုက္ခကလွတ်မယ်”၊ “နှလုံးသားက တောင်းဆိုတိုင်း၊ ဦးနှောက်ကအလိုလိုက်ကြရင် ပြင်မရအောင် မှားတတ်တယ်”**ဆိုတဲ့ ဆောင်ပုဒ်တွေကို **“ဒု–သ–န–သော”** ဇာတ်ကောင်တွေက သာဓကဆောင်ပြီး သင်ခန်းစာပေးထားပါတယ်။ မီးမောင်းထိုးပြထားပါတယ်။ အချိန်မီဆင်ခြင်ရှောင်ကြဉ်ကြဖို့ နှိုးဆော်ထားပါတယ်။

ဆရာဒေါက်တာဝင်းနိုင်ထွန်း(ရွှေဘို)က ကြောက်ရွံ့တုန်လှုပ်ချောက်ချားဖွယ်ကောင်းလွန်းလှတဲ့ စက်ဆုပ်ရွံရှာဖွယ်ကောင်းတဲ့ **ကာမေသုမိစ္ဆာစာရကံ**ကိုလဲ ဝိသေသပြုထားလေတော့ ကျွန်တော့်အနေနဲ့ အနုလုံ ပဋိလုံပြန်လည်သုံးသပ်မိပါတယ်။

**ကာမေသု မိစ္ဆာစာရော**ဆိုတာက **ကာမေသု=မေထုန်အကျင့်တို့၌၊ မိစ္ဆာစာရော=အမှန်ပင်ကဲ့ရဲ့ထိုက်ပြီး အောက်တန်းကျသောအပြုအမူတည်း။** လက္ခဏာအားဖြင့်မူ မသူတော်တို့၏ အကျင့်ကို အလိုရှိသဖြင့် ကာယဒွါရ(ကိုယ်ခန္ဓာ၌)ဖြစ်သော မသွားလာထိုက်သူများ၌ကျူးလွန်သည့် စေတနာသည်၊ ကာမေသုမိစ္ဆာစာရတည်း။ မသွားလာကောင်းသူများဟူသည် ယောကျ်ားအဖို့ မသွားလာကောင်းသူအမျိုးသမီး ၂၀။ မိန်းမများအဖို့ မသွားလာကောင်းသူအမျိုးသား ၁၂ ယောက်တည်း။ (၁) မသွားလာကောင်းသည့် အမျိုးသား သို့မဟုတ် အမျိုးသမီးဖြစ်ခြင်း၊ (၂) ၎င်းတို့၌ မှီဝဲလိုစိတ်ရှိခြင်း၊ (၃) မှီဝဲရန်လုံ့လပြုခြင်း၊ (၄) မဂ်ချင်းထိတွေ့မှုကိုသာယာခြင်း ဟူသည့် ကံမြောက်ရန် အကြောင်းလေးချက်ရှိ၏။

ကျမ်းဂန်အလာ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ခေတ်အမြင်နဲ့ တွေးကြည့်မယ်ဆိုရင် ကာမေသုဆိုတာ မေထုန်ကိစ္စ။ မိစ္ဆာစာရဆိုတာ မှားယွင်းစွာပြုကျင့်တာ။ ဘယ်လိုကျင့်ရင်မှားသလဲဆိုတာကတော့ ယောကျ်ားတွေ မသွားထိုက်တဲ့ မိန်းမ ၂၀၊ မိန်းမတွေမသွားထိုက်တဲ့ ယောကျ်ား ၁၂ မျိုးနဲ့ သွားလာမှီဝဲဆက်ဆံရင် မှားတယ်လို့ မှတ်ယူကြရပါမယ်။

ကာမေသုမိစ္ဆာစာရကံထိုက်စေတဲ့ ယောကျ်ား၊ မိန်းမအမျိုးအစားတွေကို ကျမ်းဂန်၊ အဋ္ဌကထာတွေအရ ဖော်ပြထားပေမဲ့ တချို့က အိန္ဒိယရိုးရာအယူအဆတွေလို့ ပြောဆိုဝေဖန်နေကြပါတယ်။ တချို့ကလဲ လူ့အခွင့်အရေးကိုဗန်းပြပြီး အယူလွဲမှားနေကြပါတယ်။

မည်သို့ဆိုစေကာမူ လူ့ယဉ်ကျေးမှုကိုတော့ ရှေးရှုကြဖို့လိုပါတယ်။ သုတရတနာဆုံးမစာမှာ **“မေထုန်အိပ်စား၊ ဤသုံးပါး၊ လူနွားရှိသည်ပင်”**လို့ ညွှန်းဆိုထားရာ ကာမရာဂကိုသာ ရှေ့တန်းတင်နေကြပါက အနှီလူသားကား တိရစ္ဆာန်နဲ့ ခြားပါတော့မည်လား။

**“ကိလေသာမြူ၊ တဏှာဟူသည်၊ ပင့်ကူထွေးရစ်၊ ချုံးဇေးပျစ်သို့၊ အပြစ်လက္ခဏာ၊ ထူထပ်စွာခဲ့၊ ချမ်းသာမမြတ်၊ လွန်ညစ်ပတ်၏”**

**“ဤတဏှာဟူ၊ မိုက်မဲထူလည်း၊ တပ်သူတွေ့ကာ၊ လွတ်မစွာဘူး၊ ကိလေသာဟန်၊ ကျဆင်မန်သို့၊ ကာမဂုဏ်အား၊ ကြိုက်သူမြားက၊ သားကိုသေဝ်တည့်၊ အမိဖြစ်လျက် ငံ့တွက်မညှာ၊ ဖွန့်ပစ်စွာ၏”**

လို့ **မဃဒေဝလင်္ကာ**မှာ ညွှန်းဆိုထားတာကို ကြည့်ရင် ကာမေသုမိစ္ဆာစာရကံမြောက်ဖို့ အကြောင်းဖန်လာတာက ကာမရာဂထကြွမှုလွန်ကဲကြသူတွေပါ။

ဆရာဒေါက်တာဝင်းနိုင်ထွန်း(ရွှေဘို)ရဲ့ စာပေစေတနာကလဲ အဲဒီလိုယုတ်ညံ့တဲ့ အပြုအမူတွေကို ထိန်းသိမ်းဆင်ခြင်ကြဖို့ပါ။

**“ညစ်ညူးရာဂ၊ ကိလေသဖြင့် တဏှာ့လိုလိုက်၊ ဒုစရိုက်နှင့်၊ အမိုက်အားကိုး၊ ပုဂ္ဂိုလ်မျိုးကား၊ အကျိုးမဲ့စွာ၊ အပြစ်သာရှင့်”**လို့ **မဃဒေဝလင်္ကာ**မှာ ဆိုဆုံးမထားသလို လက်ရှိ မျက်မှောက်ကာလမှာဖြစ်ပေါ်နေကြတဲ့ မုဒိမ်းမှုတွေ၊ ထင်ယောင်ထင်မှားစော်ကားမှုတွေ၊ မြူဆွယ်ဖျက်ဆီးမှုတွေ၊ လူမှောင်ခိုမှုတွေကျူးလွန်နေကြသူမှန်သမျှဟာ လောကီငရဲဆိုတဲ့ ထောင်ဒဏ်ကျခံကြရပြီး သေဆုံးသွားကြတဲ့အခါ **“ဒု–သ–န–သော”**ဇာတ်ဆောင် သူဌေးသားလေးယောက်လိုပဲ ငရဲမှာကြာရှည်စွာ ခံကြရမှာ မလွဲပါဘူး။

လောကီငရဲခံစားကြသူတွေထဲမှာ တချို့ဆိုရင် မြာပွေလွန်းလို့ ပစ္စက္ခဘဝမှာပဲ မိန်းမစိတ်ပေါက်ပြီး မိန်းမသဘာဝကို တိတ်တိတ်ပုန်းခံယူနေကြပြီး လိင်တူချင်းဆက်ဆံနေကြပါတယ်။ လိင်တူချင်းဆက်ဆံမှုပြုနေကြတာဟာ လောကီငရဲခံစားနေကြရတာပါ။ ပိုပြီးဆိုးရွားလွန်းတာက အလိုလိုက်အကြိုက်ပေးနေကြရင်းက လောဘတက်လာကြတဲ့အခါ အသက်ပါဆုံးရှုံးသွားကြရတဲ့ လူသတ်မှုဖြစ်ရပ်တွေပါပဲ။ ဒါကြောင့် ကာမေသုမိစ္ဆာစာရကံကျူးလွန်ကြသူတွေအနေနဲ့ **“မိစ္ဆာစာရ၊ ကျူးလွန်ကလည်း၊ မုန်းကြသူများ၊ ရန်သူများ၍၊ ရှားပါးလာဘ်တိတ်၊ ချမ်းသာဆိတ်၍၊ ဣတ္ထိပဏ္ဍုတ်၊ မျိုးယုတ်စါစါ၊ မျက်နှာမလှ၊ အရှက်ရလိမ့်၊ လက္ခဏာ ဣန္ဒြေ၊ ယွင်းသွေချို့သိမ်၊ ခိုးရိမ်များစွာ၊ ချစ်သူကွာသည်၊ ရှောင်ပါအပြန်အကျိုးတည်း”**ရယ်လို့ ညွှန်းဆိုထားပါတယ်။

ငါးရာ့ငါးဆယ်ဇာတ်နိပါတ်တော်တွေထဲမှာရော မျက်မှောက်ခေတ်ကာလမှာပါ ယောကျ်ားဘဝကနေပြီး မိန်းမဘဝရောက်သွားကြသူတွေရဲ့ နောက်ကြောင်းကို ပြန်လည်သုံးသပ်ကြည့်ရင် မြာပွေသူ၊ မိန်းမလိုက်စား၊ စည်းမထားသူတွေနဲ့ ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်နေသူတွေပဲဖြစ်နေကြပါတယ်။

ရခဲလှတဲ့ လူ့ဘဝမှာ လူ့ကျင့်ဝတ်၊ လူ့ယဉ်ကျေးမှုနဲ့အညီ၊ ကျင့်ကြံဆက်ဆံနေထိုင်သွားကြဖို့လိုအပ်လှပါတယ်။ အဲဒီအဆင့်ထက်ပိုပြီး မြင့်မားချင်တယ်ဆိုရင်တော့ ဗုဒ္ဓဘာသာဝင်များပီပီ မြတ်ဗုဒ္ဓရဲ့ မြတ်ဓမ္မနဲ့အညီ ဒါန၊ သီလ၊ ဘာဝနာ ပွားများကြဖို့ပါပဲ။ အကုသိုလ်ထက် ကုသိုလ်အမှုကိုကြိုးစားပြီး ပြုကျင့်ကြဖို့ပါပဲ။

လူ့ကျင့်ဝတ်ပျက်ပြီး အကုသိုလ်တွေများနေရင်တော့ အပါယ်လားပြီး ဒယ်အိုးထဲဇောက်ထိုးကျကြမှာ သေချာနေပါတယ်။ အပါယ်လားတယ်ဆိုတာ ယမမင်းခေါ်ဆောင်ရာကို လိုက်ပါသွားရပြီး ငရဲကျမှာကို ဆိုလိုတာပါ။

ဘဝသံသရာက မလွတ်မြောက်သေးသမျှကာလပတ်လုံး ယမမင်းဆိုတဲ့သေမင်းရဲ့ အာဏာစက်ကွင်းက ဘယ်တော့မှ မလွတ်မြောက်နိုင်ကြပါဘူး။

ယမမင်းဟာ အကုသိုလ်အကျိုးပေးကြောင့် ငရဲကိုရောက်လာကြသူတွေကိုကြည့်ပြီး သံဝေဂရနေတယ်တဲ့။ **“ငါသာ လူ့ဘဝကိုရပြီး ဗုဒ္ဓဘုရားရှင်ပွင့်ခိုက်နဲ့ ကြုံကြိုက်လို့ ဗုဒ္ဓတရားကို ကြားနာခွင့်ရရင် တရားထူးတရားမြတ်ကို သိရှိကျင့်သုံးခွင့်ရရင် သိပ်ကောင်းမှာပဲ”**လို့ အကြံဖြစ်ပေါ်ခဲ့တယ်တဲ့။

“ငရဲသားဘဝမှာ လက်တွေ့ဒုက္ခကြားက ပေါက်ဖွားလာတဲ့ တရားအသိ၊ တရားသတိနဲ့ ပြောတာပါ။ ရခဲလှတဲ့လူ့ဘဝကို ရနေကြတဲ့လူသားတွေအနေနဲ့ ကုသိုလ်ပြုဖို့အခွင့်အလမ်းတွေကို လက်လွှတ်အဆုံးရှုံး မခံသင့်ပါဘူး။ ကျွန်တော်တို့တစ်တွေကိုကြည့်။ ငရဲပြည်ရောက်မှ ဒါနပြုမယ်ဆိုလို့ ဖြစ်နိုင်သေးလားဗျာ။ ကိုယ့်ဒုက္ခနဲ့ကိုယ် မချိမဆံ့ခံစားနေတာ၊ အားလပ်ချိန်တောင်မရပါဘူး။ ဒယ်အိုးပေါ် ခေါင်းလေးတစ်ချက်ပြူလာတဲ့အချိန်လေးမှာသာ အချိန်လုပြီး သံဝေဂယူနေကြရတဲ့အဖြစ်ပါ”

ငရဲသားရဲ့ နောင်တရတဲ့ သံဝေဂစကားဟာ လောကမှာ အစားထိုးမရတဲ့အချိန်ကို ညွှန်းဆိုလိုက်တာပါ။ လူ့ဘဝတန်ဖိုးကို ပြလိုက်တာပါ။ နောင်မှရတဲ့ နောင်တတွေထဲမှာ ငရဲကျမှရတဲ့ နောင်တကတော့ မတွေးရဲစရာပါ။ ငရဲကြီးရှစ်ထပ်၊ အရံငရဲငယ်၊ ငရဲပေါင်းများစွာမှာ ဘယ်ငရဲမှ သက်သာတယ်ဆိုတာ မရှိပါဘူး။

**“ဒု–သ–န–သော”** ငရဲသားလေးယောက်ဟာ ကဿပဘုရားရှင်လက်ထက်ကတည်းက ငရဲခံခဲ့ကြရတာ ဂေါတမဘုရားပွင့်ချိန်ထိ လွတ်ရက်မရှိတာကို ကြည့်ရင် ဘယ်လောက်ထိ ဒုက္ခရောက်ခံစားနေကြရသလဲဆိုတာ မှန်းဆလို့တောင် မရနိုင်ပါဘူး။

အိမ်ထောင်ရေးဖောက်ပြန်မှုကို ထမင်းစားရေသောက်သလို ပြုမူဆက်ဆံကျင့်ကြံနေကြတဲ့ အမျိုးသား၊ အမျိုးသမီးတွေအနေနဲ့ **“ဒု–သ–န–သော”**ငရဲသားလေးယောက်ရဲ့ နောက်လိုက်တွေအဖြစ်နဲ့ လောဟကုမ္ဘီငရဲပြည်က ယူဇနာ ၆၀ ကျယ်ဝန်းတဲ့ ဒယ်အိုး(ကြေးအိုး)ကြီးထဲရောက်သွားမှာကို မကြောက်ကြဘူးလား။ ပွက်ပွက်ဆူနေတဲ့ ကြေးရည်၊ သံရည်ပူတွေထဲမှာ ငရဲနှစ်ပေါင်း ၆၀၀၀၀ ကြာမှ မျက်နှာကလေးတစ်ခဏပြူခွင့်ရမှာကို မကြောက်ကြဘူးလား။ သံဝေဂရယူနိုင်အောင် ဆရာဒေါက်တာဝင်းနိုင်ထွန်း(ရွှေဘို)က တရားအသိ၊ တရားသတိပေးတဲ့အနေနဲ့ ဓမ္မဒါန မျှဝေပေးလိုက်တာဖြစ်ပါကြောင်း ရေးသားလိုက်ပါတယ်။

❖ ငရဲသားဘဝမှာ လက်တွေ့ဒုက္ခကြားက ပေါက်ဖွားလာတဲ့ တရားအသိ၊ တရားသတိနဲ့ပြောတာပါ။ ရခဲလှတဲ့လူ့ဘဝကို ရနေကြတဲ့လူသားတွေအနေနဲ့ ကုသိုလ်ပြုဖို့အခွင့်အလမ်းတွေကို လက်လွှတ်အဆုံးရှုံး မခံသင့်ပါဘူး။ ကျွန်တော်တို့တစ်တွေကိုကြည့်။ ငရဲပြည်ရောက်မှ ဒါနပြုမယ်ဆိုလို့ ဖြစ်နိုင်သေးလားဗျာ။ ကိုယ့်ဒုက္ခနဲ့ကိုယ် မချိမဆံ့ခံစားနေတာ၊ အားလပ်ချိန်တောင်မရပါဘူး။ ဒယ်အိုးပေါ် ခေါင်းလေးတစ်ချက်ပြူလာတဲ့အချိန်လေးမှာသာ အချိန်လုပြီး သံဝေဂယူနေကြရတဲ့အဖြစ်ပါ။ ❖

# ၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

(ခ) ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## တွံတေးမြို့နယ်တွင် ကွမ်းနုဝါပိဿာ ၁၀၀ လျှင် ငွေကျပ် ၅၅၀၀၀၀ ထိ ဈေးကောင်းရရှိ

**ရန်ကုန် မတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် မတ်လအတွင်း ဒေသထွက် ကွမ်းနုဝါပိဿာ ၁၀၀ လျှင် ငွေကျပ် ၅၅၀၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း တွံတေးမြို့နယ် ကွမ်း၊ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းရှင် ဒေါ်သင်းသင်းခိုင်က ပြောပြ၍ သိရသည်။

တွံတေးမြို့နယ်တွင် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလက ကွမ်းနုဝါ ပိဿာ ၁၀၀ လျှင်ငွေကျပ်၂၀၀၀၀၀ မှ ၃၈၀၀၀၀ ထိသာ ဈေးရရှိခဲ့ပြီး မတ်လပထမပတ်မှ ယနေ့ထိ ကွမ်းနုဝါပိဿာ ၁၀၀ လျှင် ငွေကျပ် ၄၅၀၀၀၀ မှ ၅၅၀၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"ကွမ်းနုဝါကို တွံတေးမြို့နယ်မှာ အများအပြားစိုက်ပျိုးရောင်းချတာပါ။ အရင်လတွေက အခုလောက်ဈေးကောင်းမရခဲ့ဘူး။ တွံတေးဒေသထွက် ကွမ်းနုဝါတွေက အရည်အသွေးလဲကောင်းသလို သန့်လဲသန့်ပါတယ်။ အရင်လတွေတုန်းက ပိဿာ ၁၀၀ မှ အမြင့်ဆုံးငွေကျပ် ၃၈၀၀၀၀ ထိသာ ဈေးရရှိခဲ့တာပါ။ အခုနှစ် ကွမ်းနုဝါစိုက်ပျိုးတဲ့တောင်သူတွေနည်းတော့ ကွမ်းဈေးက ကောင်းလာတာဖြစ်ပါတယ်။ ရန်ကုန်ဘက်ကလဲ တွံတေးဒေသထွက် ကွမ်းနုဝါတွေကို ဝယ်လိုအားတက်နေပါတယ်။ အခုနှစ် ကွမ်းစိုက်ပျိုးရေးစရိတ်ကတအားကုန်ကျခဲ့တာ"ဟု တွံတေးမြို့နယ် ကွမ်း၊ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်သင်းသင်းခိုင်က ပြောပြသည်။

တွံတေးမြို့နယ်တွင် ဒေသထွက် ကွမ်းနုဝါရွက်များကို ရန်ကုန်သီရိမင်္ဂလာဈေးသို့ အများဆုံးတင်ပို့ရောင်းချနေကြောင်း၊ အဆိုပါဒေသတွင် ကွမ်းနုဝါစိုက်ပျိုးရေးလုပ်ငန်းကို ဒေသခံစိုက်ပျိုးရေးလုပ်ငန်းရှင်တစ်ဦးလျှင် တစ်ဧကမှ ခုနစ်ဧကထိ စိုက်ပျိုးကြကြောင်း တွံတေးမြို့နယ် ကွမ်း၊ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်သင်းသင်းခိုင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



## အောင်ပွဲဟူသည်

\- မြန်မာနိုင်ငံ တို့နိုင်ငံတည်း
မြန်မာပီပီ စိတ်တည်ကြည်၍
တိုင်းပြည်ကောင်းကျိုး သယ်ဆောင်ပိုးရန်
မျိုးချစ်သူများ ညီညွတ်အားဖြင့်
တို့များတပ်မတော် ပေါ်ခဲ့သည်။

\- လွတ်လပ်ရေးလမ်း ခက်စုံကြမ်းလည်း
မပန်းမမှု အောင်ပွဲပြုလျက်
ပြည်သူ့အတွက် ပျော်ရွှင်လျက်သာ
အသက်သွေးချွေး စဉ်မနှေးဘဲ
ပေးဆပ်သည်မှာ တပ်မတော်ပါ။

\- နယ်ချဲ့အောင်ပွဲ ပြည့်အောင်ပွဲမို့
အောင်ပွဲရွှင်ပြုံး ရှိမဆုံးတွင်
နှလုံးစိတ်ဝမ်း လွန်ညှိုးနွမ်းဖွယ်
ကြမ်းတမ်းစနစ် ထိုဖက်ဆစ်ကြောင့်
စစ်မှာတစ်မူ ချိန်မယူဘဲ
ပြည်သူတွက်တာ တိုက်ရပါသည်
စဉ်လာရှိတာ တပ်မတော်ပါ။

\- ဖက်ဆစ်တော်လှန် အောင်ပွဲခံသည့်
အားမာန်ပြည့်ဝ နွေ **မတ်လ**နှင့်
ရက်လှ **နှစ်ဆယ့်ခွန်** ရက်မြတ်မွန်ကို
ထူးချွန်မှတ်သား ပြည်သူ့အားဖြင့်
ဝင့်ကြွားနိုင်ပေ့ **"တပ်မတော်နေ့"**ဟု
မမေ့အစဉ်သာ ဂုဏ်ပြုပါ၏။

\- တပ်နှင့်ပြည်သူ ပြည်သူနှင့်တပ်
ထက်ကြပ်မကွာ ရှိနေပါလျှင်
ဘယ်မှာရန်သူ ဘယ်လိုထူစေ
ပူပင်ကင်းကွာ အောင်မြင်ရာတည်း
ပမာသက်သေ မတ်လနွေ။
တော်လှန်ရေးက ညွှန်းဆိုနေ။ ။

**အာကာမောင်မောင်**

## မြေပုံမြို့နယ် ဖလောင်းကျကျေးရွာ၌ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မြေပုံ မတ် ၂၃**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သောက်သုံးရေဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ဖလောင်းကျကျေးရွာ၌ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်လှမြင့်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ဖလောင်းကျကျေးရွာ၌ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးမောင်လှမြင့်က လုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။

မြေပုံမြို့နယ် ဖလောင်းကျကျေးရွာ၌ အကျယ် ရှစ်ပေ၊ အနက်ပေ ၂၀ ရှိ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၆ ဒသမ ၅ သန်း အသုံးပြု၍ မျိုးမြတ်ထည်ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဩဂုတ် ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်လှမြင့်ထံမှ သိရသည်။ **ကိုသန်း**

## လယ်ဝေးမြို့နယ် ရွှေကျင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် မတ် ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေကျင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို မတ် ၂၂ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးရခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။


ဆက်လက်၍ စီမံကိန်းတာဝန်ခံက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၀ ဒသမ ၆၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရွှေကျင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းနှင့်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၃ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၀ ဒသမ ၆၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

# နိုင်ငံတကာ သတင်းများ

## သမ္မတပူတင်ကို ဖမ်းဆီးရန်ကြိုးပမ်းမှုမှန်သမျှ စစ်ကြေညာမှုအဖြစ် မှတ်ယူမည်ဟု မက်ဗီဒက်ဗ် ပြောကြား



**မော်စကို မတ် ၂၃**

နိုင်ငံတကာ ရာဇဝတ်တရားရုံး (အိုင်စီစီ)၏ ဖမ်းဝရမ်းအရ သမ္မတပူတင်ကို ဖမ်းဆီးရန် ကြိုးစားမှုမှန်သမျှအား ရုရှားနိုင်ငံကို စစ်ကြေညာမှုအဖြစ် မှတ်ယူမည်ဖြစ်ကြောင်း ရုရှားသမ္မတဟောင်း အမျိုးသားလုံခြုံရေးကောင်စီဒုတိယဥက္ကဋ္ဌ မက်ဗီဒက်ဗ်က ယနေ့တွင် ပြောကြားခဲ့သည်။

ကလေး ရာပေါင်းများစွာကို ယူကရိန်းမှ နှင်ထုတ်ခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် အိုင်စီစီသည် မတ် ၁၇ ရက်တွင် ရုရှားသမ္မတပူတင်ကို ဖမ်းဝရမ်းထုတ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

သို့သော် အိုင်စီစီသည် မည်သည့်အရာကိုမျှ ဖြစ်မြောက်အောင် မလုပ်နိုင်သော ဥပဒေကြောင်းအရ အရေးမပါသည့် အဖွဲ့အစည်းမျှသာဖြစ်ကြောင်း မက်ဗီဒက်ဗ်က ဝေဖန်ခဲ့သည်။

ထို့ပြင် အိုင်စီစီ၏ ဖမ်းဝရမ်းကြောင့် သမ္မတပူတင်အား ဖမ်းဆီးရန် ကြိုးစားမှုများကို ရုရှားဖက်ဒရေးရှင်းအား စစ်ကြေညာမှုအဖြစ် မှတ်ယူတုံ့ပြန်မည် ဖြစ်ကြောင်း မက်ဗီဒက်ဗ်က သတိပေးခဲ့သည်။

ယူကရိန်း၌ စစ်ရာဇဝတ်မှုများ ကျူးလွန်နေသည်ဟူသော စွပ်စွဲချက်များကို ရုရှားအစိုးရက ပယ်ချထားပြီး ယူကရိန်းတပ်များ၏ စစ်ရာဇဝတ်မှုများကို အနောက်အုပ်စုနိုင်ငံများက မျက်ကွယ်ပြုနေကြောင်း ဝေဖန်ထားသည်။

ထို့ပြင် အိုင်စီစီ၏ ဖမ်းဝရမ်းကိုလည်း လက်သင့်ခံနိုင်ဖွယ်မရှိသော တစ်ဖက်သတ်လုပ်ရပ်အဖြစ် ရုရှားနိုင်ငံက ဝေဖန်ထားသည်။ KKO

## စပိန်ဝန်ကြီးချုပ် ဆန်းချက်ဇ် တရုတ်နိုင်ငံသို့ သွားရောက်မည်

**မက်ဒရစ် မတ် ၂၃**

တရုတ်သမ္မတ ရှီကျင့်ဖျင်၏ တရားဝင်ဖိတ်ကြားချက်အရ စပိန်ဝန်ကြီးချုပ် ပက်ဒရိုဆန်းချက်ဇ်သည် လာမည့်ရက်သတ္တပတ်အတွင်း တရုတ်နိုင်ငံသို့သွားရောက်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။


တရုတ်သမ္မတ ရှီကျင့်ဖျင်၏ အလည်အပတ် ဖိတ်ကြားချက်ကို စပိန်ပြည်တွင်း သတင်းစာတစ်စောင်ဖြစ်သည့် အယ်လ်ပါးအစ်သတင်းစာက မတ် ၂၂ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီး စပိန်သမ္မတရုံးဝန်ကြီးဌာနဝန်ကြီး ဖီးလစ်ဘိုလာနော့ခ်က ယနေ့တွင် အတည်ပြုခဲ့သည်။

သမ္မတရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ ဝန်ကြီးချုပ် ဆန်းချက်ဇ်အနေဖြင့် လာမည့်ရက်သတ္တပတ်အတွင်း တရုတ်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း စပိန်သမ္မတရုံးဝန်ကြီးက ပြောကြားခဲ့သည်။

ဝန်ကြီးချုပ် ဆန်းချက်ဇ်၏ တရုတ်ခရီးစဉ်သည် စီးပွားရေးအရ ကြည့်ပါက အလွန်အရေးကြီးကြောင်း သမ္မတရုံးဝန်ကြီး ဖီးလစ်ဘိုလာနော့ခ်က သုံးသပ်ထားသည်။

စပိန်ဝန်ကြီးချုပ် ဆန်းချက်ဇ်သည် မတ် ၃၀ ရက်တွင် တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ်၌ ကျင်းပမည့် အာရှစီးပွားရေးဖိုရမ်တစ်ခုသို့ တက်ရောက်မည်ဖြစ်ပြီး မတ် ၃၁ ရက်တွင် ပေကျင်းသို့ ဆက်လက်ထွက်ခွာ၍ တရုတ်သမ္မတရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

စပိန်ဝန်ကြီးချုပ်နှင့် တရုတ်သမ္မတတို့သည် ၂၀၂၂ ခုနှစ် နိုဝင်ဘာလအတွင်း အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ကျင်းပခဲ့သည့် ဂျီ-၂၀ ထိပ်သီးညီလာခံတွင် နောက်ဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ KKO



## အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မိုဒီအပေါ် အသရေဖျက်မှုစွဲချက်ဖြင့် အတိုက်အခံခေါင်းဆောင် ရာဟူးလ်ဂန္ဒီကို ထောင်ဒဏ်နှစ်နှစ်ချမှတ်

**ဒေလီ မတ် ၂၃**

၂၀၁၉ ခုနှစ်အတွင်း ပြောကြားခဲ့သော မိန့်ခွန်းတစ်ရပ်၌ လက်ရှိဝန်ကြီးချုပ်မိုဒီအပေါ် အသရေဖျက်မှုဖြင့် အတိုက်အခံခေါင်းဆောင် ရာဟူးဟ်ဂန္ဒီကို အိန္ဒိယတရားရုံးတစ်ရုံးက ယနေ့တွင် ထောင်ဒဏ်နှစ်နှစ် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ တရားစီရင်ချက်ကို လက်ရှိဝန်ကြီးချုပ် မိုဒီ၏ မွေးရပ်မြေဖြစ်သော ဂူဂျာရတ်ပြည်နယ် ဆူရက်မြို့တရားရုံးက ချမှတ်ခဲ့ခြင်း ဖြစ်သည်။

အဓိက အတိုက်အခံပါတီဖြစ်သော ကွန်ဂရက်ပါတီ၏ ထိပ်တန်းခေါင်းဆောင်တစ်ဦး ဖြစ်သလို နေရူး-ဂန္ဒီမိသားစု၏ နိုင်ငံရေးအမွေခံလည်းဖြစ်သော ရာဟူးလ်ဂန္ဒီအနေဖြင့် ဆူရက်မြို့တရားရုံး၏ စီရင်ချက်ကို အထက်တရားရုံးတစ်ရုံး၌ အယူခံဝင်ရန် စီစဉ်ထားသည်။

ဆူရက်တရားရုံးသည် ရာဟူးလ်ဂန္ဒီကို ထောင်ဒဏ်နှစ်နှစ်ချမှတ်ခဲ့ပြီးနောက် ချက်ချင်းအာမခံဖြင့် ပြန်လွှတ်ခဲ့ပြီး ပြစ်ဒဏ်ခံစားရမည့် အချိန်ကိုလည်း တစ်လကြာဆိုင်းငံ့ပေးခဲ့သည်။

ရာဟူးလ်ဂန္ဒီသည် ၂၀၁၉ ခုနှစ်အတွင်း ပြောကြားခဲ့သည့် မိန့်ခွန်းတစ်ရပ်တွင် လက်ရှိဝန်ကြီးချုပ်ကဲ့သို့ပင် မိုဒီဟူသောအမည်နာမများရှိကြသည့် အိန္ဒိယဝရမ်းပြေး စီးပွားရေးလုပ်ငန်းရှင်များကို သူခိုးများဟူ၍ ဝေဖန်ခဲ့သည်။

ဝန်ကြီးချုပ်မိုဒီအပေါ် အသရေဖျက်မှုဖြင့်တရားစွဲဆိုမှုသည် လက်ရှိအာဏာရအစိုးရ၏သူ့ရဲဘောကြောင်သောလုပ်ရပ်များသာ ဖြစ်သည်ဟု ကွန်ဂရက်ပါတီက ဆူရက်တရားရုံး ပြစ်ဒဏ်စီရင်ချက်ကို ဝေဖန်ထားကြောင်း သိရသည်။ KKO

## ဆော်ဒီနှင့် အီရန် နိုင်ငံခြားရေးဝန်ကြီးများ မကြာမီကာလအတွင်း တွေ့ဆုံဆွေးနွေးမည်

**ရီယာ့ဒ် မတ် ၂၃**

ဆော်ဒီအာရေဗျနိုင်ငံခြားရေးဝန်ကြီး ဖိုင်ဆယ်ဘင်ဖာဟန်းအယ်လ်ဆော့ဒ်နှင့် အီရန်နိုင်ငံခြားရေးဝန်ကြီး ဟိုစိန်အမီရာအက်ဘ်ဒူလာဟီယန်တို့သည် မကြာမီကာလအတွင်း တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆော်ဒီနှင့်အီရန် နိုင်ငံခြားရေးဝန်ကြီးတို့၏ အဆိုပါ ဆွေးနွေးပွဲသည် ပုံမှန်သံတမန်ဆက်ဆံရေး ပြန်လည်ထားရှိမှု သဘောတူညီချက်အရ သံရုံးများပြန်လည်ဖွင့်လှစ်ရေးအတွက် လမ်းစဖွင့်ပေးမည်ဖြစ်ကြောင်း ဆော်ဒီနိုင်ငံပိုင်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ယခုလအစောပိုင်းတွင် ဆော်ဒီအာရေဗျနှင့် အီရန်တို့သည် နှစ်အတန်ကြာ ပြတ်တောက်ခဲ့ရသော နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ပြန်လည်စတင်ရန် သဘောတူထားကြသည်။

သံတမန်ဆက်ဆံရေး ပြတ်တောက်နေစဉ် ကာလအတွင်း ဆော်ဒီအာရေဗျနှင့် အီရန်တို့ကြားရန်လိုမှုများသည် ပင်လယ်ကွေ့ဒေသ တည်ငြိမ်ရေးနှင့်လုံခြုံရေးတို့ကို ခြိမ်းခြောက်ခဲ့သည်။

အီရန်နှင့်ဆော်ဒီနိုင်ငံခြားရေးဝန်ကြီးများသည် မွတ်စလင်များ၏ ရာမဒန်ဥပုသ်ကာလအထိမ်းအမှတ်အဖြစ် ယနေ့တွင် ဖုန်းခေါ်ဆိုဆွေးနွေးခဲ့ပြီး မကြာမီကာလအတွင်း တွေ့ဆုံဆွေးနွေးရန် သဘောတူခဲ့ကြကြောင်း အီရန်အစိုးရ မီဒီယာများက အတည်ပြုထားသည်။

တီဟီရန်မြို့ရှိ ဆော်ဒီသံရုံး တိုက်ခိုက်ခံခဲ့ရပြီးနောက် ၂၀၁၆ ခုနှစ်မှစ၍ ပြတ်တောက်ခဲ့ရသည့် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးပြန်လည်ထားရှိရန် တရုတ်နိုင်ငံ၏ ကြားဝင်ညှိနှိုင်းမှုဖြင့် အီရန်နှင့် ဆော်ဒီတို့က သဘောတူခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။ KKO

## ကူရိုင်းကျွန်းစု၌ ကမ်းရိုးတန်းကာကွယ်ရေးဒုံးကျည်စနစ်တပ်ခွဲတစ်ခွဲ ရုရှားဖြန့်ကြက်

**မော်စကို မတ် ၂၃**

ကူရိုင်းကျွန်းစုဒေသအတွင်းရှိ ကျွန်းတစ်ကျွန်းဖြစ်သော ပါရာမူရှီရာအမည်ရှိ ကျွန်းပေါ်သို့ ဘက်ရှင်းအမျိုးအစား ကမ်းရိုးတန်းကာကွယ်ရေးဒုံးကျည်စနစ် တပ်ခွဲတစ်ခွဲကို ရုရှားနိုင်ငံက ဖြန့်ကြက်ထားကြောင်း ရိုက်တာသတင်းဌာနက မတ် ၂၂ ရက်တွင် ဖော်ပြခဲ့သည်။

ပါရာမူရှီရာ ကျွန်းပေါ်၌ ဘက်ရှင်းကမ်းရိုးတန်းကာကွယ်ရေးစနစ်များ ဖြန့်ကြက်ထားမှုကို ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေးရှွိုင်ဂူးက မတ် ၂၂ ရက်တွင် အတည်ပြုခဲ့ခြင်းဖြစ်သည်။

ပစိဖိတ်သမုဒ္ဒရာမြောက်ပိုင်း၌ တည်ရှိသည့် ကူရိုင်းကျွန်းစုဒေသကို ရုရှားနိုင်ငံက လက်ရှိတွင် ထိန်းချုပ်ထားသော်လည်း ယင်းကျွန်းစုဒေသအား ဂျပန်နိုင်ငံကလည်း ပိုင်ဆိုင်ခွင့် တောင်းဆိုထားကြောင်း သိရသည်။



တရုတ်နှင့်ရုရှားကို ပိတ်ဆို့ထိန်းချုပ်ထားရန် အမေရိကန်၏ ကြိုးပမ်းမှုများကို တုံ့ပြန်သည့်အနေဖြင့် ရုရှားအရှေ့ဘက်ဖျားဒေသများ၌ ကာကွယ်ရေးစနစ်များ ခိုင်မာလာစေရေးအတွက် ပါရာမူရှီရာကျွန်းပေါ်တွင် လေကြောင်းရန်ကာကွယ်ရေးစနစ်များ ဖြန့်ကြက်ထားခြင်းဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးက မတ် ၂၂ ရက်တွင် ကျင်းပခဲ့သည့် ထိပ်တန်းတပ်မှူးများ အစည်းအဝေး၌ ပြောကြားခဲ့သည်။

ဘက်ရှင်းကမ်းရိုးတန်းကာကွယ်ရေး ဒုံးကျည်စနစ်များသည် ကူရိုင်းကျွန်းစုဝန်းကျင် လုံခြုံရေးကို မြှင့်တင်ပေးနိုင်မည်ဟု ဆာဂေးရှွိုင်ဂူးက ပြောကြားထားကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## ရီယိုဂူးဂြိုဟ်သိမ်ထံမှ ရယူထားသော ကျောက်သားနမူနာများ၌ ဇီဝအခြေခံပစ္စည်းတချို့တည်ရှိနေမှု သိပ္ပံပညာရှင်များဖော်ထုတ်တွေ့ရှိ



**တိုကျို မတ် ၂၃**

ရီယိုဂူးဂြိုဟ်သိမ်ထံမှရယူထားသော ကျောက်သားနမူနာများ၌ ဇီဝအခြေခံပစ္စည်းတချို့တည်ရှိနေမှုကို သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိထားကြောင်း ယူပီအိုင်သတင်းဌာနက မတ် ၂၂ ရက်က ရေးသားတင်ပြထားသည်။

ရီယိုဂူးဂြိုဟ်သိမ် ကျောက်သားနမူနာများကို ဂျပန်အာကာသ အေဂျင်စီ၏ ဟာယာဘူတာ-၂ အာကာသယာဉ်က ၂၀၁၈ ခုနှစ်တွင် ရယူခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာပေါ်သို့ ပြန်ပို့ပေးနိုင်ခဲ့သည်။

ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုး တက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အဆိုပါ ရီယိုဂူးဂြိုဟ်သိမ် ကျောက်သားနမူနာများထဲတွင် Uracil နှင့် Nicotinic Acid ခေါ် ဇီဝအခြေခံပစ္စည်းများ တည်ရှိနေကြောင်း သိရသည်။

အဆိုပါ ဇီဝအခြေခံပစ္စည်းနှစ်မျိုးအနက် Uracil သည် ရိဘိုနျူကလီးအစ် အက်စစ်အတွက် အရေးကြီးသည့် ဇီဝအခြေခံပစ္စည်းဖြစ်ကြောင်း ဂျပန်သိပ္ပံပညာရှင်များက ပြောကြားသည်။

ရီယိုဂူးဂြိုဟ်သိမ် ကျောက်သားနမူနာများသည် သက်တမ်းအားဖြင့် နှစ်ပေါင်း ၄ ဒသမ ၅ ဘီလီယံထိရှိရာ ဓာတ်ခွဲခန်းအတွင်း လေ့လာဖူးသမျှ ရှေးအကျဆုံးအာကာသဒြပ်ထုများဖြစ်သည်။

ဂျပန် သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်ကြောင့် ကမ္ဘာပေါ်တွင် သက်ရှိများဖြစ်ပေါ်ရေးအတွက် လိုအပ်သည့်ဇီဝအခြေခံပစ္စည်းများမှာ အာကာသဟင်းလင်းပြင်ထဲမှ ရောက်ရှိလာသည်ဆိုသော အဆိုကို ထောက်ခံလျက်ရှိကြောင်း သိရသည်။ KKO

## နာဆာ၏ SWOT ရာသီဥတုပြောင်းလဲမှုလေ့လာရေးဂြိုဟ်တု ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိတော့မည်

**ဝါရှင်တန် မတ် ၂၃**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ SWOT အမည်ရှိ ရာသီဥတုပြောင်းလဲမှု လေ့လာရေးဂြိုဟ်တုသည် စူးစမ်းလေ့လာရေးစနစ် ပြဿနာတစ်ရပ်ရှိခဲ့ပြီးနောက် ယခုအခါ ပုံမှန်အနေအထားသို့ ပြန်လည် ရောက်ရှိတော့မည်ဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၂၂ ရက်က ရေးသားတင်ပြထားသည်။

SWOT ဂြိုဟ်တု၌ တပ်ဆင်ထားသော KARIN အမည်ရှိ ရေဒါစနစ်မှာ ယခုနှစ် ဇန်နဝါရီလမှစ၍ လည်ပတ်မှုရပ်ဆိုင်းခဲ့ရသည်။

သို့ရာတွင် မြေပြင်ကျွမ်းကျင် ဝန်ထမ်းများက KARIN ရေဒါစနစ်ကို ပြန်ဖွင့်ပေးနိုင်ခဲ့သည်ဟု နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။



KARIN ရေဒါစနစ်၌ ပေါ်ထွက်ခဲ့သည့်ပြဿနာနှင့် ပတ်သက်၍ နာဆာကြေညာချက်တွင် အသေးစိတ်ဖော်ပြထားခြင်းမရှိပေ။

KARIN ရေဒါစနစ်ကို ပြန်ဖွင့်နိုင်ခဲ့ပြီးနောက် SWOT ဂြိုဟ်တုအနေဖြင့် စူးစမ်းလေ့လာရေးလုပ်ငန်းများကို ယခုနှစ် ဧပြီလအတွင်း ပြန်လည်စတင်နိုင်ဖွယ်ရှိကြောင်း သိရသည်။

KARIN ရေဒါစနစ်သည် SWOT ဂြိုဟ်တု၏ အဓိကစူးစမ်းလေ့လာရေးစနစ်ဖြစ်ပြီး ရေဒါလှိုင်းများကိုထုတ်လွှတ်၍ တန်ပြန်လှိုင်းများအား ဖမ်းယူလေ့လာပေးသော စနစ်ဖြစ်သည်။ KKO

## နာဆာ၏အင်ဂျီန်နူတီရဟတ်ယာဉ် အင်္ဂါဂြိုဟ်လေထုလွှာအတွင်း ၄၈ ကြိမ်မြောက် ကင်းထောက်ပျံသန်းမှုပြုလုပ်ခဲ့

**ဝါရှင်တန် မတ် ၂၃**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ အင်ဂျီန်နူတီရဟတ်ယာဉ်သည် အင်္ဂါဂြိုဟ်လေထုလွှာအတွင်း ၄၈ ကြိမ်မြောက် ကင်းထောက်ပျံသန်းမှုပြုလုပ်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၂၂ ရက်က ရေးသားတင်ပြထားသည်။

အင်ဂျီန်နူတီရဟတ်ယာဉ်သည် ၄၈ ကြိမ်မြောက် ကင်းထောက်ပျံသန်းမှုကို မတ် ၂၁ ရက်က ပြုလုပ်ခဲ့ပြီး ပျံသန်းချိန်စက္ကန့် ၁၅၀ ခန့်ကြာမြင့်ခဲ့သည်ဟု နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

၄၈ ကြိမ်မြောက် အင်္ဂါဂြိုဟ် ကင်းထောက်ပျံသန်းမှုအတွင်း အင်ဂျီန်နူတီရဟတ်ယာဉ်သည် အမြင့် ၃၉ ပေထိ တက်ရောက်၍ ပေ ၁၃၀၀ ခန့်အကွာအဝေးကို တစ်နာရီ ၁၀ ဒသမ ၄ မိုင်အမြန်နှုန်းဖြင့် ပျံသန်းခဲ့ကြောင်း သိရသည်။

အဆိုပါကင်းထောက်ပျံသန်းမှုအတွင်း အင်ဂျီန်နူတီရဟတ်ယာဉ်သည် ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ် မျက်နှာပြင် လေ့လာရေးယာဉ်အတွက် ပစ်မှတ်သစ်များ ရှာဖွေပေးခဲ့သည်။

အင်ဂျီန်နူတီ ရဟတ်ယာဉ်နှင့် ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်တို့သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် အင်္ဂါဂြိုဟ် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ ဆင်းသက်ခဲ့ကြသည်။

အင်ဂျီန်နူတီ ရဟတ်ယာဉ်သည် အင်္ဂါဂြိုဟ် လေထုလွှာအတွင်း ပျံသန်းနိုင်သည့် ပထမဆုံးရဟတ်ယာဉ်ဖြစ်ကြောင်း သိရသည်။ KKO

# HEALTH

## WHO က ကမ္ဘာ့နိုင်ငံပေါင်း ၂၀ ကျော်တွင် ကာလဝမ်းရောဂါဖြစ်ပွားနေဟု ကြေညာ

**ဂျီနီဗာ မတ် ၂၃**

ကမ္ဘာကြီး ရင်ဆိုင်နေရသော ကာလဝမ်းရောဂါ ဖြစ်ပွားမှုမှာ အခြေအနေ ပို၍ဆိုးရွားလာပြီး လက်ရှိအချိန်တွင် နိုင်ငံပေါင်း ၂၀ ကျော်တို့၌ ကာလဝမ်းရောဂါများ ဖြစ်ပွားနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ အဆိုကို ကိုးကား၍ ယူပီအိုင်သတင်းဌာနက မတ် ၂၂ ရက်က ရေးသားတင်ပြထားသည်။

WHO ၏အဆိုအရ လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံပေါင်း ၂၄ နိုင်ငံတို့၏ ကာလဝမ်းရောဂါများ ကူးစက်ဖြစ်ပွားနေကြောင်း သိရသည်။

ကာလဝမ်းရောဂါအဖြစ်အများဆုံး ကမ္ဘာ့ဒေသမှာ အာဖရိကအရှေ့တောင်ပိုင်းဒေသဖြစ်သည်ဟု WHO ကြေညာချက်၌ ဖော်ပြထားကြောင်း သိရသည်။

အလားတူ ကာလဝမ်းရောဂါဖြစ်ပွားနေသည့် နိုင်ငံအများအပြား၌ အဆိုပါရောဂါကြောင့် သေဆုံးမှုနှုန်းမှာလည်း မြင့်မားနေကြောင်း WHO က သတိပေးထားသည်။

ကာလဝမ်းရောဂါသည် Vibrio Cholerae အမည်ရှိ ဗက်တီးရီးယားပိုးကူးစက်မှုကြောင့် ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါဖြစ်ကြောင်း သိရသည်။

ကာလဝမ်းရောဂါလူနာ ၁၀ ဦးလျှင် တစ်ဦးမှာ ပြင်းထန်သည့် ရောဂါလက္ခဏာများ ခံစားရတတ်ကြောင်း ဆေးပညာရှင်များ၏ အဆိုအရ သိရသည်။ KKO

## ပါကင်ဆန်လူနာများ၏ သွားလာနိုင်စွမ်းကို လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် မြှင့်တင်ပေးနိုင်

**ဘာလင် မတ် ၂၃**

လေ့ကျင့်ခန်းပြုလုပ်မှုသည် ပါကင်ဆန်ရောဂါလူနာများ၏ သွားလာလှုပ်ရှားနိုင်စွမ်းကို မြှင့်တင်ပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က မတ် ၂၂ ရက်က ရေးသားတင်ပြထားသည်။

မည်သည့်လေ့ကျင့်ခန်းမျိုးကို မဆို ပြုလုပ်မှုသည် မည်သည့်လေ့ကျင့်ခန်းမျှ မလုပ်သည်ထက် ပါကင်ဆန်ရောဂါ လူနာများ၏ ကျန်းမာရေးကို အထောက်အကူပြုနိုင်ကြောင်း ဂျာမနီနိုင်ငံ ကိုလုန်းတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ဂျာမနီ သုတေသနပညာရှင်များသည် ပါကင်ဆန်လူနာ ၈၀၀၀ ခန့်၏ လေ့ကျင့်ခန်းပြုလုပ်မှုပုံစံနှင့် ကျန်းမာရေး အခြေအနေတို့ကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ လေ့ကျင့်ခန်းပုံစံအမျိုးမျိုးသည် ပါကင်ဆန်ရောဂါ လူနာများ၏ လှုပ်ရှားသွားလာနိုင်စွမ်းကို အတိုင်းအဆအမျိုးမျိုးဖြင့် မြှင့်တင်ပေးနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ပါကင်ဆန်ရောဂါကို ကုသ၍ မရနိုင်သော်လည်း လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် ရောဂါလက္ခဏာများကိုလျှော့ချရာတွင် အထောက်အကူရနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

ပါကင်ဆန်ရောဂါသည် အသက် ၆၀ အထက်ရှိသူများ၌ ဖြစ်ပွားတတ်သော ဗဟိုအာရုံနာ့ဗ်ဆဲလ်စနစ် ပျက်စီးမှုရောဂါပုံစံတစ်မျိုးဖြစ်ကြောင်း သိရသည်။

ပါကင်ဆန်ရောဂါ လက္ခဏာများထဲတွင် တစ်ကိုယ်လုံးတုန်ခါနေတတ်ခြင်း၊ ကြွက်သားများမာတောင့်ခြင်း၊ ကိုယ်ဟန်ချက် မထိန်းနိုင်တော့ခြင်း စသည့်လက္ခဏာများ ပါဝင်ပြီး စိတ်ပိုင်းဆိုင်ရာ ပြဿနာများလည်း ရှိလာတတ်ကြောင်း သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ယူရို၂၀၂၄ ခြေစစ်ပွဲအုပ်စုအဆင့် ပွဲကြိုသုံးသပ်ချက်များ

ML

**အာမေးနီးယား Vs တူရကီ**

**ကစားမည့်ရက်/အချိန် ၂၅-၃-၂၀၂၃ (ည ၁၁:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မရှိ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အာမေးနီးယား | – | ဝေး(ရှုံး) | ဝေး(သရေ) | ဝေး(ရှုံး) |
| တူရကီ | – | ဝေး(ရှုံး) | အိမ်(နိုင်) | အိမ်(နိုင်) |

အာမေးနီးယားအသင်းဟာ ကစားသမားစုဖွဲ့မှုအားနည်းချက်တွေကြောင့် ခံစစ်ပိုင်းက ပေးဂိုး ခုနစ်ဂိုးရှိခဲ့ပါတယ်။ တူရကီအသင်းကတော့ အသင်းလိုက်ကစားအားကောင်းသလို ဥရောပကလပ်တွေမှာ ကစားနေတဲ့ ခြေစွမ်းပြကစားသမားတွေ ပိုင်ဆိုင်ထားတာကြောင့် တိုက်စစ်ထက်မြက်နေတာကိုတွေ့ရမှာပါ။ ဒါကြောင့် နိုင်ပွဲရယူမဲ့ တူရကီကို အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – အာမေးနီးယား ၁ – ၂ တူရကီ**

**အစ္စရေး Vs ကိုဆိုဗို**

**ကစားမည့်ရက်/အချိန် ၂၅-၃-၂၀၂၃ (ည ၁၁:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မရှိ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အစ္စရေး | – | ဝေး(ရှုံး) | အိမ်(နိုင်) | အိမ်(ရှုံး) |
| ကိုဆိုဗို | – | အိမ်(နိုင်) | အိမ်(သရေ) | အိမ်(သရေ) |

အိမ်ကွင်းတိုက်စစ်ကောင်းတဲ့ အစ္စရေးအသင်းဟာ နောက်ဆုံးအိမ်ကွင်းသုံးပွဲမှာ နှစ်ပွဲနိုင်ထားပြီး သွင်းဂိုးရှစ်ဂိုးထိရရှိခဲ့တာဖြစ်ပါတယ်။ ကိုဆိုဗိုအသင်းကတော့ ကစားပုံမာကျောပေမဲ့ စုဖွဲ့မှုအားနည်းချက်နဲ့ အဝေးကွင်းဖြစ်နေတာကြောင့် အခုပွဲစဉ်မှာရှုံးကန်ရမှာပါ။ ဒါကြောင့် တိုက်စစ်မြင့်ကစားလာမဲ့ အစ္စရေးအသင်းပဲ အနိုင်ရသွားမှာပါ။

**အင်တာနက်ခန့်မှန်း – အစ္စရေး ၂ – ၀ ကိုဆိုဗို**

**အန်ဒိုရာ Vs ရိုမေးနီးယား**

**ကစားမည့်ရက်/အချိန် ၂၆-၃-၂၀၂၃ (နံနက် ၀၂:၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အန်ဒိုရာ ၀ – ၄ ရိုမေးနီးယား**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အန်ဒိုရာ | – | အိမ်(သရေ) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| ရိုမေးနီးယား | – | အိမ်(နိုင်) | အိမ်(ရှုံး) | ဝေး(နိုင်) |

အန်ဒိုရာအသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာခံစစ်အသားပေးကစားနေပေမဲ့ ကစားသမားတွေ အမှားများနေတာကြောင့် နိုင်ပွဲမရသေးတာကို တွေ့ရမှာပါ။ ရိုမေးနီးယားအသင်းကတော့ နောက်ဆုံးသုံးပွဲမှာ သွင်းဂိုး ၁၀ ဂိုးထိသွင်းယူနိုင်ခဲ့ပြီး ခြေစွမ်းထက်မြက်နေတာကြောင့် အန်ဒိုရာအသင်းပွဲချိန်ပြည့် ထိန်းချုပ်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် ထိပ်တိုက်တွေ့ဆုံမှုအားကောင်းတဲ့ ရိုမေးနီးယားအသင်းပဲ အနိုင်ရမှာပါ။

**အင်တာနက်ခန့်မှန်း – အန်ဒိုရာ ၀ – ၂ ရိုမေးနီးယား**

## အားကစားသတင်း အတိုအထွာများ

- လာဘ်ပေးလာဘ်ယူမှုကြောင့် တရားစွဲဆိုခံထားရသည့် ဘာစီလိုနာအသင်းအနေဖြင့် ပြစ်မှုထင်ရှားကြောင်းတွေ့ရှိခဲ့ပါက လာမည့်နှစ်တွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိမည်မဟုတ်ကြောင်း ယူအီးအက်ဖ်အေက အတည်ပြုထုတ်ပြန်ခဲ့သည်။
- ပီအက်စ်ဂျီအသင်းက ကွင်းလယ်ကစားသမားရီနာတိုဆန်းချက်ကို လာမည့်နွေရာသီအပြောင်းအရွှေ့တွင် ထွက်ခွာခွင့်ပြုမည်ဟုထုတ်ပြန်ခဲ့ပြီးနောက် ဥရောပထိပ်သီးကလပ်အသင်းများက ၎င်းကိုခေါ်ယူရန် အပြိုင်ကမ်းလှမ်းခဲ့ကြောင်း သိရသည်။
- ချဲလ်ဆီးအသင်းကချီးမားအသင်းတိုက်စစ်မှူး အေဘာရာဟမ်ကို တိုက်စစ်မှူး လူကာကူနှင့် အလဲအထပ်ပြုလုပ်၍ ပြန်လည်ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ML

# ပရီးမီးယားလိဂ် အဆင့်(၄) ရရှိသည့်အသင်းအနေဖြင့် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် မသေချာဟုဆို




**လန်ဒန် မတ် ၂၃**

ယခုနှစ် ဘောလုံးရာသီတွင် ပရီးမီးယားလိဂ် အမှတ်ပေးဇယား အဆင့်(၄)တွင် ရပ်တည်နိုင်သည့် အသင်းအနေဖြင့် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် သေချာမည်မဟုတ်ကြောင်း The Sun သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ ပရီးမီးယားလိဂ် အမှတ်ပေးဇယားတွင် အဆင့်(၁)မှ အာဆင်နယ်အသင်းနှင့် အဆင့်(၂)မှ မန်စီးတီးအသင်းတို့က ချန်ပီယံဆုရရှိရန် အကြိတ်အနယ်ယှဉ်ပြိုင်နေရပြီး အဆင့်(၃) နှင့် အဆင့်(၄) မန်ယူအသင်းနှင့် စပါးအသင်းတို့က တတိယနေရာအတွက် ကစားနေရသော်လည်း မန်ယူအသင်းသည် ယူရိုပါလိဂ်ပြိုင်ပွဲတွင် ကွာတား ဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့ကာ ချန်ပီယံဆုဆွတ်ခူးနိုင်ရန် ရေပန်းစားနေသည့်အပြင် အဆင့် (၁၀) နေရာမှ ချဲလ်ဆီးအသင်းသည်လည်း ချန်ပီယံလိဂ်ကွာတား ဖိုင်နယ်အဆင့်ထိ တက်ရောက်ခဲ့ကာ ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့ပါက အဆင့် (၄) နေရာရရှိမည့် အသင်းအနေဖြင့် လာမည့်နှစ်တွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် မသေချာကြောင်း သိရသည်။

ပရီးမီးယားလိဂ် ပွဲစဉ် ၂၆ ပွဲ ကစားအပြီးတွင် အဆင့် (၅) မှ နယူးကာဆယ်ကရမှတ် ၄၇ မှတ်၊ အဆင့်(၆)၊ (၇)၊ (၈) တွင် ရပ်တည်နေသည့် လီဗာပူး၊ ဘရိုက်တန်၊ ဘရန့်ဖို့ဒ်အသင်းတို့က ရမှတ် ၄၂ မှတ်စီဖြင့် ဂိုးကွာခြားချက်ဖြင့် အစဉ်လိုက် ရပ်တည်နေကာ အဆင့် (၄) မှ စပါးအသင်းနှင့် ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေသောကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် မျှော်လင့်ချက်ရှိနေသော်လည်း မန်ယူအသင်းနှင့် ချဲလ်ဆီးအသင်းတို့ ဆုဖလားရရှိခဲ့ပါက အဆင့်(၄) နေရာတွင် ရပ်တည်နိုင်မည့် အသင်းအနေဖြင့် ချန်ပီယံလိဂ်ဝင်ခွင့်နှင့် လွဲချော်မည်ဖြစ်ကြောင်း သိရသည်။ ML

# အဖျားရောဂါကြောင့် နယ်သာလန်အသင်းကစားသမားစာရင်းမှ တိုက်စစ်မှူး ဂတ်ပို နုတ်ထွက်

**အမ်စတာဒမ် မတ် ၂၃**

နယ်သာလန်အသင်း တိုက်စစ်ကစားသမား ဂတ်ပိုသည် အဖျားရောဂါခံစားခဲ့ရသည့်အတွက် ယူရိုပြိုင်ပွဲခြေစစ်ပွဲကစားမည့် နယ်သာလန်အသင်း ကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ရကြောင်း The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလက ပီအက်စ်ဗွီအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည့် ဂတ်ပိုသည် လီဗာပူးအသင်းတွင် အကောင်းဆုံး ခြေစွမ်းပြသလျက်ရှိနေသည့်အတွက် နည်းပြ ရော်နယ်ကိုးလ်မန်း၏ ယူရိုပြိုင်ပွဲ ခြေစစ်ပွဲကစားမည့် နယ်သာလန်အသင်း ကစားသမားစာရင်းတွင် ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။

သို့သော် ဂတ်ပိုသည် နယ်သာလန်အသင်းနှင့်သွားရောက်ပူးပေါင်းစဉ် အဖျားရောဂါခံစားခဲ့ရပြီး ကြံ့ခိုင်မှုပိုင်း အားနည်းခဲ့သည့်အတွက် နယ်သာလန်အသင်း ကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ရပြီး စိုးရိမ်ဖွယ်ရာမရှိသော်လည်း ဆေးကုသမှုခံယူလျက်ရှိနေသည်။

ဂတ်ပိုသည် နယ်သာလန်အသင်း ကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ရပြီးနောက် ဆေးကုသမှုခံယူပြီး ပြန်လည်ကျန်းမာလာလျှင် လီဗာပူးအသင်းနှင့် သွားရောက်ပူးပေါင်းမည်ဖြစ်ပြီး အဖျားရောဂါမှာ စိုးရိမ်ဖွယ်ရာမရှိသည့်အတွက် နယ်သာလန်အသင်း ကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ရသော်လည်း ဧပြီ ၁ ရက်တွင်ကစားမည့် လီဗာပူးအသင်းနှင့် မန်စီးတီးအသင်းတို့ ပွဲစဉ်ကို ပြန်လည်ပါဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။



STA

# World Golf Championships-Dell Technologies Match Play ဂေါက်သီးရိုက်ပြိုင်ပွဲအဖွင့်ပွဲစဉ်တွင် စကော့တီရှက်ဖလာ အနိုင်ရရှိ

**တက္ကဆက် မတ် ၂၃**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် ကျင်းပနေသည့် World Golf Championships-Dell Technologies Match Play ဂေါက်သီးရိုက်ပြိုင်ပွဲအုပ်စု (က) ၏ ပထမပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့် (၁) တင်းနစ်ကစားသမားစကော့တီရှက်ဖလာနှင့်ဒါဗစ်ရီလေတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စကော့တီရှက်ဖလာသည် တစ်ချက်အသာဖြင့် အနိုင်ရရှိသွားခဲ့ကြောင်း Nord News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စကော့တီရှက်ဖလာသည် အနိုင်ရလဒ်ကို ရရှိခဲ့သော်လည်း စွမ်းဆောင်ရည်ပိုင်းက အကောင်းဆုံးပုံစံတွင် မရှိခဲ့သကဲ့သို့ ဒါဗစ်ရီလေသည်လည်း ပုံစံကောင်း ပျောက်ဆုံးနေခဲ့သည်။

စကော့တီရှက်ဖလာသည် အစောပိုင်းကျင်းများတွင် နောက်မှလိုက်ကစားခဲ့ရခြင်းဖြစ်ပြီး ကိုးကျင်းမြောက် နောက်ပိုင်းမှသာ ဒါဗစ်ရီလေအား အသာစီးဖြင့် ပြန်လည် ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲကျင်းပပုံစံနစ်အရ ပြိုင်ပွဲဝင်များမှာ အုပ်စုအလိုက်ယှဉ်ပြိုင်ကစားခဲ့ရပြီး စကော့တီရှက်ဖလာက ရမှတ်တစ်မှတ်ဖြင့် အုပ်စုပထမနေရာတွင် ဦးဆောင်ထားနိုင်သည်။

အုပ်စု(က)တွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာ၊ တောင်ကိုရီးယား ဂေါက်သီးရိုက် ကစားသမား တွမ်ကင်မ်၊ ဆွီဒင်ဂေါက်သီးရိုက် ကစားသမား နီရန်နှင့် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဒါဗစ်ရီလေတို့ ပါဝင်နေပြီး တွမ်ကင်မ်သည်လည်း နီရန်ကိုအနိုင်ရရှိကာ ရမှတ်တစ်မှတ်ဖြင့် အုပ်စုဒုတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

စကော့တီရှက်ဖလာက "ပြိုင်ပွဲရဲ့ အဖွင့်နေ့ကတော့ လိုချင်တဲ့ ရလဒ်နဲ့ အဆုံးသတ်နိုင်ခဲ့တယ်။ ဒါပေမဲ့လဲ ကစားပုံပိုင်းက အားရကျေနပ်စရာ မကောင်းခဲ့ပါဘူး။ ပုံစံကောင်း ပျောက်ဆုံးခဲ့တယ်။ ဒါဗစ်ရီလေလဲ ပုံစံကောင်းမရခဲ့လို့ ကျွန်တော့်အနေနဲ့ နိုင်ပွဲရရှိခဲ့တာပါ။ အစောပိုင်းကျင်းတွေမှာ နောက်ကနေ လိုက်ကစားခဲ့ရတယ်။ နောက်ပိုင်းမှာတော့ ရစ်သမ်မိလာပြီး ပြန်လည်ဦးဆောင်ခွင့်ရခဲ့တယ်။ ၁၈ ကျင်းမြောက်မှာ ကစားနိုင်ခဲ့တဲ့ပုံစံကို တော်တော်လေးအားရကျေနပ်မှုရှိပါတယ်။ အုပ်စုအတွင်း လက်ကျန်ပွဲစဉ်နှစ်ပွဲမှာ ဒီထက်ပိုကောင်းတဲ့ ပုံစံနဲ့ကစားနိုင်ဖို့ အာရုံစိုက်သွားမယ်"ဟု ပြောကြားခဲ့သည်။

အုပ်စုတွင်းဒုတိယပွဲစဉ်အဖြစ် စကော့တီရှက်ဖလာက နီရန်နှင့် ယှဉ်ပြိုင် ကစားသွားရမည်ဖြစ်ပြီး တွမ်ကင်မ်က ဒါဗစ်ရီလေနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်ကြောင်း သိရသည်။ AZL

# FIFA-MFF U-15 Youth League 2023 ပြိုင်ပွဲကို လာမည့် မေလပထမပတ်မှစတင်ကျင်းပမည်

**ရန်ကုန် မတ် ၂၃**

အသက် ၁၅နှစ်အောက်လူငယ်ဘောလုံးပြိုင်ပွဲ (FIFA-MFF U-15 Youth League 2023) ပြိုင်ပွဲကို လာမည့် မေလ ပထမ ရက်သတ္တပတ်မှစတင်ကာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

FIFA-MFF U-15 Youth League 2023 ပြိုင်ပွဲကို ဇုန် နှစ်ဇုန် ခွဲခြားကျင်းပမည်ဖြစ်ပြီး အောက်မြန်မာပြည်ဇုန်ကို ရန်ကုန်မြို့တွင် ကျင်းပသွားမည်ဖြစ်ကာ အထက်မြန်မာပြည်ဇုန်ကို မန္တလေးမြို့တွင် ကျင်းပသွားမည်ဖြစ်သည်။

FIFA-MFF U-15 Youth League 2023 ပြိုင်ပွဲတွင် စုစုပေါင်းပြိုင်ပွဲဝင်အသင်း ၂၄ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အထက်မြန်မာပြည်ဇုန်ဖြစ်သည့် မန္တလေးမြို့တွင် ကျင်းပမည့်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့မှ အသင်းနှစ်သင်းစီ၊ နေပြည်တော်ကောင်စီနယ်မြေ၊ မကွေးတိုင်းဒေသကြီးတို့မှတစ်သင်းစီ၊ ရှမ်းပြည်နယ်မှ သုံးသင်း၊ ချင်းပြည်နယ်မှ တစ်သင်း၊ ကယားပြည်နယ်မှ တစ်သင်း၊ ကချင်ပြည်နယ်မှ တစ်သင်း ပါဝင်မည်ဖြစ်သည်။



အလားတူ အောက်မြန်မာပြည်ဇုန်အဖြစ် ကျင်းပမည့် ရန်ကုန်မြို့တွင် ရန်ကုန်တိုင်းဒေသကြီးမှ သုံးသင်း၊ ပဲခူးတိုင်းဒေသကြီးမှ နှစ်သင်း၊ ဧရာဝတီတိုင်းဒေသကြီးမှ နှစ်သင်း၊ တနင်္သာရီတိုင်းဒေသကြီးမှ တစ်သင်း၊ မွန်ပြည်နယ်မှ နှစ်သင်း၊ ရခိုင်ပြည်နယ်မှတစ်သင်း၊ ကရင်ပြည်နယ်မှတစ်သင်း ပါဝင်မည်ဖြစ်သည်။

FIFA-MFF U-15 Youth League 2023 ပြိုင်ပွဲကိုအပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲကာလအဖြစ် ပထမအကျော့ပွဲစဉ်များကို သုံးလ၊ ဒုတိယအကျော့ပွဲစဉ်များကို သုံးလ စုစုပေါင်း ခြောက်လကြာ ကျင်းပသွားမည်ဖြစ်ကာ ပြိုင်ပွဲဝင်ရောက်မည့် ပြိုင်ပွဲဝင်အသင်းတစ်သင်းတိုင်းကို ငွေကျပ် သိန်း ၁၀၀ စီ ထောက်ပံ့ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

STA

# မိုင်ယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲပထမအဆင့်တွင် အင်ဒီမာရေးက လာဂျိုဗစ်ကို ရှုံးနိမ့်

**မိုင်ယာမီ မတ် ၂၃**

အမေရိကန်နိုင်ငံ မိုင်ယာမီတွင် ကျင်းပနေသည့် မိုင်ယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲပထမအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဗြိတိန်တင်းနစ်ကစားသမားအင်ဒီမာရေးနှင့်ဆားဘီးယားတင်းနစ်ကစားသမား လာဂျိုဗစ်တို့ယှဉ်ပြိုင်ကစားခဲ့ရာ လာဂျိုဗစ်က (၆-၄၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း Sportsnut သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လာဂျိုဗစ်သည် ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး ဒုတိယပွဲငယ်တွင် အင်ဒီမာရေးက ပုံစံကောင်းပြန်ရခဲ့ပြီး Tie-Break အဆင့်ရောက်မှသာ ရှုံးနိမ့်ခဲ့သည်။

လာဂျိုဗစ်သည် ဒုတိယပွဲငယ်တွင် စပေးဘော Double faults များနေခဲ့သည့်အတွက်ကြောင့် အင်ဒီမာရေးက အခွင့်အရေးကောင်းများ ရရှိခဲ့သည်။

သို့သော်လည်း အမှားများကို အမြန်ဆုံး ပြန်လည်ပြင်ဆင်နိုင်ခဲ့သည့် လာဂျိုဗစ်ကပင် အနိုင်ရလဒ်ကို စွမ်းဆောင်သွားနိုင်ခဲ့ကြောင်း သိရသည်။

အင်ဒီမာရေးအနေဖြင့် စပေးဘော အမှားနည်းခဲ့သော်လည်း သာမန်ပွဲကစားချိန်အတွင်း အမှားအယွင်းများခဲ့သည့်အတွက် မိုင်ယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲကို ပထမအဆင့်မှပင် ထွက်ခွာခဲ့ရသည်။

အင်ဒီမာရေးက "ဒီပွဲစဉ်မှာ ကျွန်တော့်ရဲ့ စပေးဘောအပိုင်း အမှားနည်းခဲ့တယ်။ ဒါပေမဲ့လဲ ပွဲကစားချိန်မှာတော့ အမှားတွေ တောက်လျှောက် များနေခဲ့တယ်။ ပုံစံကောင်းပြန်ရဖို့ အကောင်းဆုံး ကြိုးစားခဲ့ပေမဲ့လဲ ပုံစံကောင်းပြန်မရခဲ့ဘူး။ စွမ်းဆောင်ရည်ပိုင်းက တကယ့်ကို စိတ်ပျက်စရာကောင်းပါတယ်။ ဒီပြိုင်ပွဲမတိုင်မီမှာ ကျွန်တော့်အနေနဲ့ ပြင်ဆင်လေ့ကျင့်မှုတွေကို သေသေချာချာကို ပြုလုပ်ထားတာပါ။ ပြင်ဆင်လေ့ကျင့်မှုတွေ သေချာပြုလုပ်ထားပေမဲ့လဲ ပြိုင်ပွဲအတွင်းမှာတော့ ပြင်ဆင်လေ့ကျင့်ထားတဲ့ ပုံစံအတိုင်း မကစားနိုင်ခဲ့တာ စိတ်ပျက်စရာကောင်းပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# မတ်လအတွက် ပရီးမီးယားလိဂ်ပြိုင်ပွဲတစ်လတာအကောင်းဆုံးနည်းပြဆုနှင့် ကစားသမားဆုအတွက် ဆန်ခါတင်စာရင်းထုတ်ပြန်

**လန်ဒန် မတ် ၂၃**

ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်က လစဉ်ပေးအပ်သည့် မတ်လအတွက် ပရီးမီးယားလိဂ်တစ်လတာအကောင်းဆုံးနည်းပြဆုနှင့် ကစားသမားဆုအတွက် ဆန်ခါတင်စာရင်းထုတ်ပြန် ကြေညာခဲ့ကြောင်း ဒေးလီးမေးလ် သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မတ်လအတွက် ပရီးမီးယားလိဂ်တစ်လတာအကောင်းဆုံး ကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းတွင် အာဆင်နယ်အသင်းမှ ဆာကာနှင့် ထရိုဆက်၊ နယူးကာဆယ်အသင်းမှ အီဆက်၊ ဘရိုက်တန်အသင်းမှ အဲလက်စတာ၊ အေဗီလာအသင်းမှ တိုင်ရွန်မင်းနှင့် လီဗာပူးအသင်းမှ ဆာလာဟ်တို့ ပါဝင်လာခဲ့ကြသည်။

ဆန်ခါတင်ကစားသမားစာရင်းတွင် ပါဝင်လာခဲ့သည့်ကစားသမားများအနက် အာဆင်နယ်အသင်းမှ ဆာကာသည် မတ်လအတွင်းကစားခဲ့သည့် လေးပွဲတွင် သုံးဂိုးထိသွင်းယူနိုင်ခဲ့ပြီး နှစ်ကြိမ်ဂိုးဖန်တီးမှုပြုလုပ်ထားပြီး လီဗာပူးအသင်းမှ ဆာလာဟ်သည်လည်းသုံးပွဲကစားခဲ့ရာ သုံးဂိုး သွင်းယူပြီး နှစ်ကြိမ်ဂိုးဖန်တီးမှုပြုလုပ်နိုင်ခဲ့ကာ ထိပ်ဆုံးမှ ပူးတွဲရေပန်းစားလျက်ရှိနေသည်။

အလားတူ မတ်လအတွက် တစ်လတာအကောင်းဆုံး ဆန်ခါတင် နည်းပြစာရင်းတွင်လည်း အာဆင်နယ်အသင်းမှ နည်းပြအာတီတာနှင့်အတူ မန်စီးတီးအသင်း နည်းပြဂွါဒီယိုလာ၊ ဘရိုက်တန်အသင်းနည်းပြ ဒီဇာဘီနှင့် အေဗီလာအသင်းနည်းပြ အမ်မရီတို့ပါဝင်လာခဲ့ပြီး မတ်လအတွင်း လေးပွဲတာဝန်ယူ ကိုင်တွယ်ခဲ့ရာ လေးပွဲလုံးအနိုင်ရရှိအောင် စွမ်းဆောင်ထားသည့် နည်းပြအာတီတာက ထိပ်ဆုံးမှ ရေပန်းစားလျက်ရှိနေကြောင်း သိရသည်။ STA

# အာရှယူ-၂၀အမျိုးသမီးပြိုင်ပွဲခြေစစ်ပွဲ ဒုတိယအဆင့်အတွက် မဲခွဲမှုအပြီးတွင် မြန်မာအမျိုးသမီးအသင်းအုပ်စု (B) တွင် ကျရောက်

**ရန်ကုန် မတ် ၂၃**

၂၀၂၄အာရှယူ-၂၀ အမျိုးသမီးပြိုင်ပွဲခြေစစ်ပွဲ ဒုတိယအဆင့်အတွက် မဲခွဲပွဲကို ယနေ့မွန်းလွဲပိုင်းက မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင်ကျင်းပခဲ့ရာ မြန်မာအမျိုးသမီးအသင်းသည် အုပ်စု (B) တွင် ကျရောက်ခဲ့သည်။

မြန်မာယူ-၂၀ အမျိုးသမီးအသင်းသည် ၂၀၂၄အာရှယူ-၂၀ အမျိုးသမီးပြိုင်ပွဲ ခြေစစ်ပွဲပထမအဆင့်တွင် ကမ္ဘောဒီးယားယူ-၂၀ အမျိုးသမီးအသင်းနှင့် မလေးရှားယူ-၂၀ အမျိုးသမီးအသင်းတို့နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲစလုံး အနိုင်ရရှိခဲ့သည့်အတွက် ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲအတွက် မဲခွဲမှုအပြီးတွင် အုပ်စု (A) ၌ ဩစတြေးလျယူ-၂၀အမျိုးသမီးအသင်း၊ ဗီယက်နမ်ယူ-၂၀ အမျိုးသမီးအသင်း၊ အီရန်ယူ-၂၀အမျိုးသမီးအသင်းနှင့် လက်ဘနွန်ယူ-၂၀ အမျိုးသမီးအသင်း၊ အုပ်စု(B)တွင် မြန်မာယူ-၂၀ အမျိုးသမီးအသင်းနှင့်အတူတရုတ်ယူ-၂၀ အမျိုးသမီးအသင်း၊ နီပေါယူ-၂၀ အမျိုးသမီးအသင်းနှင့် တရုတ်(တိုင်ပေ)ယူ-၂၀ အမျိုးသမီးအသင်းတို့ တစ်အုပ်စုတည်းကျရောက်ခဲ့ကြသည်။



၂၀၂၄ အာရှယူ-၂၀အမျိုးသမီးပြိုင်ပွဲခြေစစ်ပွဲ ဒုတိယအဆင့်တွင် အုပ်စုပထမနှစ်သင်းနှင့် ဒုတိယနှစ်သင်းမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ပြီး ပြိုင်ပွဲကို တိုက်ရိုက်ဝင်ခွင့်ရရှိထားသည့် ဥဇဘက်ကစ္စတန်ယူ-၂၀အမျိုးသမီးအသင်း၊ ဂျပန်ယူ-၂၀ အမျိုးသမီးအသင်း၊ မြောက်ကိုရီးယားယူ-၂၀အမျိုးသမီးအသင်းနှင့်တောင်ကိုရီးယားယူ- ၂၀ အမျိုးသမီးအသင်းတို့နှင့် အတူ ကစားသွားရမည် ဖြစ်ကြောင်း သိရသည်။ STA

# စပါးအသင်းက မန်ယူဂိုးသမား ဟန်ဒါဆန်ကို ခေါ်ယူရန် ပစ်မှတ်ထား

**လန်ဒန် မတ် ၂၃**

မန်ယူအသင်းမှ နော်တင်ဟမ်အသင်းသို့ အငှားစာချုပ်ဖြင့်သွားရောက်ကစားနေသည့် ဂိုးသမားဟန်ဒါဆန်ကို မန်ယူအသင်းက ထွက်ခွာခွင့်ပြုခဲ့ပါက ခေါ်ယူနိုင်ရန် စပါးအသင်းက ပစ်မှတ်ထားနေကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၆ နှစ်ရှိ ဂိုးသမားဟန်ဒါဆန်သည် မန်ယူအသင်းနှင့် လာမည့် ၂၀၂၅ ခုနှစ်ထိ စာချုပ်သက်တမ်း ကျန်ရှိနေသည့်အပြင် စာချုပ်ကုန်ဆုံးပါက သက်တမ်းတိုးနိုင်သည့် သဘောတူညီချက်ပါဝင်နေသော်လည်း အသင်းအနေဖြင့် ဂိုးသမားသစ်ထပ်မံခေါ်ယူရန် ပြင်ဆင်နေကာ ၎င်းကိုထွက်ခွာခွင့်ပြုရန် ဆုံးဖြတ်ထားသောကြောင့် စပါးအသင်းက ပထမဦးစားပေးဂိုးသမားလိုရစ်၏ နေရာတွင် အစားထိုးနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ယခင်က စပါးအသင်းသည် အသင်း၏ ဝါရင့်ဂိုးသမားလိုရစ်၏ နေရာတွင် အစားထိုးနိုင်ရန် အဲဗာတန်အသင်းဂိုးသမား ပစ်ဖို့ဒ်ကို ခေါ်ယူရန် ကမ်းလှမ်းခဲ့ရာ ကစားသမားအနေဖြင့် အဲဗာတန်အသင်းနှင့် သက်တမ်းတိုးခဲ့သဖြင့် ခေါ်ယူရန် လက်လျှော့ခဲ့ရသည်။

မန်ယူအသင်းမှ ထွက်ခွာရန် ဆန္ဒရှိနေသည့် ဟန်ဒါဆန်ကို ခေါ်ယူရန် စီစဉ်လျက်ရှိနေသကဲ့သို့ မန်ယူအသင်းကလည်း စပါးအသင်းတိုက်စစ်မှူး ဟယ်ရီကိန်းကိုခေါ်ယူရန် ပစ်မှတ်ထားနေသောကြောင့် ကလပ်အသင်းနှစ်ခုကြား ဆွေးနွေးမှုများပြုလုပ်၍ ဟန်ဒါဆန်ကို ပြောင်းရွှေ့ကြေး တစ်စိတ်တစ်ပိုင်းအဖြစ် အသုံးပြုနိုင်ဖွယ်ရှိကြောင်း သိရသည်။ ML

**ယူရိုခြေစစ်ပွဲပြိုင်ပွဲ ရလဒ်**

| | | | | |
|---|---|---|---|---|
| ကာဂျစ်စတန် | ၁ | - | ၂ | ဆလိုဗေးနီးယား |

**အာဖရိကဖလားပြိုင်ပွဲ ရလဒ်**

| | | | | |
|---|---|---|---|---|
| မာဒါဂါစကား | ၀ | - | ၃ | ဗဟိုအာဖရိက |
| ဂါနာ | ၁ | - | ၀ | အန်ဂိုလာ |
| ကွန်ဂို | ၁ | - | ၂ | တောင်ဆူဒန် |
| ဇမ်ဘီယာ | ၃ | - | ၁ | လီဆိုသို |

(၀၄၀)

# နွေရာသီကျောင်းပိတ်ရက်ကာလကို အကျိုးရှိစွာဖြတ်သန်းသွားစေလို

လက်ရှိအချိန်တွင် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းအားလုံး၌ အတန်းတင်စာမေးပွဲများ အောင်မြင်စွာ ကျင်းပပြီးစီးသွားပြီဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူလေးများသည် နွေရာသီကျောင်းပိတ်ရက် စတင်ခံစားနေကြပြီဖြစ်သည်။ နွေရာသီကျောင်းပိတ်ရက်တွင် ကလေးများကို အနည်းငယ် အနားပေးသွားသင့်သည်။ အားအင်ပြန်လည်ပြည့်ဝပြီး တက်ကြွလန်းဆန်းလာမှသာ ကလေးစိတ်ပါဝင်စားသော သင်တန်းတစ်ခုခုကို တက်ရောက်ခွင့်ပြုသင့်သည်။ သို့မှသာလျှင် နွေရာသီကျောင်းပိတ်ရက်ကို အကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် အချို့သောတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လူငယ်များအကျိုးပြုသင်တန်းများ ဖွင့်လှစ်လျက်ရှိသည်။ အထူးသဖြင့် ယဉ်ကျေးလိမ္မာ၊ အင်္ဂလိပ်စာ၊ ကွန်ပျူတာ၊ တိုက်ကွမ်ဒို၊ မြန်မာ့သိုင်း၊ ကရာတေးဒို၊ ရေကူး၊ ရှေးဦးသူနာပြု စသည့်သင်တန်းများဖွင့်လှစ်ပေးလျက်ရှိသည်။ ထို့ပြင် လေကြောင်းလူငယ်နှင့် ရေကြောင်းလူငယ်သင်တန်းများလည်း ရှိသည်။ ကျောင်းသား၊ ကျောင်းသူလူငယ်များအနေဖြင့် မိမိဝါသနာပါသည့် သင်တန်းတစ်ခုခုကို ရွေးချယ်တက်ရောက်သင့်သည်။ ပညာရပ်တစ်ခုခုကို တတ်မြောက်ထားမည်ဆိုလျှင် လိုအပ်သည့်အချိန်တွင် လိုအပ်သလို အသုံးချနိုင်မည်ဖြစ်သည်။ လူငယ်တစ်ဦးအတွက် တတ်မြောက်ထားသော ပညာရပ်တစ်ခုသည် အမြဲတမ်းအသုံးဝင်နေမည်ဖြစ်သည်။

**ယဉ်ကျေးလိမ္မာသင်တန်း**

နှစ်စဉ် နွေရာသီကျောင်းပိတ်ရက်ကာလတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အားလပ်ချိန်များကို အကျိုးရှိစွာဖြတ်သန်းနိုင်စေရန်၊ ကိုယ်၊ စိတ်၊ နှလုံးယဉ်ကျေးလိမ္မာစေရန်နှင့် ဗုဒ္ဓ၏အဆုံးအမတရားတော်များနှင့်အညီ ကျင့်ကြံနေထိုင်တတ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ် နယ်မြေများအလိုက် အခြေခံဗုဒ္ဓဘာသာနှင့် ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိသည်။ ဗုဒ္ဓဘာသာဝင်ဆိုလျှင် ယဉ်ကျေးလိမ္မာသင်တန်းသည် တက်ရောက်သင့်သော သင်တန်းအမျိုးအစား ဖြစ်သည်။ ထိုသို့ သင်တန်းတက်ထားမည်ဆိုလျှင် လူငယ်များအနေဖြင့် တစ်ဦးနှင့်တစ်ဦး ပြောဆိုဆွေးနွေးရာတွင် မိမိကိုးကွယ်သော ဘာသာအကြောင်းကို ထဲထဲဝင်ဝင်ရှင်းပြနိုင်မည်ဖြစ်သည်။ ထို့ပြင် အရေးပါဆုံးအချက်ဖြစ်သည့် ဆောင်ရန်၊ ရှောင်ရန်များကိုလည်း သိရှိနိုင်မည်ဖြစ်သည်။ အကျိုး၊ အကြောင်း၊ အဆိုး၊ အကောင်းတို့ကို အခြေခံကျကျနားလည်း သဘောပေါက်လာမည်ဖြစ်သည်။

**အင်္ဂလိပ်စာသင်တန်း**

အင်္ဂလိပ်စာသည် မျက်မှောက်ကာလတွင် ကမ္ဘာသုံးဘာသာစကားဖြစ်လာသည်။ လူငယ်တစ်ဦးသည် အင်္ဂလိပ်စာကို အခြေခံလောက်တော့သင်ယူထားသင့်သည်။ သို့မှသာလျှင် ပြောဆို၊ ရေးသား၊ နားထောင်နိုင်မည်ဖြစ်သည်။ အင်္ဂလိပ်စာတတ်မြောက်ထားသူတစ်ဦးသည် အနာဂတ်တွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် အတိုင်းအတာတစ်ခုထိ အဆင်ပြေချောမွေ့နေမည်ဖြစ်သည်။ မိမိသိရှိလိုသော အကြောင်းအရာကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားတင်ပြထားသော အင်တာနက်ဝက်ဘ်ဆိုက်များ၊ စာအုပ်များတွင် ရှာဖွေလေ့လာနိုင်မည်ဖြစ်သည်။ လူငယ်တစ်ဦးသည် အင်္ဂလိပ်စာကိုအခြေခံကျကျ လေ့လာသင်ယူထားမည်ဆိုလျှင် ဘွဲ့လွန်၊ ဒေါက်တာများဖြစ်သည်ထိ အတန်းစဉ်ဘာသာရပ်များကို အခက်အခဲမရှိ လေ့လာသင်ယူ ဖတ်မှတ်ထုတ်နုတ်ပြုစုသွားနိုင်မည်ဖြစ်သည်။ ထို့ပြင် အင်္ဂလိပ်စာကို ကျွမ်းကျင်စွာ ပြောဆို၊ ရေးသားနိုင်သူများသည် လုပ်ငန်းခွင်၌လည်း အခြားသူများ၏ ယုံကြည်ကိုးစားမှုခံရလေ့ရှိသည်။

> ❖ နွေရာသီကျောင်းပိတ်ရက်တွင် မိဘများသည် ကလေးငယ်များကို လုံလောက်သော အနားယူမှုပေးသင့်သည်။ ထိုသို့ အနားပေးပြီးမှသာ အကျိုးရှိသော သင်တန်းတစ်ခုခု တက်ရောက်စေသင့်သည်။ အထူးသဖြင့် ကလေးငယ်စိတ်ပါဝင်စားသော သင်တန်းမျိုးကိုသာ တက်ရောက်ခွင့်ပြုသင့်သည်။ မိဘများစိတ်ကြိုက်ရွေးချယ်ထားသော ပကာသနဆန်သည့် သင်တန်းများကို ဖိအားပေးတက်ခိုင်းသည့် အလေ့အထမျိုးကို ရှောင်ရှားသင့်သည်။ မိဘများသည် ကလေးငယ်များကို ရွေးချယ်ခွင့်ပေးသင့်သည်။ စိတ်ထွက်ပေါက်ပေးသင့်သည်။ ❖

**ကွန်ပျူတာသင်တန်း**

သတင်းနည်းပညာခေတ်ကြီးတွင် ကွန်ပျူတာသည် များစွာအခရာကျလျက်ရှိသည်။ ကွန်ပျူတာကို အခြေခံလောက်တော့ သင်ယူထားသင့်သည်။ ထိုသို့ သင်ယူထားမည်ဆိုလျှင် အင်တာနက်ချိတ်ဆက်ခြင်း၊ အီးမေးလ်ပေးပို့ခြင်း၊ လူမှုကွန်ရက်စာမျက်နှာတွင် မိတ်ဆွေချဲ့ထွင်နိုင်ခြင်း၊ သတင်းအချက်အလက်များ ရှာဖွေနိုင်ခြင်း၊ စာတမ်းများပြုစုခြင်း စသည့်များစွာသော အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်သည်။ ထို့ပြင် မိမိတင်ပြလိုသော အချက်အလက်များကိုလည်း Power Point Presentation ဖြင့် ထိမိအောင်ရှင်းပြနိုင်ပေသည်။ အရေးကြီးအချက်အလက်များ၊ ပညာရေး ဆိုင်ရာများ၊ ဗဟုသုတများ စသည်တို့ကို ကဏ္ဍခွဲခြား က ကွန်ပျူတာအတွင်း၌ သိုမှီးထားမည်ဆိုလျှင် လိုအပ်သလို ထုတ်နုတ်မှီငြမ်းနိုင်မည်ဖြစ်သည်။

**ရှေးဦးသူနာပြုသင်တန်း**

ထို့ပြင် ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်များအနေဖြင့် ရှေးဦးသူနာပြုသင်တန်းကိုလည်း တက်ရောက်ထားသင့်သည်။ ရှေးဦးသူနာပြုသင်တန်းသည် အရေးပေါ်အခြေအနေများတွင် အသက်ဘေးကယ်ဆယ်ရေးအတွက် များစွာအထောက်အကူပြုသည်။ မတော်တဆပိုးမွှားနှင့် ခွေးကိုက်ခံရပြီး ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းမသွားနိုင်သေးမီ ရှေးဦးသူနာပြုနည်းဖြင့် ပြုစုနိုင်မည်ဆိုလျှင် အသက်အန္တရာယ်မှ လွတ်မြောက်နိုင်မည်ဖြစ်သည်။ ရှေးဦးသူနာပြုသင်တန်းတက်ရောက်ပြီးလျှင် ဆေးသေတ္တာပုံးလေးများဆောင်ထားပြီး လိုအပ်သည့်အချိန်တွင် အရေးပေါ် အသုံးပြုနိုင်မည်ဖြစ်သည်။

**မြန်မာ့သိုင်းနှင့်ရေကူးသင်တန်း**

မြန်မာ့သိုင်း၊ တိုက်ကွမ်ဒို၊ ကရာတေးဒို၊ ဂျူဒို သင်တန်းများကိုလည်း တက်ရောက်ထားသင့်သည်။ အရေးကြုံလျှင် ခုခံကာကွယ်နိုင်မည်ဖြစ်သည်။ ရေကူးသင်တန်းတက်ထားမည်ဆိုလျှင် ရေဘေးကြုံသည့်အခါ အသက်အန္တရာယ်မှ လွတ်မြောက်နိုင်အောင် စွမ်းဆောင်နိုင်မည်ဖြစ်သည်။ ရေနစ်နေသူများကိုလည်း ကယ်တင်နိုင်မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ လူငယ်များသည် နွေရာသီတွင် သင်တန်းတစ်ခုခု တက်ရောက်နိုင်မည်ဆိုလျှင် ဘဝအတွက် များစွာ အထောက်အကူပြုနေမည်ဖြစ်သည်။

**ခွင့်ဆက်မပြတ်လေ့လာနေရန်လို**

လူငယ်များအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလတွင် ဇာတ်လမ်းတွဲများကြည့်ခြင်း၊ ဖုန်းပွတ်ခြင်း၊ ဂိမ်းဆော့ခြင်းဖြင့် တန်ဖိုးရှိသောအချိန်များကို အလဟဿ မဖြုန်းတီးသင့်ပေ။ အားလပ်ချိန်တွင် တစ်ခုခုလုပ်ဆောင်နေရန် လိုအပ်ပေသည်။

နွေရာသီကျောင်းပိတ်ရက်တွင် သင်တန်းတက်ခွင့်မရသည့်ကလေးများအနေဖြင့်လည်း မိမိအိမ်၌ပင် ကျောင်းစာများကို ပြန်လည်လေ့လာ လေ့ကျင့်နိုင်သည်။ ထို့ပြင် သုတ၊ ရသစာပေများကိုလည်း ဖတ်ရှုနိုင်သည်။ အထူးသဖြင့် အင်္ဂလိပ်စာတိုးတက်ရေးအတွက် Grammer လေ့လာခြင်း၊ လေ့ကျင့်ခန်းများ လုပ်ဆောင်ခြင်း၊ Essay နှင့် Letter စာအုပ်များ ဖတ်ခြင်း၊ ခေါင်းစဉ်များအလိုက် ပြန်လည်ရေးသား လေ့ကျင့်ခြင်းများ ပြုလုပ်သင့်သည်။ သားငယ်၊ သမီးငယ်များအနေဖြင့် ငယ်စဉ်အခါတွင် ပညာရပ်တစ်ခုခုကို တတ်မြောက်ထားမည်ဆိုလျှင် လိုအပ်သည့်အချိန်တွင် လိုအပ်သလို အသုံးချနိုင်မည်ဖြစ်သည်။ လူငယ်တစ်ဦးအတွက် တတ်မြောက်ထားသော ပညာရပ်တစ်ခုသည် အမြဲတမ်းအသုံးဝင်နေမည်ဖြစ်သည်။

**မောင်သောင်းဝင်း(တမန်ဟောင်း)**

**နွေရာသီကျောင်းပိတ်ရက်ကာလကို အကျိုးရှိစွာ ဖြတ်သန်းသွားစေလို**

ငယ်စဉ်က နွေဦးပေါက်လျှင် ပျော်လည်းပျော်၊ လွမ်းလည်းလွမ်းရသည်။ ပျော်ရသည်မှာ အတန်းတင်စာမေးပွဲများ ဖြေဆိုပြီးချိန်တွင် နွေကျောင်းပိတ်သောကြောင့်ဖြစ်သည်။ လွမ်းရသည်မှာ သူငယ်ချင်းများ၊ နှင့် ခွဲခွာရမည်ဖြစ်သောကြောင့်ဖြစ်သည်။ ထိုစဉ်က တစ်ဦးနှင့်တစ်ဦး ဖြူစင်သောစိတ်ထားများနှင့်ကူညီခဲ့ကြသည်။ စာအတူကျက်၊ သင်္ချာအတူတွက်ပြီး ငြင်းကြခုန်ကြသည်။ တစ်ဦးနှင့်တစ်ဦး ဖေးမကြသည်။ မျက်မှောက်ခေတ် ပညာရေးစနစ်ကဲ့သို့ ဝိုင်းတွေ၊ ကျူရှင်တွေ၊ အနီးကပ်တွေမရှိသဖြင့် အတန်းထဲမှာပင် အပြန်ပြန်အလှန်လှန် ကျက်မှတ်ဖြေဆိုခဲ့ရသည်။ အထူးသဖြင့် ဆရာ၊ ဆရာမများ၏ ကြီးမားသောမေတ္တာကြောင့် ကျောင်းစာများကျေညက်ခဲ့သည်။ အတန်းတင်စာမေးပွဲတိုင်းကိုလည်း အခက်အခဲမရှိဖြေဆိုနိုင်ခဲ့သည်။ ထို့ကြောင့် နှစ်စဉ်နွေရာသီ ဥဩတွန်သံကြားလျှင် ငယ်ဘဝကို ပြန်လည်တမ်းတမိသည်။

စာရေးသူတို့ငယ်စဉ်က နွေရာသီကျောင်းပိတ်လျှင် မိဘများက ရွာဦးဘုန်းတော်ကြီးကျောင်းကို ပို့ပေးသည်။ ဆရာတော်က ဘုရားရှိခိုး၊ ပဋ္ဌာန်းနှင့် ပရိတ်ကြီး ၁၁ သုတ်တို့ကို စေတနာထားသင်ကြားပေးသည်။ သင်္ကြန်ကာလတွင် ကိုရင်ဝတ်ရသည်။ ဆွမ်းတော်ကြီးခံလိုက်ရသည်။ ဘုရား၊ ကျောင်းကန်သန့်ရှင်းရေးလုပ်ကြရသည်။ ကုသိုလ်များစွာရခဲ့သည်။ ကိုရင်ထွက်လျှင် မိဘများကိုကူညီကာ ယာခင်းစောင့်ရင်း ကာတွန်း၊ ဝတ္ထုစာအုပ်များ ဖတ်ဖြစ်ခဲ့သည်။ သူငယ်ချင်းများနှင့်အတူ နွားကျောင်းသည်။ ငှက်ပစ်သည်။ ငါးဖမ်းသည်။ ရေကူးသည်။ နွေရာသီကျောင်းပိတ် ရက်ကာလများသည် ပျော်ရွှင်ဖွယ်ရာနေ့ရက်များပင်ဖြစ်သည်။

ဆိုရလျှင် နွေရာသီကျောင်းပိတ်ရက်တွင် မိဘများသည် ကလေးငယ်များကို လုံလောက်သော အနားယူမှု ပေးသင့်သည်။ ထိုသို့ အနားပေးပြီးမှသာ အကျိုးရှိသော သင်တန်းတစ်ခုခု တက်ရောက်စေသင့်သည်။ အထူးသဖြင့် ကလေးငယ်စိတ်ပါဝင်စားသော သင်တန်းမျိုးကိုသာ တက်ရောက်ခွင့်ပြုသင့်သည်။ မိဘများစိတ်ကြိုက်ရွေးချယ်ထားသော ပကာသနဆန်သည့် သင်တန်းများကို ဖိအားပေးတက်ခိုင်းသည့် အလေ့အထမျိုးကို ရှောင်ရှားသင့်သည်။ မိဘများသည် ကလေးငယ်များကို ရွေးချယ်ခွင့်ပေးသင့်သည်။ စိတ်ထွက်ပေါက်ပေးသင့်သည်။ သို့မှသာလျှင် ကလေးငယ်များသည် တွေးခေါ်မြော်မြင်နိုင်စွမ်း၊ ဆုံးဖြတ်နိုင်စွမ်းရှိလာပြီး အနာဂတ်တွင် တိုင်းပြည်အတွက် အားထားရသော လူငယ်များဖြစ်လာမည်ဖြစ်သည်။ လူငယ်များအနေဖြင့် နွေရာသီတွင် မိမိဝါသနာပါသော သင်တန်းများကိုတက်ရောက်ပြီးနောက် အချိန်ကိုအကျိုးရှိစွာအသုံးချသွားစေလိုသည်။ အထူးသဖြင့် သားငယ်၊ သမီးငယ်များအနေဖြင့် မိဘအိမ်တွင်အကျိုးပြုစာပေများဖတ်ရှုခြင်း၊ ကျောင်းစာများကို ကြိုတင်လေ့လာခြင်းအားဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလကို အကျိုးရှိရှိ ဖြတ်သန်းသွားစေလိုပါသည်။

## သိန်းနီမြို့နယ် ပန်နားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သိန်းနီ မတ် ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်နားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားမှုကို မတ် ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးတင်မော်သန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီဝင်များနှင့်အတူ ပန်နားကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့်စာရင်းဇယားပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့များနှင့်တွေ့ဆုံကာ သတ်မှတ်ကာလအတွင်း အတိုးအရင်းငွေများကို အချိန်မီပေးသွင်းနိုင်ရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

သိန်းနီမြို့နယ် ပန်နားကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အသင်းဝင်ဦးရေ ၉၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၃၃ သိန်း ထုတ်ချေးပေးနိုင်ခဲ့ကြောင်း၊ အဆိုပါကျေးရွာရှိ အိမ်ထောင်စုများ၏ မိသားစုစိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် မိသားစုဝင်ငွေတိုးပွားမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိကြောင်း သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

# ယခုနှစ် ရှမ်းပြည်နယ် မဟာသင်္ကြန်တွင် အင်းလေးရေပေါ်သင်္ကြန်ပွဲတော် ကျင်းပမည်

**တောင်ကြီး မတ် ၂၃**

ယခုနှစ် ရှမ်းပြည်နယ် မဟာသင်္ကြန်တွင် အင်းလေးရေပေါ်သင်္ကြန်ပွဲတော်ကို ပြန်လည်ကျင်းပသွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ရှမ်းပြည်နယ်) ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်က ပြောပြ၍ သိရသည်။

ယခုနှစ် မဟာသင်္ကြန်ပွဲတော်ကာလတွင် ရှမ်းပြည်နယ်အတွင်း ခရီးသွားများ အဓိကဝင်ရောက်လေ့ရှိသည့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ (မြောက်ပိုင်း)နှင့် (အရှေ့ပိုင်း)ရှိ မြို့တို့တွင် ဇဟိုမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ရှမ်းပြည်နယ်ဟာ ၂၀၂၂ ခုနှစ်နဲ့ ၂၀၂၃ ခုနှစ်တွေမှာ ခရီးသွားဧည့်သည်ဝင်ရောက်မှု မြင့်တက်နေတဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလကနေ ၂၀၂၃ ခုနှစ် ဇန်နဝါရီလထိ ကာလအတွင်းမှာ ရှမ်းပြည်နယ်ကြီးတစ်ခုလုံးကို ခရီးသွားပြည်သူ တစ်သန်းကျော် ဝင်ရောက်ခဲ့ပြီးတော့ ပြည်ပခရီးသွား ငါးသောင်းပါဝင်ပါတယ်။ ဒီလိုဝင်ရောက်ထားတဲ့အတွက် ခရီးသွားဝင်ရောက်မှုများမဲ့ အခုနှစ် သင်္ကြန်မှာတော့ တောင်ကြီး၊ ကလော၊ အင်းလေး၊ အောင်ပန်း၊ ပင်းတယ၊ တာချီလိတ်၊ ကျိုင်းတုံ၊ နောင်ချို၊ သီပေါ၊ လားရှိုး၊ မူဆယ်တို့မှာ ရေကစားမဏ္ဍပ်တွေ၊ ဖျော်ဖြေရေးမဏ္ဍပ်တွေနဲ့ စည်စည်ကားကား ကျင်းပမှာဖြစ်ပါတယ်"ဟု ဦးထင်အောင်နိုင်က ပြောပြသည်။



၂၀၁၉ ခုနှစ်က အင်းလေးရေပေါ်သင်္ကြန်ပွဲတော်ကို တွေ့ရစဉ်။

အင်းလေး ရေပေါ်သင်္ကြန်ပွဲတော်ကာလအတွင်း အင်းလေးကန်ရေပြင်ပေါ်တွင် သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူမည့် နှစ်ဦးရေပေါ်ဆွမ်းလောင်းပွဲ၊ နှစ်ဦးရေပေါ်ဓမ္မသဘင်ကျင်းပခြင်း၊ လှေသမ္ဗန်များ၊ ဖောင်များဖြင့် အတာရေကစားကြခြင်း၊ ရေပေါ်ပွဲတော်အဖြစ် တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ မြန်မာ့ရိုးရာအတာကြိုဆိမ်းအကအလှများဖြင့် ဖျော်ဖြေခြင်း၊ တိုင်းရင်းသားရိုးရာအကအလှပြိုင်ပွဲ အစီအစဉ်များကို မဟာသင်္ကြန်အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# ကြည့်မြင်တိုင်မြို့နယ်တွင် နွေရာသီယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်

**ရန်ကုန် မတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်တွင် ကလေးများအတွက် နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း ကြည့်မြင်တိုင်မြို့နယ်လုံးဆိုင်ရာ ပုညကုသလအသင်းကြီးမှ ဥက္ကဋ္ဌ ဦးကြည်မြင့်က ပြောပြ၍ သိရသည်။

အဆိုပါသင်တန်းကို ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများကို သင်ကြားပေးသွားမည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူဦးရေ ၂၀၀ ကို လက်ခံကာ ကြည့်မြင်တိုင်မြို့နယ်ရှိ မဟာပုညောပကာရဓမ္မာရုံကြီးတွင် ဧပြီ ၁ ရက်မှစတင်ကာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကြည့်မြင်တိုင်မြို့နယ် ပညာရေးမှူးရုံးကနေတစ်ဆင့် အခြေခံပညာမူလတန်းကျောင်းမှာ သင်ကြားနေတဲ့ ကျောင်းသား၊ ကျောင်းသူတွေကို သင်တန်းတက်ရောက်ဖို့ ဖေဖော်ဝါရီလကတည်းက စာရင်းကောက်ယူထားပြီးဖြစ်ပါတယ်။ သင်ကြားပို့ချမဲ့ရက်တွေမှာလဲ အာဟာရဒါနကျွေးမွေးလှူဒါန်းမဲ့သူတွေရှိပါတယ်။ ကျောင်းသား၊ ကျောင်းသူအယောက် ၂၀၀ ကို ဝတ်စုံကအစ စာရွက်စာတမ်းအဆုံး အသင်းကြီးနဲ့ အလှူရှင်တွေက ပံ့ပိုးပေးမှာဖြစ်ပါတယ်။ လာရောက်ပို့ချပေးမဲ့ ဆရာ၊ ဆရာမတွေကတော့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းနဲ့ မင်္ဂလာဗျူဟာအသင်းကြီးကဖြစ်ပါတယ်"ဟု ကြည့်မြင်တိုင်မြို့နယ်လုံးဆိုင်ရာ ပုညကုသလအသင်းကြီးမှ ဥက္ကဋ္ဌ ဦးကြည်မြင့်က ပြောပြသည်။


အဆိုပါ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းတွင် ဗုဒ္ဓဘာသာသာသနာကို အစဉ်စောင့်ရှောက်ထိန်းသိမ်းလိုသည့်စိတ်များ ရင့်သန်ခိုင်မာလာစေရေး ဆောင်ရွက်ရမည့်အချက်များနှင့် (၃၈) ဖြာမင်္ဂလာတရားတော်များ၊ ယဉ်ကျေးလိမ္မာစေရေး လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များကို သင်တန်းကာလတစ်လကြာ ဖွင့်လှစ်ပို့ချသင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းတွင် ပို့ချသင်ကြားပေးသည့် သင်ခန်းစာများကို ကျောင်းသား၊ ကျောင်းသူများ လက်တွေ့အကျိုးရှိရှိအသုံးချနိုင်ရေးအတွက် အရည်အချင်းစစ်ဆေးခြင်းဆိုင်ရာစာမေးပွဲကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Knock at the Cabin ဇာတ်ကားကို Peacock အွန်လိုင်းရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လွှင့်ပြသမည်

**နယူးယောက် မတ် ၂၃**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ Knock at the Cabin ဇာတ်ကားကို Peacock အွန်လိုင်းရုပ်ရှင်ထုတ်လုပ်ရေးမှ မတ် ၂၄ ရက်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က မတ် ၂၂ ရက်တွင် ရေးသားတင်ပြထားသည်။




ယူနီဗာဆယ် ရုပ်ရှင်ကုမ္ပဏီသည် Knock at the Cabin ဇာတ်ကားကို ယခုနှစ် ဖေဖော်ဝါရီ ၃ ရက်မှစ၍ နိုင်ငံတကာရုပ်ရှင်ဈေးကွက်၌ ရုံတင်ပြသခဲ့သည်။

Knock at the Cabin ဇာတ်ကားသည် ကမ္ဘာကျော်ဒါရိုက်တာ အမ်နိုက်ရှယာမာလန်းက တာဝန်ယူရိုက်ကူးပေးထားသည်။

အဆိုပါဇာတ်ကားကို စာရေးဆရာ ပေါလ်ထရမ်ဘလေ၏ The Cabin at the End of the World အမည်ရှိ ဝတ္ထုကို အခြေခံရိုက်ကူးထားခြင်းဖြစ်သည်။

Knock at the Cabin ဇာတ်ကား၌ ကမ္ဘာကျော်အက်ရှင်မင်းသား ဒေ့ဘာတစ္စတာ၊ ဂျိုနသန်ဂရော့နှင့် မင်းသား ဘင်အောဒရိတ်တို့ ပါဝင်သရုပ်ဆောင်ထားသည်။

လက်ရှိတွင် Knock at the Cabin ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၅၄ ဒသမ ၁ သန်းသာ ရှိထားရာ အမ်နိုက်ရှယာမာလန်း၏ ဇာတ်ကားများအနက် ကမ္ဘာတစ်ဝန်းဝင်ငွေအနည်းဆုံး ဇာတ်ကားဖြစ်ကြောင်း သိရသည်။

KKO

# Small Things Like These ၌ မင်းသား ဆီလီယန်မာဖီ သရုပ်ဆောင်လျက်ရှိ



**နယူးယောက် မတ် ၂၃**

Small Things Like These အမည်ရှိ သမိုင်းနောက်ခံဝတ္ထုကို အခြေခံရိုက်ကူးသည့် ဒရာမာဇာတ်ကား၌ မင်းသား ဆီလီယန်မာဖီ ပါဝင်သရုပ်ဆောင်လျက်ရှိကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က မတ် ၂၂ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသား ဆီလီယန်မာဖီသည် အိုင်းရစ်မြို့ငယ်လေးတစ်မြို့ကို လွှမ်းမိုးထားသည့် ခရစ်ယာန်ဘုရားကျောင်း၏ လျှို့ဝှက်ချက်နှင့် ၎င်း၏အတိတ်လျှို့ဝှက်ချက်များကို ရှာဖွေဖော်ထုတ်ခဲ့သော ဘီဖားလောင်းအမည်ရှိ အမျိုးသားတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်လျက်ရှိသည်။

Small Things Like These ဝတ္ထုကို အိုင်ယာလန်အမျိုးသမီးစာရေးဆရာမ ကလဲရာကီးဂန်းက ရေးသားထားခြင်းဖြစ်သည်။

အဆိုပါဝတ္ထုကို အခြေခံထားရိုက်ကူးသည့် ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ကိုးဘိုင်းရိဒ်က တာဝန်ယူရိုက်ကူးလျက်ရှိသည်။

Small Things Like These ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အင်ဒါဝဲက ရေးသားပေးထားပြီး လက်ရှိအချိန်တွင် အဆိုပါဇာတ်ကားကို အိုင်ယာလန်နိုင်ငံ၌ စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း သိရသည်။

KKO

# Thanksgiving ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှု စတင်နေ




**နယူးယောက် မတ် ၂၃**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Thanksgiving အမည်ရှိ ရုပ်ရှင်ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်း တရားဝင်စတင်နေပြီဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မတ် ၂၂ ရက်တွင် ရေးသားတင်ပြထားသည်။

Thanksgiving ဇာတ်ကားကို ဒါရိုက်တာ အီလီရို့က တာဝန်ယူ ရိုက်ကူးနေခြင်းဖြစ်ကြောင်း၊ အဆိုပါဇာတ်ကားတွင် မင်းသား ပက်ထရစ်ဒမ်ဆေးနှင့် မင်းသမီး အက်ဒီဆင်ရေးတို့ ဦးဆောင်ပါဝင်ထားကြောင်း သိရသည်။

Thanksgiving ဇာတ်ကား ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်း စတင်နေမှုကို ဆိုနီရုပ်ရှင်ကုမ္ပဏီက တွစ်တာစာမျက်နှာ၌ အတည်ပြုကြေညာထားခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားသည် မက်ဆာချူးဆက်ပြည်နယ် မြို့လေးတစ်မြို့၌ စိတ္တဇလူသတ်သမားရောက်ရှိလာပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Thanksgiving ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

KKO

# More than 55,000 local and foreign travellers visit Kyaikhtiyoe Pagoda in January and February 2023


The famous Kyaikhtiyoe Pagoda in Mon State.

**Thaton March 23**

More than 55,000 local and foreign travellers paid visits to Kyaikhtiyoe Pagoda in Mon State in January and February 2023, said U Hla Soe, member of the pagoda board of trustees.

The pagoda is open all the year round. The Buddha Pujaniya festival of the pagoda last from the fullmoon of Thadingyut to fullmoon of Kason. During the long time period of the opening days, local and foreign travellers pay visits to the pagoda.

"In January 2023, a total of 37,000 local and foreign travellers paid visits to the pagoda and over 18,000 in February. In March, some 15,000 travellers visit the pagoda on a yearly basis. Most of the foreigners came from Thailand. In March, some 20 foreign travellers arrived at the pagoda," he added.

Last year, some 450,000 travellers visited the pagoda. This year, plans were set to attract larger number of travellers at home and abroad to pay visits to the pagoda.

ASH

# Export of onion earns US$41.38 million from April 2022 to February 2023

**Nay Pyi Taw March 23**

Export of onion to foreign countries earned US$41.38 million from April 2022 to February 2023 in the 2022-23 fiscal year, said CEC member U Aung Moe Kyi of Myanmar Garlic, Onion and Kitchen Crop Producer and Exporter Association.

During the period, Myanmar exported more than 94,000 tonnes of onion to foreign markets.

"During the period, Myanmar exported 2,300 tonnes of onion in shipping and 91,700 tonnes on border lands. The shipping of stock led to Singapore, Vietnam and Malaysia whereas border trade covered export of stocks to Thailand, China, India and Bangladesh," he added.

Myanmar's onion flows out to Thailand, China, India and Bangladesh. Myanmar's onion is marketable at home and abroad. It is one of 14 crops cultivated in good agricultural practices.

Sagaing Region cultivates some 50,000 acres of onion on a yearly basis, yielding some 300,000 tonnes of onion.

ASH


An onion plantation.

# Myanmar, India to cooperate in preserving mural paintings at ancient buildings in Bagan region

**Bagan March 23**

Myanmar and India will cooperate with each other in preserving mural paintings at the ancient buildings in Bagan ancient heritage region of NyaungU Township, said director U Kyaw Myo Win of Archaeological Museum in Bagan.

Officials and experts from Myanmar Department of Archaeology and National Museum and experts from Archaeological Survey of India (ASI) of India started meetings on 14 March to preserve mural paintings.

"Indian experts and Myanmar counterparts discussed preservation of mural paintings and ancient buildings in Bagan as from 2023-24 fiscal year. At present, they will start preservation of mural paintings and structure of ancient buildings at five ancient Pagodas in Bagan," he added.

The Indian experts planned to preserve ancient pagodas and mural paintings at 90 ancient pagodas in Bagan. It is based on memorandum of understanding signed by the Indian Prime Minister on his tour of Bagan ancient cultural region in September 2017 so as to maintain ancient buildings and mural paintings.

ASH

# Rahul Gandhi: India's Congress leader sentenced to jail for Modi 'thieves' remark

**Delhi March 23**

Indian opposition leader Rahul Gandhi has been sentenced to two years in prison in a criminal defamation case.

Mr Gandhi was convicted by the court in Gujarat state for 2019 comments about Prime Minister Narendra Modi's surname during an election rally.

He will not go to jail immediately - he was granted bail for 30 days and will file an appeal against the conviction.

The Congress party MP was present in court for sentencing, which comes a year before general elections are due.

Speaking at an election rally in Karnataka state in April 2019, ahead of the last general election, Mr Gandhi had said: "Why do all these thieves have Modi as their surname? Nirav Modi, Lalit Modi, Narendra Modi."

Nirav Modi is a fugitive Indian diamond tycoon while Lalit Modi is a former chief of the Indian Premier League who has been banned for life by the country's cricket board. Mr Gandhi argued that he had made the comment to highlight corruption and it was not directed against any community.

BBC

# How Trump will try to spin his anticipated arrest

**Washington March 23**

Donald Trump's prediction that he will be arrested this week has yet to come true - but as the waiting game for criminal charges goes on, the former president is plotting a strategy designed to both keep him out of jail and turbo-boost his historic bid to return to the White House.

It is a daunting task, and hunkered down in his Mar-a-Lago home, Mr Trump seems resigned to becoming the first US president to be indicted for a crime. Yet it's also clear he will not go quietly. His past choices in moments of political crisis are a useful guide to what we might see next.

When cornered by political adversaries, Mr Trump punches back.

Throughout his 2016 presidential campaign, he leaned in to conflict when other politicians might have backed off. Blasted for criticising war hero John McCain? Trump upped his attacks. Accused of sexual harassment before a debate with Hillary Clinton? He held a press conference with Bill Clinton's sexual accusers.

During his presidency, it was the same story through two impeachments, a special counsel investigation of Russia election meddling and countless smaller controversies.

BBC


Mr Trump arriving for jury duty in New York City in 2015.

# Bago Region plans to electrify more than 2,400 towns and villages in 2022-23 FY


A facility for electricity generation.

**Bago March 23**

If electrification has been completed in western Bago Region in 2022-23 fiscal year, more than 2,400 towns and villages in the region will have supply of electricity, according to the Ministry of Electric Power.

The National Electrification Plan-NEP is being implemented in financial years across the nation as from 2025 to electrify the whole nation in 2030.

As such, more than 2,400 towns and villages in western Bago Region will have electricity in 2022-23 FY.

The western area of Bago Region is formed with Pyay and Thayawady districts. Pyay District is comprising 11 tows and 1,563 village and Thayawady District, 12 towns and 2,053 villages.

Hence, there are 23 towns and 3,616 villages in western Bago Region. So far, 23 towns in the region can consume electricity in 2023. These towns are being electrified through national grid.

At the end of 2022-23 fiscal year, 996 villages in Pyay District and 1,421 villages in Thayawady District, totalling, 2417 villages will have supply of electricity.

In this regard, 2,268 villages will be electrified through the national grid, one village through generator, 12 villages through the private generators, and 136 villages in solar power system.

Hence, a total of 1,119 villages will remain to be electrified. The relevant ministry will arrange supply of electricity to the remaining villages in financial year. 336

# Border trade camps bag more than US$1.7 billion of trade surplus up to 3 March

**Nay Pyi Taw March 23**

Border trade camps along Myanmar-China border have bagged more than US$1.7 billion of trade surplus up to 3 March 2022 of the 2022-23 fiscal year, according to the Ministry of Commerce.

Myanmar opens border trade camps in Muse, Lweje, Chinshwehaw, Kanpaiti and Kengtung at Myanmar-China border areas. These camps secured US$2,718.247 million of trade value up to 3 March.

In this regard, export value was US$2,257.606 million and import, US$460.641 million with the trade surplus worth US$1,796.965 million.

During the period, border trade camps along China-Myanmar border line managed US$1,912.136 million worth of export goods and US$276.826 million worth of import goods, totalling US$1,635.31 million.

Lweje border trade camp arranged US$94.4 million worth of export and US$33.22 million worth of import goods with US$61.19 million of trade surplus.

Chinshwehaw camp handled US$161.7 million worth of export and US$136 million worth of import, with US$25.66 million of trade surplus.

Kanpaiti camp bagged US$82.10 million worth of export ad US$11.14 million worth of import with US$70.9 million of trade surplus.

Kengtung camp pocketed US$7.24 million worth of export and US$3.4 million worth of import with US$3.83 million of trade surplus.

During the period, border trade camps in Myanmar-Thai border secured the largest amount of trade value among others.

336


Muse border trade zone.

# 48 short-term vocational training courses to be conducted in Mandalay next fiscal year

**Mandalay March 23**

A total of 48 short-term vocational training courses will be conducted in Mandalay Region during the 2023-2024 financial year so that the local people can run a manageable-scale business, according to Mandalay Region Small Industry Department.

The aim is to create job opportunities for young people from rural areas. The courses will be conducted by experts from the department.

U Win Bo, director of the department, said: "We will open 48 courses in the coming fiscal year. Yearly, short-term vocational courses are conducted in rural and urban areas. They will be able to establish manageable-scale businesses at home. The people will enjoy job opportunities. Income will increase after sales their products. There will also be courses to be conducted in cooperation with our partner departments."

The courses will focus on the production of consumer goods, cosmetics and value-added foodstuffs, electricity and welding, basic motorcycle service, and home wiring. Thanks to such vocational training courses, the people will acquire production techniques and skills. The trainees will be taught both theoretically and practically.

185

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Export value of private sector more than US$7.6 million rather than government sector up to 3 March 2023

**Nay Pyi Taw March 23**

According to the statistics of the Ministry of Commerce, the trade value of private sector was more than US$7.6 billion rather than the government sector up to 3 March in the 2022-23 fiscal year.

Currently, the government is prioritizing the development of private sector in operating the trade with partner countries.

Based on data of the Ministry of Commerce, Myanmar exported products to customer countries from 1 April 2022 to 3 March 2023 of the 2022-23 fiscal year, amounting to some US$15.378 billion.

In this regard, the government sector bagged US$3.853 billion and private sector, US$11.524 billion. Hence, the private sector exceeded US$7.67 billion more than the government sector.

During the period, private sector exports agricultural produce, animal products, marine products, minerals, forest products, finished industrial goods and others but government sector manages export minerals, forest products, finished industrial goods and others.

As such, the private sector earned more than US$3.57 billion in export of agricultural produce, US$19.81 million in animal products, US$693.9 million in marine products, US$298 million in minerals, US$128 million in forest products, US$6.53 billion in finished industrial goods and US$282 million in other goods.

Meanwhile, the government sector bagged US$22.419 million in export of minerals, US$2.44 million of forest products, US$3.7 billion in finished industrial goods and US$119 million in other export products.

336

# Hypersonic ဒုံးကျည်နှင့် ဒုံးကျည်နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုကဏ္ဍ

မျက်မှောက်ခေတ်တွင် နည်းပညာဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် အင်အားကြီးနိုင်ငံများ၏လက်နက်စနစ်ပြိုင်ဆိုင်ထုတ်လုပ်မှုတွင် Hypersonic နည်းပညာသည်ကဏ္ဍတစ်ခုအနေဖြင့် ပါဝင်လာသည်။ လက်ရှိတွင် အမေရိကန်နိုင်ငံ၊ တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ထိရောက်မှုရှိပြီး တာဝေးပစ် Hypersonic ဒုံးကျည်များထုတ်လုပ်မှုကို အပြိုင်အဆိုင်ကြိုးပမ်းအားထုတ်နေကြသည်။ မြောက်ကိုရီးယားနိုင်ငံသည် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၅ ရက်က Hypersonic ဒုံးကျည်ကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ကြောင်း မကြာသေးမီက ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာအရသိရှိရပြီး အဆိုပါစမ်းသပ်မှုသည် ဒုတိယအကြိမ်မြောက် Hypersonic ဒုံးကျည်စမ်းသပ်မှုလည်းဖြစ်သည်။

အင်အားကြီးနိုင်ငံများအနေဖြင့် Hypersonic ဒုံးကျည်နည်းပညာကို စိတ်ဝင်စားရသည့်အကြောင်းရင်းမှာ အဆိုပါအဆင့်မြင့်လက်နက်စနစ်သည် ရေဒါများ၏ဖမ်းယူနိုင်မှုနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်များကိုကျော်လွှားနိုင်ပြီး အလွန်ဝေးကွာသောနေရာမှ Hypersonic အလျင်ဖြင့်တိုက်ခိုက်နိုင်စွမ်းရှိသောကြောင့်ဖြစ်သည်။ ထို့ပြင် Hypersonic ဒုံးကျည်များသည် တစ်နာရီလျှင် မိုင် ၃၈၅၀ အမြန်နှုန်းဖြင့်ပျံသန်းနိုင်ကြသည်။ Hypersonic နည်းပညာသည်စစ်ဆင်ရေးအတွက် အလွန်အလားအလာကောင်းသော်လည်း လက်တွေ့တွင် အသံထက်မြန်သောအရှိန်ကိုရရှိရန် လွယ်ကူမှုမရှိဘဲ ခက်ခဲသောနည်းပညာတစ်ခုဖြစ်သည်။ Hypersonic ဒုံးကျည်များမှာ အသံ၏အမြန်နှုန်းထက် ငါးဆပိုများသော(Mach 5) အလျင်ဖြင့် လေထုအတွင်းဖြတ်၍ ပျံသန်းနိုင်သော ဒုံးကျည်များကိုခေါ်ဆိုခြင်းဖြစ်သည်။

လေခွင်းအားစနစ်တွင် အရာဝတ္ထုများ၏ အမြန်နှုန်းကို အသံ၏အမြန်နှုန်းနှင့် နှိုင်းယှဉ်တွက်ချက်ပြီး Subsonic၊ Transonic၊ Supersonic နှင့် Hypersonic ဟူ၍ အမြန်နှုန်းများကိုပိုင်းခြားသတ်မှတ်ထားသည်။ အသံ၏အမြန်နှုန်းသည် ၎င်းဖြတ်သန်းသွားလာနေသည့် ကြားခံနှင့် ထိုကြားခံ၏အပူချိန်ပေါ် မူတည်၍ ပြောင်းလဲတတ်သည်။ အပူချိန်သည် အမြင့်ပေါ် မူတည်၍ပြောင်းလဲလျက်ရှိရာ ခြောက်သွေ့သောလေနှင့် အပူချိန် 20°C (68°F)ရှိပါက အသံ၏အမြန်နှုန်းမှာ တစ်နာရီလျှင် 761 mph ခန့်ရှိမည်ဖြစ်သည်။ ဤအမြန်နှုန်းကို အသံ၏ပုံမှန်အမြန်နှုန်း Mach 1 ဟု သတ်မှတ်ခေါ်ဆိုသည်။

Mach နံပါတ်သည် အသံ၏အမြန်နှုန်းနှင့် သက်ဆိုင်ရာ အမြန်နှုန်းအချိုးဖြစ်သည့်အတွက် 1522 mph အမြန်နှုန်းသည် Mach 2 speed ဖြစ်သည်။ ပျံသန်းမှုစနစ်များကို Mach နံပါတ်(Ma)ပေါ်တွင် အခြေခံ၍သတ်မှတ်ထားပြီး Subsonic ဆိုသည်မှာ Ma<1၊ Transonic ဆိုသည်မှာ Ma = 1၊ Mach 1 နှင့် Mach 3 ကြားအမြန်နှုန်းသည် Supersonic နှင့် Mach 5 နှုန်းထက်သာသောအမြန်နှုန်းဖြင့် သွားလာနိုင်သော မည်သည့်ဒုံးကျည်ကိုမဆို Hypersonic ဟု ခေါ်ဆိုသည်။ အဓိကအားဖြင့် Hypersonic ဒုံးကျည်အမျိုးအစားနှစ်မျိုးရှိသည်။ ပျံသန်းမှုတစ်လျှောက်လုံး အင်ဂျင်များဖြင့်မောင်းနှင်ပေးသော Hypersonic ခရုဇ်ဒုံးကျည်နှင့် ရော့ကက်များက Hypersonic အမြန်နှုန်းသို့မြှင့်တင်ပေးကာ လေထုအတွင်းပျံသန်းမှုကို Lift(ပင့်တင်အား)အသုံးပြု၍ ၎င်း၏ပစ်မှတ်သို့ရောက်ရှိရန် လေဟုန်စီးပျံသန်းလေ့ရှိသည့် Hypersonic Boost-Glide Missile ဒုံးကျည်အမျိုးအစားတို့ဖြစ်သည်။

ပထမအမျိုးအစား Hypersonic ခရုဇ်ဒုံးကျည်များသည် ဖွံ့ဖြိုးတိုးတက်ထုတ်လုပ်နေဆဲဖြစ်သည့် Supersonic Combustion Ramjet အင်ဂျင်များဖြင့်မောင်းနှင်ပျံသန်းခြင်းဖြစ်သည်။ Scramjets များသည် လေယာဉ်၏ Forward Speed အမြန်နှုန်းဖြင့် ဖိသိပ်ထွက်ပေါ်လာသော Supersonic လေစီးကြောင်းတွင် လောင်စာများကို လောင်ကျွမ်းလုပ်ဆောင်စေခြင်းဖြစ်သည်။ ထို့ကြောင့် သမားရိုးကျဂျက်လေယာဉ်အင်ဂျင်များနှင့်မတူဘဲ Scramjets အင်ဂျင်များသည် ရွေ့လျားနိုင်သောအစိတ်အပိုင်းများမပါရှိဘဲ Supersonic လေစီးကြောင်းတွင် လောင်စာများကို လောင်ကျွမ်းစေခြင်းဖြင့် ထပ်မံအားမြှင့်ခြင်းနည်းပညာပင်ဖြစ်သည်။ လက်ရှိတွင် Scramjets အင်ဂျင်များဖြင့် စမ်းသပ်ထားသည့် နိုင်ငံများမှာ ရုရှားနိုင်ငံမှ 3M22 Zircon ဒုံးကျည်၊ အမေရိကန်နိုင်ငံမှ HAWC ဒုံးကျည်၊ အိန္ဒိယနိုင်ငံမှ HSTDV Hypersonic



Scramjet ဒုံးကျည်နှင့် တရုတ်နိုင်ငံတွင်လည်း တီထွင်ထုတ်လုပ်ထားပြီးဖြစ်သည်။

ဒုတိယအမျိုးအစား Hypersonic Gliders ဒုံးကျည်အမျိုးအစားမှာ ပဲ့ထိန်းဒုံးကျည်အားမြှင့်ကိရိယာ၏ထိပ်ပိုင်းတွင် တပ်ဆင်ထားပြီး ပဲ့ထိန်းဒုံးကျည်မှ Mach 20 ခန့်ထိ အားမြှင့်တွန်းထုတ်ပေးခြင်းဖြစ်သည်။ ထို့နောက် Hypersonic Gliders ဒုံးကျည်သည် အသံထက်မြန်သောအရှိန်ဖြင့်ထွက်ခွာလျက် လေထဲတွင်လှုပ်ရှားပျံသန်းရန် Hypersonic Gliders ဒုံးကျည်၏ လေဝင်လေထွက်မှထုတ်ပေးသော ပင့်တင်အား(Lift)ကိုအသုံးပြု၍ လေထုကိုဖြတ်သန်းကာပျံသန်းခြင်းဖြစ်သည်။ ဤ Hypersonic Gliders ဒုံးကျည်အမျိုးအစားများတွင် တရုတ်နိုင်ငံမှ Hypersonic ဒုံးကျည် DF-ZF နှင့် ရုရှားနိုင်ငံ Avangard ဒုံးကျည်တို့သည် တပ်တော်ဝင်အသုံးပြုနေကြပြီဖြစ်သည်။ ထိုနည်းတူ အမေရိကန်ကြည်းတပ်ကလည်း Common Hypersonic Glide Body (C-HGB) ကို အကောင်အထည်ဖော်လုပ်ဆောင်လျက်ရှိသည်။

**အမေရိကန်နိုင်ငံ၏ Hypersonic နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ**

၂၀၀၃ ခုနှစ်တွင် Prompt Global Strike (PGS) ပရိုဂရမ်ကို လုပ်ဆောင်ရန်ကြံရွယ်နေစဉ် အမေရိကန်လေတပ်နှင့် Defense Advanced Research Projects Agency(DARPA) တို့သည် Common Aero Vehicle(CAV)ကို တီထွင်ရန်အတွက် FALCON စီမံကိန်းကိုစတင်ခဲ့သည်။ CAV သည် သမားရိုးကျပဲ့ထိန်းဒုံးကျည်ဖြစ်သလို Hypersonic Reentry Vehicle ဒုံးကျည်အဖြစ်လုပ်ဆောင်နိုင်မည်ဖြစ်သည်။

၂၀၀၈ ခုနှစ်တွင် FALCON ပရိုဂရမ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် DARPA သည် CAV ကို လက်ဆင့်ကမ်းအမွေဆက်ခံမည့် Hypersonic Test Vehicle (HTV-2) ကို စတင်လုပ်ဆောင်ခဲ့သည်။ လုံးပတ်ပုံသဏ္ဌာန်ရှိသော CAV ဒုံးကျည်နှင့်မတူဘဲ HTV-2 သည် သပ်ရိုက်သည့်သစ်သားချောင်းကဲ့သို့ပုံသဏ္ဌာန်ရှိသည်။ ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၁ ခုနှစ်တို့တွင် Booster မှခွဲထွက်ခြင်းနှင့် Aerodynamic ပျံသန်းမှုစတင်ခြင်း စသည့်မတူညီသောစမ်းသပ်မှုနှစ်ခုတွင် အောင်မြင်သော်လည်း Hypersonic Glider ပျံသန်းမှုတွင် မအောင်မြင်ခဲ့ပေ။ နောက်ဆုံးတွင် ၂၀၁၈ ခုနှစ်၌ ကာကွယ်ရေးဝန်ကြီးဌာနမှ HTV-2 ၏ နောက်ထပ်စမ်းသပ်မှုများကို ပြုလုပ်တော့မည်မဟုတ်ကြောင်း ကြေညာခဲ့သည်။

၂၀၁၀ ပြည့်နှစ်တွင် DARPA သည် ArcLight Program အောက်တွင် ဒီဇိုင်းသစ်တစ်ခုကို အချိန်အတော်ကြာလုပ်ဆောင်ခဲ့သော်လည်း ၂၀၁၂ ခုနှစ်တွင် စီမံကိန်းကို ရပ်ဆိုင်းခဲ့ရသည်။ ၂၀၁၀ ပြည့်နှစ်တွင် အမေရိကန်နိုင်ငံသည် ဂျက်လေယာဉ်အင်ဂျင်ဖြင့်မောင်းနှင်ထားသည့် ဘိုးရင်း X-51 Hypersonic ခရုဇ်ဒုံးကျည်ကိုလည်း စမ်းသပ်ခဲ့သည်။ သို့သော် အဆိုပါအစီအစဉ်သည် ကျေနပ်ဖွယ်ရာရလဒ်မရှိဘဲ ၂၀၁၃ ခုနှစ်တွင် ပြီးဆုံးခဲ့သည်။

သို့သော် အမေရိကန်နိုင်ငံ၏ ဆက်တိုက်ရင်ဆိုင်နေရသော စမ်းသပ်တီထွင်မှု၊ မအောင်မြင်မှုများကြားတွင် Hypersonic နည်းပညာနှင့် ပတ်သက်သည့် စီမံကိန်းတစ်ခုအောင်မြင်သွားခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် အမေရိကန်ကြည်းတပ်သည် အခြားသော Hypersonic လေဟုန်စီးလက်နက် Advanced Hypersonic Weapon(AHW) ကို စတင်လုပ်ဆောင်ခဲ့သည်။ အဆိုပါ Glider သည် ထုလုံးချွန်(Conical) ပုံသဏ္ဌာန်ရှိပြီး အမေရိကန်စစ်ဘက်အနေဖြင့် အလားတူစမ်းသပ်မှုကို ၂၀၁၁ ခုနှစ်တွင် အောင်မြင်စွာပြုလုပ်ခဲ့သည်။

Hypersonic လက်နက် AHW သည် ၂၀၁၄ ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန(DOD)က ပြုလုပ်သော ဒုတိယအကြိမ်စမ်းသပ်မှုအတွင်း မျှော်မှန်းချက်များကိုမပြည့်မီသော်လည်း AHW ၏ Scaled Version ကိုအသုံးပြု၍ ၂၀၁၇ ခုနှစ်တွင်ပြုလုပ်ခဲ့သော နောက်ဆုံးစမ်းသပ်မှုမှာ အောင်မြင်ခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် AHW ကို Common Hypersonic Glide Body (C-HGB)အဖြစ် အမည်ပြောင်းလဲခဲ့သည်။ ပင်တဂွန်စစ်ဌာနချုပ်က ၎င်းကို အမေရိကန် ကြည်းတပ်၊ ရေတပ်နှင့် လေတပ်အတွက်အသုံးများသော Hypersonic လေဟုန်စီးယာဉ်(Common Hypersonic GlideVehicle) အဖြစ် တပ်ဖြန့်အသုံးပြုမည်ဟု အရိပ်အမြွက်ပြောကြားခဲ့သည်။

**Hypersonic လက်နက်များတီထွင်ထုတ်လုပ်ရခြင်းသည် အဘယ်ကြောင့် ဤမျှခက်ခဲသနည်း**

Hypersonic လက်နက်တစ်ခု တီထွင်နေစဉ်အတွင်း လေထု၏ဆွဲငင်အားကို စီမံခန့်ခွဲအသုံးချတတ်ရန် အရေးကြီးသည်။ ၎င်းသည် လေထဲသို့တွန်းတိုက်လိုက်သည်နှင့် ၎င်း၏အမြန်နှုန်းနှင့် အချိုးကျသောခုခံမှုကို ရင်ဆိုင်ရမည်ဖြစ်သည်။ လေထုဆွဲအား (Drag) သည် လက်နက်ကိုနှေးကွေးစေပြီး မည်သည့်အင်ဂျင်မှ ပါဝါပေးထားခြင်းမျိုးမပါရှိသည့်အတွက် လေဟုန်စီး၊ လျှောပျံယာဉ်(Glider)များ၌ ပြဿနာရှိတတ်သည်။

Drag သည် လေယာဉ်၏ အပူချိန်ကိုမြင့်တက်စေသည့်အပြင် ပတ်ဝန်းကျင်လေထုအပူချိန်ကိုလည်း မြှင့်တင်ပေးသည်။ ဤအပူချိန်သည် Hypersonic အမြန်နှုန်းဖြင့် ပေါင်းစပ်ပါက အလွန်ပြင်းထန်နိုင်ပြီး ၎င်းသည် ပတ်ဝန်းကျင်လေထုကို အိုင်းယွန်းဖြစ်စေကာ ဓာတုဗေဒဆိုင်ရာဓာတ်ပြုမှုဖြစ်လာစေနိုင်သည်။ ဤအိုင်းယွန်းဓာတ်ပြုလေထုသည် လက်နက်၏မျက်နှာပြင်ကို ပျက်စီးစေနိုင်သည်။ ထို့ပြင် အသံ၏အမြန်နှုန်းထက် ပိုမိုမြန်ဆန်စွာပျံသန်းနေသော အရာဝတ္ထုတစ်ခုသည် လှုပ်နေသောလေထုအလွှာကို ဖြစ်ပေါ်စေနိုင်ပြီး Shock Wave ဟု ခေါ်ဆိုလေ့ရှိကြသည်။ အသံထက်မြန်သောအရှိန်ဖြင့် ဤလှုပ်ခတ်လှိုင်း (Shock Wave) သည် လက်နက်၏ ဦးတည်ရာရွေ့လျားမှုနှင့်အတူ အလွန်ကျဉ်းမြောင်းသောထောင့်ကိုဖြစ်စေပြီး အပူချိန်မြင့်မားသော ဓာတုဗေဒသဘောအရ မတည်မငြိမ်လေသည် လက်နက်၏မျက်နှာပြင်နှင့် အနီးကပ်ထိတွေ့ရန် တွန်းအားပေးခြင်းဖြစ်သည်။

ဤအချက်များသည် ဒုံးကျည်၏ မခြင်းအဆင့်ကြံ့ခိုင်မှုကို ခြိမ်းခြောက်နေပြီး Hypersonic ဒုံးကျည်များ ဒီဇိုင်းထုတ်ခြင်းအတွက် သိသာထင်ရှားသော စိန်ခေါ်မှုများဖြစ်ပေါ်လာသည်။ ထို့ပြင် ရွေ့လျားနိုင်မှုသည် အားကောင်းသည့် Hypersonic ဒုံးကျည်အတွက် အရေးကြီးသောလိုအပ်ချက်ဖြစ်သော်လည်း အနိမ့်ပိုင်းပင့်အားနှင့် အမြင့်ပိုင်းဆွဲယူနိုင်မှုသည် ဤစွမ်းရည်ကို ဟန့်တားနိုင်သည်။ အသံထက်မြန်သော အရှိန်ဖြင့်ပျံသန်းနေသော အရာဝတ္ထုတစ်ခု၏ ဦးတည်ရာကိုပြောင်းလဲခြင်းဖြင့် အရွေ့စွမ်းအင်ကို အများအပြားအသုံးပြုရမည်ဖြစ်သည်။

Hypersonic ဒုံးကျည်များ တီထွင်ထုတ်လုပ်ရာတွင် စိန်ခေါ်မှုမှာ အရည်အသွေးမြင့် Hypersonic ဒုံးကျည်များကို ဦးစွာတီထွင်သည့်နိုင်ငံသည် ဤခေတ်သစ်လက်နက်ပြိုင်ဆိုင်မှုတွင် ဦးဆောင်သွားနိုင်မည်ဖြစ်သည်။ ဤလက်နက်ပြိုင်ပွဲတွင် အဓိကအင်အားကြီးနိုင်ငံများအားလုံးသည် Hyper Boost-Glide ဒုံးကျည်အမျိုးအစားကို တီထွင်နိုင်သည့်အပြင် Scramjet နည်းပညာသုံး Hypersonic ဒုံးကျည်အမျိုးအစားကို စမ်းသပ်ရာတွင် အောင်မြင်မှုတချို့ရရှိထားပြီးဖြစ်သည်။ တရုတ်၊ မြောက်ကိုရီးယား၊ ရုရှားနှင့် အမေရိကန်တို့သည် Hypersonic ခရုဇ်ဒုံးကျည်ကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့သည့်နိုင်ငံများဖြစ်သည်။ နည်းပညာပြန့်ပွားမှုမရှိသေးသော Hypersonic ဒုံးကျည်များကို အခြားနိုင်ငံများကလည်း မည်ကဲ့သို့ ချဉ်းကပ်လုပ်ဆောင်ကြမည်ကို စောင့်ကြည့်သွားရမည်ဖြစ်သည်။

**https://interestingengineering.com/innovation/hypersonic-missiles မှ What are hypersonic missiles and how does hypersonic weapon technology work? ကို ဘာသာပြန်ဆိုထားပါသည်။**

မျိုးခိုင်(ရေနံချောင်း)

# ဟိုင်းကြီးကျွန်းမြို့ ငွေတောင်ကမ်းခြေသို့ နွေရာသီကျောင်းပိတ်ရက်တွင် ခရီးသွားလာရောက်မှုများပြားနေ



**ငပုတော မတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ တင်းချောင်းကျေးရွာအနီးရှိ ငွေတောင်ကမ်းခြေသို့ နွေရာသီကျောင်းပိတ်ရက်အတွင်း ခရီးသွား လာရောက်မှုများပြားနေကြောင်း ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းအသင်းမှ ခရီးသွားလုပ်ငန်းတာဝန်ခံ ဒေါ်နီနီမာက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ ငွေတောင်ကမ်းခြေသို့ မတ် ၁၈ ရက်မှ ယနေ့ထိ လာရောက်လည်ပတ်သည့် ခရီးသွားများပြားနေကြောင်း၊ အဆိုပါကမ်းခြေသို့ ခရီးသွားလာရောက်မှုမှာ တစ်ရက်လျှင် ပျမ်းမျှဦးရေ ၃၀၀ ထိ လာရောက်နေကြောင်း သိရသည်။

"လက်ရှိ ငွေတောင်ကမ်းခြေကို လာတဲ့ ခရီးသွားတွေ များနေပါတယ်။ ငွေတောင်ကမ်းခြေကို ကျောင်းပိတ်ရက်ဖြစ်လို့ ပုံမှန်ရက်တွေထက် ခရီးသွားသိသိသာသာ များလာတာ။ အရင်လတွေက တစ်ရက်ကို ခရီးသွားပျမ်းမျှဦးရေ ၆၀ နဲ့ ၇၀ လောက်ပဲလာပါတယ်။ စနေနဲ့ တနင်္ဂနွေရက်တွေလောက်မှသာ ခရီးသွားဦးရေ ၁၀၀ လောက် လာတာပါ"ဟု ခရီးသွားလုပ်ငန်းတာဝန်ခံ ဒေါ်နီနီမာက ပြောပြသည်။

ငွေတောင်ကမ်းခြေကို လာရောက်လည်ပတ်သည့် ခရီးသွားများ အဆင်ပြေစေရန်အတွက် ကမ်းရိုးတန်းရေယာဉ်များ၊ Express မော်တော်ယာဉ်များ၊ ခေါက်တို သုံးဘီးယာဉ်များ၊ စင်းလုံးငှားမော်တော်ယာဉ်များ ပြေးဆွဲပေးလျက်ရှိကြောင်း ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းအသင်းမှ ခရီးသွားလုပ်ငန်းတာဝန်ခံ ဒေါ်နီနီမာက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ရေနံချောင်းမြို့နယ် မကျီးတိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ရေနံချောင်း မတ် ၂၃**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မကျီးတိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို မတ် ၂၂ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် ဝန်ထမ်းများက မကျီးတိုင်းကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ စီမံကိန်းနှင့်ပတ်သက်သည့် စာရင်းဇယားများစနစ်တကျ ပြည့်သွင်းထားခြင်းရှိမရှိ၊ ငွေစာရင်းစာအုပ်များ ပြည့်စုံမှန်ကန်စွာ ရေးသွင်းထားခြင်းရှိမရှိနှင့် ချေးငွေစာချုပ်ပါလုပ်ငန်းအမျိုးအစားများကို အမှန်တကယ်ဆောင်ရွက်မှုရှိ၊ မရှိတို့ကို စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များဖြည့်စွက်မှာကြားသည်။



မကျီးတိုင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၈ ဦးကို ငွေကျပ် ၁၉၂ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၇ ဦးကို ငွေကျပ် ၁၃၃ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၁၄ သိန်းကျော် စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၅၈ ဦးကို ငွေကျပ် ၃၃၉ သိန်းကျော်ထိ ထုတ်ချေးပေးထားကြောင်း သိရသည်။

**နွဲ့ယဉ်**

# မိတ္ထီလာမြို့နယ် ဂွေးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိတ္ထီလာ မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဂွေးကုန်းကျေးရွာနှင့် သစ်စိမ့်ပင်ကျေးရွာတို့အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ဂွေးကုန်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖျေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ စီမံကိန်းမှ ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုးနှုန်းကာလ သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး၊ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅၆ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်းဆဋ္ဌမအကြိမ်အဖြစ် ဂွေးကုန်းကျေးရွာနှင့် သစ်စိမ့်ပင်ကျေးရွာတို့ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူစုစုပေါင်းအသင်းသား၊ အသင်းသူ ၉၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလွင်နှင့် စီမံကိန်းတာဝန်ခံများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြကြောင်း သိရသည်။

**မျိုးထက်အောင်(ပျော်ဘွယ်)**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၃-၃-၂၀၂၃

**ရွှေ**

| | | |
|---|---|---|
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၉၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၂၈၀၀၀ |

**(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |

**စက်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၁၂၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၀၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၀၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၉၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# တရုတ်-မြန်မာ နှစ်နိုင်ငံနယ်နိမိတ်ဆိုင်ရာကိစ္စရပ်များ၊ ရဲတပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai ဦးဆောင်သောအဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် မတ် ၂၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai ဦးဆောင်သောအဖွဲ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ရုံးအမှတ်(၁၀) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တရုတ်-မြန်မာ နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စ၊ နှစ်နိုင်ငံနယ်နိမိတ်ဆိုင်ရာကိစ္စရပ်များ၊ ရဲတပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စနှင့် နှစ်နိုင်ငံအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီနှင့် အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများ၊ အရာထမ်း (အမျိုးသမီး)၊ တပ်ဖွဲ့ဝင်၊ ဝန်ထမ်း အရာထမ်းများ၏ မိသားစုဝင်များ အခြေခံအဘိဓမ္မာသင်တန်း ဖွင့်ပွဲကျင်းပ

**နေပြည်တော် မတ် ၂၃**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများ၊ အရာထမ်း(အမျိုးသမီး)၊ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းအရာထမ်းများ၏ မိသားစုဝင်များ အခြေခံအဘိဓမ္မာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီနှင့် ဇနီး၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်၏ ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့် ဇနီး၊ တပ်ဖွဲ့၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာမများနှင့် သင်တန်းတက်ရောက်ကြမည့် ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများ၊ အရာထမ်း(အမျိုးသမီး)၊ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းအရာထမ်းများ၏ မိသားစုဝင် သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အခြေခံအဘိဓမ္မာသင်တန်းဖွင့်လှစ်ပေးရခြင်းမှာ မြတ်စွာဘုရားရှင်ဟောကြားခဲ့သည့် အဘိဓမ္မာခုနစ်ကျမ်းနှင့်ပတ်သက်၍ အခြေခံအဆင့်အနေဖြင့် သိရှိနားလည်နိုင်စေရန်နှင့် အမျိုးဘာသာ၊ သာသနာ၊ အမျိုးဂုဏ်ဇာတိဂုဏ်ကို ချစ်မြတ်နိုးတတ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ အဘိဓမ္မာတရား၏ အခြေခံကိုသိရှိနားလည်ပြီး လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ခြင်းနှင့် ပေါင်းသင်းဆက်ဆံရာတွင်လည်း များစွာအထောက်အကူပြုခြင်း စသည့် အကျိုးကျေးဇူးကို ရရှိမည်ဖြစ်ကြောင်း ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ တာဝန်ရှိသူများက သင်တန်းတက်ရောက်ကြမည့် သင်တန်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

အဆိုပါ အခြေခံအဘိဓမ္မာသင်တန်းကို ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများ၊ အရာထမ်း(အမျိုးသမီး)၊ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းအရာထမ်းများ၏ မိသားစုဝင် သင်တန်းသူစုစုပေါင်း ၆၄၃ ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ မတ် ၂၃ ရက်မှ ၃၀ ရက်ထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် အခြေခံအဘိဓမ္မာသင်တန်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ထို့နောက် ယနေ့ နေ့လယ်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၈) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ယဉ်ကျေးလိမ္မာသင်တန်းတက်ရောက်လျက်ရှိသော ပြည်ထဲရေးဝန်ကြီးဌာနအောက်မှ ဝန်ထမ်းသားသမီးများ၏ သင်တန်းသင်ကြားနေမှုအခြေအနေကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ တပ်ဖွဲ့၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများ၊ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မတ် ၂၃ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိ

**နေပြည်တော် မတ် ၂၃**

မတ် ၂၂ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၃၅၅၄ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၄၀၂၀ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၄၈၉ ဦး |

# သတိပေးနှိုးဆော်ချက်

(၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ၂၀၂၃ ခုနှစ် မတ် ၂၇ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် အဆိုပါနေ့ရက်တွင် ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ပျဉ်းမနားမြို့နယ် ဘောဂသိဒ္ဓိမီးပွိုင့်မှ ဇေယျာသီရိမြို့နယ် သိုက်ချောင်းလမ်းဆုံမီးပွိုင့်ထိ ယာဉ်သွားလာမှုကို ည ၁၂ နာရီ ၅ မိနစ် မှ နံနက် ၁၀ နာရီထိ ခေတ္တလမ်းပိတ်၊ လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်သဖြင့် မော်တော်ယာဉ် မောင်းနှင်သွားလာနေကြသည့် ယာဉ်မောင်းများအနေဖြင့် ၎င်းနေ့တွင် နေပြည်တော်-ဇေယျာသီရိမြို့နယ် သိုက်ချောင်းလမ်းဆုံမီးပွိုင့်မှ နိဗ္ဗာန်လမ်း(မြို့ပတ်လမ်း)အတိုင်း ခွာညိုပန်းအဝိုင်းထိ၊ ၎င်းမှ ရာဇသင်္ဂဟလမ်းအတိုင်း ကုမုဒြာကြာပန်းအဝိုင်းထိ၊ ရာဇဌာနီလမ်းအတိုင်း ပျဉ်းမနားမြို့နယ် ပန်းခင်းလမ်းမီးပွိုင့်၊ ဘောဂသိဒ္ဓိမီးပွိုင့်မှတစ်ဆင့် ရန်ကုန်-မန္တလေး လမ်းဟောင်းမှ လမ်းလွှဲမောင်းနှင်ပေးကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နဝင်းချောင်းကူးတံတား၊ ကျေးရွာချင်းဆက်လမ်းများနှင့် ကုန်ထုတ်လမ်း ဖွင့်ပွဲအခမ်းအနားများ ကျင်းပ



**နေပြည်တော် မတ် ၂၃**

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မကျီးပင်အုပ်စုအတွင်းရှိ ကျေးရွာတို့ကို ဆက်သွယ်ထားသော နဝင်းချောင်းကူး သံကူကွန်ကရစ်တံတားဖွင့်ပွဲအခမ်းအနား၊ ပုဏ္ဏမာ-ရွာတော်ကုန်းကျေးရွာချင်းဆက်လမ်းနှင့် လယ်ဝေးမြို့နယ် အောင်ကြီးကုန်းကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းက အဆိုပါနေရာများတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အမှာစကားပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က ယခုနဝင်းချောင်းကူးတံတား တည်ဆောက်နိုင်မှုကြောင့် မကျီးပင်ကျေးရွာဘက်ကမ်းမှ ကျေးရွာ ငါးရွာရှိ အိမ်ခြေ ၆၄၂ အိမ်၊ လူဦးရေ ၂၇၇၇ ဦးကို အကျိုးပြုမည်ဖြစ်ပြီး တံတားရေရှည်တည်တံ့ခိုင်မြဲစေရန် ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်း စောင့်ရှောက်ပေးစေလိုကြောင်း ပြောကြားကာ ဒေသခံပြည်သူတစ်ဦးက တံတားတည်ဆောက်ပေးသည့်အတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်နှင့် ဦးဇေယျာလင်း၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်နှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က နဝင်းချောင်းကူး သံကူကွန်ကရစ်တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာသော ဧည့်သည်တော်များက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းကာ တံတားကို ဖြတ်သန်းကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်းမှ ပုဏ္ဏမာ-ရွာတော်ကုန်းကျေးရွာ ဆက်သွယ်သော ကျေးရွာချင်းဆက်လမ်းကတ္တရာလမ်း ဖွင့်ပွဲအခမ်းအနားသို့ ရောက်ရှိကြပြီး နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်နှင့် ဦးဇေယျာလင်း၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်နှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးထွန်းနိုင်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကတ္တရာလမ်းသစ်ကို လှည့်လည်ကြည့်ရှုကြသည်။ အဆိုပါ ပုဏ္ဏမာ-ရွာတော်ကုန်းကျေးရွာချင်းဆက်လမ်းမှာ အရှည်တစ်မိုင် ၂ ဒသမ ၆ ဖာလုံရှိပြီး ကျေးရွာနှစ်ရွာမှ တောင်သူများ၏ စိုက်ပျိုးဧက ၃၃၀ ကျော်ကို အကျိုးပြုပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လယ်ဝေးခရိုင် လယ်ဝေးမြို့နယ် အောင်ကြီးကုန်းကျေးရွာ ကုန်ထုတ်လမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်တို့က ကုန်ထုတ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်ပို့ချလျက်ရှိသော လုပ်ငန်းခွင်ဝင်သင်တန်းသို့ ရောက်ရှိကာ သင်တန်းတက်ရောက်နေသော ဝန်ထမ်းသစ်များနှင့် တွေ့ဆုံဆွေးနွေးမှာကြားသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပျဉ်းမနားခရိုင်ရုံးရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဌာနခွဲသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# မြန်မာ-တရုတ် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မတ် ၂၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်ကို ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်က စတင်အဆိုပြုခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ လူသားယဉ်ကျေးမှု အစီအစဉ် (Global Civilization Initiative) ကိစ္စ၊ တရုတ်နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်နှင့် (၁၄)ကြိမ်မြောက် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်အစည်းအဝေးတို့မှရရှိခဲ့သည့် အောင်မြင်မှုရလဒ်များ၊ မြန်မာ-တရုတ် နယ်စပ်ဒေသငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေး ပိုမိုမြှင့်တင်ရန် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများနှင့် ရခိုင်ပြည်နယ် နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်အောင်မြင်စေရေးအတွက် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့် ကိစ္စရပ်များအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- ❖ နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေး ဆိုင်ရာ ဆိုးကျိုးများစွာခံစားရစေပါသည်။
- ❖ ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

# CMP စက်ရုံများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ဒုတိယဝန်ကြီး ကြည့်ရှုအားပေး



**ရန်ကုန် မတ် ၂၃**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အလုပ်သမားရေးရာဌာနများမှ တာဝန်ရှိသူများနှင့် လှိုင်သာယာမြို့နယ်ရှိ Myanmar LYN CAPS Co.,Ltd ဦးထုပ်စက်ရုံနှင့် Newtop Lotus Co.,Ltd အထည်ချုပ်စက်ရုံသို့ သွားရောက်ပြီး လုပ်ငန်းခွင်အတွင်း စက်ရုံ၊ အလုပ်ရုံများ၌ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်၍ အရည်အသွေးမြှင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး ကြည့်ရှုအားပေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့ကို စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံတာဝန်ခံများနှင့် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက အလုပ်သမားများအနေဖြင့် လုပ်ငန်းခွင်စည်းကမ်းများကို အလေးထားလေးစားလိုက်နာဆောင်ရွက်ရန်၊ စက်ရုံအတွင်းရှိ သတ်မှတ်အဆင့်မီသူများကို ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်များ ရယူနိုင်ရေး အားပေးဆောင်ရွက်ရန်၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ အလုပ်သမားရေးရာ အငြင်းပွားမှုများ လျှော့နည်းစေရေး အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC)နှင့် အလုပ်သမား အဖွဲ့အစည်းများသည် အလုပ်ရှင်များနှင့် စဉ်ဆက်မပြတ်ထိတွေ့ပြီး မျှတသည့် အလုပ်သမားရေးရာ ဆက်ဆံမှုရှိရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြား၍ အလုပ်သမားကိုယ်စားလှယ်များ၏ တင်ပြချက်များကို စက်ရုံ၊ အလုပ်ရုံတာဝန်ခံများနှင့် ညှိနှိုင်းဆောင်ရွက်ပေး၍ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပန်းတနော်မြို့နယ် ရွှေလှေကျေးရွာရှိ တပ်မတော်ကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်တော်မူသော ပြည်လုံးကပ်ကျော့်ကိုးနဝင်းစေတီတော်မြတ်အား စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်အသစ်တင်လှူပူဇော်ခြင်းနှင့် (၇၆)ကြိမ်မြောက် စုပေါင်းမဟာဒုက် ရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာပြုလုပ်

**နေပြည်တော် မတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် ရွှေလှေကျေးရွာအုပ်စု ရွှေလှေကျေးရွာရှိ တပ်မတော်ကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်တော်မူသော ပြည်လုံးကပ်ကျော့် ကိုးနဝင်းစေတီတော်မြတ်အား စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ရွှေထီးတော်အသစ်တင်လှူပူဇော်ခြင်းနှင့် (၇၆)ကြိမ်မြောက် စုပေါင်းမဟာဒုက် ရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင်ပြုလုပ်ရာ ပန်းတနော်မြို့ မြတောင်ကျောင်းတိုက်နာယက စာချ



ဆရာတော်ထံ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင် စိန်ဖူးတော် ဆက်ကပ်လှူဒါန်းစဉ်။

ဆရာတော် ဘဒ္ဒန္တကုမာရ အမှူးပြုသော သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက မြတောင်ကျောင်းတိုက်နာယက စာချဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်နှင့် လှူဖွယ်ဝတ္ထုများကို သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြပြီး မြတောင်ကျောင်းတိုက်နာယက စာချဆရာတော်ထံမှ အနုမောဒနာတရားနာကြားကာ ရေစက်သွန်းချအမျှပေးဝေကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တို့ကို ဒေဝါဝင်း၊ရာဇာဝင်းများခြံရံလျက် ပြည်လုံးကပ်ကျော့်ကိုးနဝင်းစေတီတော်မြတ်အား လက်ယာရစ်လှည့်လည်ပူဇော်ကြ၍ မင်္ဂလာအချိန်တွင် စေတီအထွတ်သို့ပင့်ဆောင်တင်လှူပူဇော်ကြပြီး သံဃာတော်များက စေတီတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ကြသည်။

၎င်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သိမ်ဆင်းသံဃာတော် ၇၆ ပါးတို့ကို သိမ်ဆင်းလောင်းလှူခဲ့ကြပြီး နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။




ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများက ဆေးကုသမှုခံယူရန်အတွက် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ပေါ်သို့ လာရောက်ကြစဉ်။

**နေပြည်တော် မတ် ၂၃**

ကမ်းရိုးတန်းဒေသ တစ်လျှောက်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်နှင့်ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့များမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများလိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်ရှိ နယ်မြေခံရေတပ်အခြေစိုက်စခန်း ဆိပ်ခံတံတား၌အခြေပြု၍ ကိုကိုးကျွန်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူ ၁၀၈ ဦးကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးကြသည်။

ထိုသို့ဆောင်ရွက်ပေးရာ ဆေးကုသမှုဆိုင်ရာရောဂါ ၅၁ ဦး၊ ခွဲစိတ်ရောဂါ ခြောက်ဦး၊ သားဖွားမီးယပ်ရောဂါ သုံးဦး၊ ကလေးရောဂါ ငါးဦး၊ အရိုးရောဂါ ၁၃ ဦး၊ နား၊နှာခေါင်း၊လည်ချောင်းရောဂါ ငါးဦး၊ မျက်စိရောဂါ ၁၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ခြောက်ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ထို့ပြင် ဓာတ်မှန်ရိုက်လူနာ နှစ်ဦး၊ Ultrasound ဖြင့်စမ်းသပ်စစ်ဆေးလူနာ လေးဦးနှင့် ECG ဖြင့် နှလုံးစမ်းသပ်လူနာ ခြောက်ဦးတို့ကိုရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

ကျန်းမာရေး ဆောင်ရွက်ပေးမှုအပေါ် နယ်မြေခံတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါတယ်-

"အခုလို လာရောက်ဆေးကုသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ဒေသခံပြည်သူတွေအနေနဲ့ ရန်ကုန်ကိုသွားပြီး ဆေးကုသရင် အရမ်းအကုန်အကျများပါတယ်။ ရောဂါပေါင်းစုံလွယ်လွယ်ကူကူကုသရတဲ့အတွက် ကျေးဇူးလဲတင်ပါတယ်။ကျွန်တော်တို့မြို့ကိုအခုလိုလာရောက်ကုသခွင့်ပေးတဲ့ နိုင်ငံတော်ဝန်ကြီးချုပ်ကိုလဲ အထူးပဲကျေးဇူးတင်ပါတယ်။လိုအပ်ချက်တွေကိုလဲဖြည့်ဆည်းပေးပါတယ်။ကျွန်တော်တို့ ကျွန်းနေပြည်သူတွေကိုလဲ သေချာဂရုစိုက်ကုသပေးပါတယ်။စားရေး၊သောက်ရေး၊ နေရေး၊ထိုင်ရေးကိုလဲ ဂရုစိုက်ပေးပါတယ်။ အခုလိုဆေးကုသပေးမှုတွေကိုလဲ မကြာခဏ လာရောက်ပေးစေလိုပါတယ်။အခုလိုပါရဂူတွေအများကြီးပါတဲ့ သံလွင်ဆေးကုသင်္ဘောကြီး လာရောက်ဆေးကုသပေးတဲ့အတွက် ပါရဂူကြီးတွေနဲ့ ဆရာဝန်၊ ဆရာမတွေကိုလဲ အထူးပဲကျေးဇူးတင်ပါတယ်။နိုင်ငံတော်အကြီးအကဲကိုလဲ အထူးပဲကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်"ဟု ဒေသခံတစ်ဦးက ပြောပြသည်။

"ကျွန်မကတော့ ကျွန်းမှာမွေးပြီး ကျွန်းမှာကြီးတဲ့ ကျွန်းသူတစ်ယောက်ဖြစ်ပါတယ်။ ကျွန်းမှာတော့ကျန်းမာရေးဖြစ်လာပြီဆိုရင် အရမ်းခက်ခဲမှုရှိပါတယ်။ မြို့ပေါ်မှာရှိတဲ့ ဆရာဝန်၊ ဆရာမ နည်းပါးမှုရှိတဲ့အတွက် ရောဂါကြီးကြီးမားမားဖြစ်လာရင် အရမ်းခက်ခဲပါတယ်။ အခုလိုသံလွင်ဆေးကုသင်္ဘောကြီး လာရောက်ကုသပေးတော့ မျက်စိဆရာဝန်ကြီးတွေ၊အရိုးအကြောဆရာဝန်ကြီးတွေ၊ သားဖွားမီးယပ်ဆရာဝန်ကြီးတွေ၊ အထွေထွေရောဂါကုသပေးတဲ့ဆရာဝန်ကြီးတွေပါတဲ့အတွက် ကျွန်မတို့ကျွန်းသူ၊ကျွန်းသားတွေအတွက် အရမ်းကိုအဆင်ပြေပါတယ်။ အတွင်းတိမ်မျက်လုံးဝေဒနာခံစားနေသူတွေအတွက်လဲမှန်ဘီလူးနဲ့ အစားထိုးကုသပေးတဲ့အတွက် ကျွန်းသူ၊ကျွန်းသားတွေအတွက် အများကြီးအဆင်ပြေပါတယ်။



ဓာတ်မှန်ရိုက်ကူးကုသပေးတဲ့အတွက် ခန္ဓာကိုယ်အတွင်းပိုင်းမှာရှိတဲ့ရောဂါ ရှိ၊ မရှိကိုလဲ သိရှိနိုင်ပါတယ်။ဆေးဆိုရင်လဲ တစ်လစာပေးတာမျိုး၊ ဆေးထိုးပေးတာမျိုးကုသမှုပေးပါတယ်။ ဆေးဝါးစုံစုံလင်လင်၊ ပါရဂူများ၊ ဆရာဝန်ကြီးတွေနဲ့ ကုသခွင့်ရတဲ့အတွက် နိုင်ငံတော်အကြီးအကဲကိုလဲ အရမ်းပဲကျေးဇူးတင်ပါတယ်။ ခွဲစိတ်မှုလိုအပ်တဲ့လူနာတွေကိုလဲ သင်္ဘောပေါ်မှာပဲခွဲစိတ်ပေးပါတယ်။ စားရေး၊သောက်ရေးလဲ စီစဉ်ပေးပါတယ်။သွားရေး၊လာရေးအတွက်လဲ စီစဉ်ပေးပါတယ်။ သံလွင်ဆေးကုသင်္ဘောကြီး



ကို အမြဲတမ်းလာရောက်ကုသပေးစေလိုပါတယ်။ အခုလိုစီစဉ်ပေးတဲ့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပါရဂူကြီးတွေ၊ ဆရာဝန်၊ ဆရာမတွေအားလုံးကို အထူးကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါတယ်"ဟု ဒေသခံတစ်ဦးက ပြောပြသည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရှမ်းပြည်နယ် လားရှိုးမြို့ ရပ်ကွက်(၁၂) နယ်မြေ(၁၉) မန်ဆူ ရှမ်းကျောင်းနောက် ဟူးမွန်လမ်း အမှတ်(၄/၁၉/၇၆၄)တွင် ပါတီရုံးချုပ်တည်ရှိသော **ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ(KKDUP)**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် မတ် ၂၂ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ယ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ (KKDUP)၏ အလံပုံစံ



ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ (KKDUP)၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့ ကံသာရပ် တိတ်နန်းတံတားအနီး ရုံးကြီးလမ်းတွင် ပါတီရုံးချုပ်တည်ရှိသော **အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ(Inn National League Party)**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ်ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် မတ် ၂၂ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ယ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ (Inn National League Party)၏ အလံပုံစံ



အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ (Inn National League Party)၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက် တာမွေအဝိုင်းအနီး အနောက်မြင်းပြိုင်ကွင်းလမ်း ပထမထပ် အမှတ်(၄၇)တွင် ပါတီရုံးချုပ်တည်ရှိသော **အမျိုးသားဒီမိုကရေစီအင်အားစုပါတီ [National Democratic Force Party (NDF)]**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ်ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် မတ် ၂၂ ရက်တွင် လျှောက်ထားလာပါသည်။ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကိုဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ယ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

အမျိုးသားဒီမိုကရေစီအင်အားစုပါတီ [National Democratic Force Party (NDF)]၏ အလံပုံစံ



အမျိုးသားဒီမိုကရေစီအင်အားစုပါတီ [National Democratic Force Party (NDF)]၏ တံဆိပ်ပုံစံ




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မတ် ၂၃**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ**၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ(Karen National Democratic Party)**တို့သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်၊ နိုင်ငံရေးပါတီအဖြစ်ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်တို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့လာရောက်လျှောက်ထားခဲ့သည်။

ယနေ့ထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ လျှောက်ထားသောပါတီ ရှစ်ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ လျှောက်ထားသောပါတီ ၃၂ ပါတီဖြစ်၍ စုစုပေါင်းပါတီ ၄၀ ဖြစ်သည်။ယင်းပါတီ ၄၀ တွင် ပြည်ထောင်စုတစ်ဝန်းလုံးစည်းရုံးမည့်ပါတီ ၁၀ ပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့် ပါတီ ၃၀ ဖြစ်ပြီး အဆိုပါ ပါတီများကိုတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အစိုးရဓမ္မာစရိယစာမေးပွဲ တတိယနေ့ကျင်းပ

**နေပြည်တော် မတ် ၂၃**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၄ ခုနှစ်အစိုးရဓမ္မာစရိယစာမေးပွဲ တတိယနေ့ကို ယနေ့၌ နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၇၀ ဌာနတို့တွင် စာဖြေစာရင်းသွင်း ၁၃၈၈၀ ပါး/ဦးအနက် ၁၁၁၅၉ ပါး/ဦးဖြေဆိုကြသဖြင့် ၈၀ ဒသမ ၄၀ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

## (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအောင်မြင်စွာ ကျင်းပပြီးစီး



**နေပြည်တော် မတ် ၂၃**

(၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပိတ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

ယနေ့တွင် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာခန်းမအပြင်ဘက်၌သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့တွင် ကျောက်စိမ်းအတွဲအမှတ် (၁၅၀၁) မှ (၂၁၅၀) ထိ ကျောက်စိမ်းအတွဲ ၆၅၀ အတွက် တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ကျောက်စိမ်းအတွဲ ၄၃၀ ရောင်းချရကြောင်း ကြေညာသည်။

ပြပွဲတွင်ပြည်တွင်းပြည်ပရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲ ၂၉၅ တွဲကို မတ် ၁၈ ရက်မှ ၁၉ ရက်ထိရောင်းချပေးခဲ့ရာပုလဲအတွဲ ၂၉၀ ကိုလည်းကောင်း၊ ကျောက်မျက်အတွဲ ၁၂၀ ကို မတ် ၂၀ ရက်တွင် ရောင်းချပေးခဲ့ရာ ကျောက်မျက်အတွဲ ၇၇ တွဲကိုလည်းကောင်း၊ ကျောက်စိမ်းအတွဲ ၂၁၅၀ ကို မတ် ၁၇ ရက်မှ ၂၁ ရက်ထိ ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲ ၁၅၄၄ တွဲကိုလည်းကောင်း ရောင်းချပေးနိုင်ခဲ့သည်။

(၅၈)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများရရှိနိုင်စေရန်အတွက် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၏ စီစဉ်မှုဖြင့် မတ် ၁၇ ရက်မှ ၂၃ ရက်ထိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ အောင်မြင်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ပညာလမ်း အမှတ်(၁၀၁၀/ခ)တွင် ပါတီရုံးချုပ်တည်ရှိသော **အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ်ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် မတ် ၂၂ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကိုဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ယ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ၏ အလံပုံစံ



အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ၏ တံဆိပ်ပုံစံ




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# (၇၈)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ ဒူဝါဇော်ရစ်လမ်း အဆင့်မြင့်နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်လှစ်

**နေပြည်တော် မတ် ၂၃**

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် ဒူဝါဇော်ရစ်လမ်း အဆင့်မြင့်နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင်ပြုလုပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် White Monolith ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက လမ်းတံတားလုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆင့်မြင့်နိုင်လွန်ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လမ်းဖောက်လုပ်ထားရှိမှုအခြေအနေများကို ကြည့်ရှုကြသည်။

အဆိုပါ အဆင့်မြင့်နိုင်လွန်ကတ္တရာလမ်းသစ်လမ်းမှာ အရှည် ပေ ၂၅၃၀၊ အကျယ် ၂၄ ပေ၊ ၃ သုံးလက်မရှိပြီး တက်ကုန်းရပ်ကွက်နှင့် စီတာပူရပ်ကွက်တို့ကို ဆက်သွယ်ထားသည့် အဓိကလမ်းမကြီးဖြစ်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် တာဝန်ရှိသူများက အဆင့်မြင့်နိုင်လွန်ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



သံဃာတော်များကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# မြစ်ကြီးနားမြို့ရှိ မြေမြင့်ဗုဒ္ဓသာသနာပြုကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် မတ် ၂၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော် ၆၁ ပါးတို့ကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မြေမြင့်ဗုဒ္ဓသာသနာပြုကျောင်းတိုက်၌ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ထားဝယ်မြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို တွေ့ဆုံ



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ဆန်၊ဆီနှင့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် မတ် ၂၃**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်အတွင်းရှိ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအိမ်ရာနေ စစ်သည်များနှင့် မိသားစုဝင်များကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများက အဆိုပါအိမ်ရာ၌ သွားရောက် တွေ့ဆုံအမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများပေးအပ်ပြီး အိမ်ရာအတွင်း လှည့်လည်ကြည့်ရှု၍ မိသားစုဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ထောက်ပံ့ငွေများပေးအပ်သည်။ယင်းနောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်မြေခံဆေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများနှင့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၂၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဝဏ္ဏရပ်ကွက်နေ သန်းဇော်ဦးသည် ၎င်းအသုံးပြုသည့် "U Zaw Zaw" Face-book အကောင့်နှင့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အောင်မင်္ဂလာ (၁) ရပ်ကွက်နေ ဇော်မျိုးဦး(ခ)ပွကြီးသည် ၎င်းအသုံးပြုသည့် "Zaw Myo Oo" Face-book အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**သဇင်(FM) အသံလွှင့်အစီအစဉ်**

၂၄-၃-၂၀၂၃ (သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | နှလုံးသားဝယ်ဘုရားတည် |
| ၂။ | ၁၄း၃၀ | ပြည်သူကြားက ပြည်သူစကား |
| ၃။ | ၁၅း၀၀ | Jumping Music |
| ၄။ | ၁၆း၀၀ | တပ်မတော်စာတိုက်ခန်း |
| ၅။ | ၂၂း၃၀ | Good Night Listeners |

# တရုတ်နိုင်ငံတွင် သဲမုန်တိုင်းတိုက်ခတ်ပြီး လေထုညစ်ညမ်းမှုအခြေအနေဆိုးရွားနေ



**ပေကျင်း မတ် ၂၃**

တရုတ်နိုင်ငံ ပေကျင်းမြို့ မြောက်ပိုင်းပြည်နယ်များတွင် မတ် ၂၁ ရက်က မွန်ဂိုလီးယားနိုင်ငံဘက်မှ ပြင်းထန်သောသဲမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ပြီး အဆိုပါဒေသများတွင် ဖုန်မှုန့်များဖြင့် ဖုံးလွှမ်းကာ လေထုညစ်ညမ်းမှုအခြေအနေမှာ အန္တရာယ်ဖြစ်စေနိုင်သည့်အဆင့်ထိ မြင့်တက်လျက်ရှိကြောင်း မိုးလေဝသဌာနက မတ် ၂၂ တွင် ပြောကြားထားသည်ဟု စီအင်န်အင်န် သတင်းဌာနက မတ် ၂၂ ရက်တွင် ရေးသားဖော်ပြထားသည်။

သဲမုန်တိုင်းတိုက်ခတ်မှုကြောင့် မြို့တော်ပေကျင်းနှင့် မြောက်ပိုင်းပြည်နယ်များတွင် လေထုညစ်ညမ်းမှုအမှုန်အမွှားများသည် PM 10 အဆင့်ထိရောက်ရှိနေသဖြင့် ပြည်သူများအနေဖြင့် မလိုအပ်ဘဲအပြင်မထွက်ကြရန်နှင့် ယာဉ်မောင်းသူများအနေဖြင့် သတိပြုမောင်းနှင်ရန် ပေကျင်းမိုးလေဝသ အာဏာပိုင်များက ကြေညာချက်ထုတ်ပြန်ထားပြီး ပေကျင်းစောင့်ကြည့်ရေးစင်တာ၏အဆိုအရ PM 10 အမှုန်အမွှားများသည် တစ်ကုဗမီတာလျှင် ၁၆၆၇ မိုက်ခရိုဂရမ်ထိပါဝင်နေပြီး ယခုနှစ်အတွက် အပြင်းထန်ဆုံးသော သဲမုန်တိုင်းဖြစ်ကြောင်း ကြေညာခဲ့သည်။

အဆိုပါသဲမုန်တိုင်းတိုက်ခတ်မှုကြောင့် တရုတ်နိုင်ငံ မြောက်ပိုင်းပြည်နယ်များကို မတ် ၂၂ ရက်မှ မတ် ၂၃ ရက် နံနက်ပိုင်းထိ တရုတ်နိုင်ငံ မိုးလေဝသဌာနက အဝါရောင်သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

နွေဦးရာသီတွင် တရုတ်နိုင်ငံ၌ သဲမုန်တိုင်းများ မကြာခဏ ဝင်ရောက် တိုက်ခတ်လေ့ရှိခြင်းမှာ စက်မှုလုပ်ငန်းများ များပြားလာခြင်းနှင့် တရုတ်နိုင်ငံ မြောက်ပိုင်း တစ်ခွင်တွင် သစ်တောပြုန်းတီးမှု ပိုမိုဆိုးရွားလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် လေထုအတွင်း အမှုန်အမွှားပါဝင်မှုကို တစ်ကုဗမီတာလျှင် ၄၅ မိုက်ခရိုဂရမ်အထက် ပါဝင်ပါက အန္တရာယ်ရှိကြောင်း သတ်မှတ်ထားပြီး တရုတ်နိုင်ငံတွင် ယခု သဲမုန်တိုင်း တိုက်ခတ်မှုကြောင့် အမှုန်အမွှားများသည် သတ်မှတ်ထားသည့်ပမာဏထက် ၃၇ ဆများနေကြောင်း သိရသည်။ AZH

# ပါကစ္စတန်တွင် လူပေါင်း ၁၀ သန်းကျော် ဘေးကင်းသောသောက်သုံးရေရရှိမှုနည်းပါးနေ

**အစ္စလာမ်မာဘတ် မတ် ၂၃**

ပါကစ္စတန်နိုင်ငံတွင် ယခင်နှစ် ဇွန်လမှ အောက်တိုဘာလထိ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့မှုကြောင့် ကလေးငယ်များအပါအဝင် လူပေါင်း ၁၀ သန်းကျော်သည် ဘေးအန္တရာယ်ကင်းသော သောက်သုံးရေရရှိမှု နည်းပါးနေကြောင်း UNICEF ၏ ထုတ်ပြန်ချက်များကို ကိုးကား၍ Business Standard သတင်းဌာနက မတ် ၂၂ ရက်တွင် ရေးသားဖော်ပြထားသည်။

ပါကစ္စတန်နိုင်ငံရှိ သန်းနှင့်ချီသော ပြည်သူများသည် ရေမှတစ်ဆင့် ကူးစက်နိုင်သောရောဂါများနှင့် နောက်ဆက်တွဲ အာဟာရချို့တဲ့မှုများကို ရင်ဆိုင်နေရပြီး ဘေးအန္တရာယ်ကင်းသော သောက်သုံးရေရရှိရေးမှာ အခြေခံလူ့အခွင့်အရေးဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံဆိုင်ရာ UNICEF ကိုယ်စားလှယ် Abdullah Fadil က ပြောကြားခဲ့ကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံတွင် လက်ရှိဖြစ်ပွားလျက်ရှိသော ကာလဝမ်းရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါတို့သည် ရေကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ဘေးကင်းသောသောက်သုံးရေနှင့် သင့်လျော်သောအိမ်သာများမရှိခြင်း၊ ရေစီးရေလာစနစ်များ မကောင်းခြင်းတို့ကြောင့်ဖြစ်ကြောင်း UNICEF က သတိပေးပြောကြားထားသည်။

ပါကစ္စတန်နိုင်ငံ ရေဘေးဒဏ်သင့်ဒေသများတွင် ကလေးငယ် ၁ ဒသမ ၅ သန်းကျော်သည် အာဟာရချို့တဲ့မှုဒဏ်ကို ပြင်းထန်စွာခံစားနေရပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့များအနေဖြင့် ယခုနှစ် မတ် ၁၅ ရက်ထိ ပါကစ္စတန်နိုင်ငံမှ ကလေးများအပါအဝင် လူဦးရေ ၁ ဒသမ ၂ သန်းခန့်အတွက် ဘေးကင်းသောသောက်သုံးရေကို ပံ့ပိုးပေးနိုင်ခဲ့ပြီး နောက်ထပ်လိုအပ်နေသေးသူများအတွက်လည်း ထပ်မံပံ့ပိုးမှုများ လုပ်ဆောင်ပေးကြရန် UNICEF အဖွဲ့ကြီးက မတ် ၂၁ ရက်က တိုက်တွန်းထားကြောင်း သိရသည်။

AZH

# ယာနိုမာမီမြစ်ကြောင်းရှိ ရွှေတူးဖော်ရေးနှင့် သတ္တုမိုင်းတွင်းလုပ်ကွက်များကို ရှင်းလင်းသွားမည်

**ဘရာစီးလီးယား မတ် ၂၃**

ဘရာဇီးအာဏာပိုင် အဖွဲ့အစည်းသည် ယာနိုမာမီမြစ် ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လာခြင်းကို ထိန်းချုပ်နိုင်ရေးအတွက် ယာနိုမာမီမြစ်ကြောင်းတစ်လျှောက်ရှိ ရွှေတူးဖော်ရေးလုပ်ကွက်များနှင့်သတ္တုမိုင်းတွင်းလုပ်ကွက်များကို ရှင်းလင်းဖယ်ရှားသွားမည်ဖြစ်ကြောင်း ထုတ်ပြန်သွားခဲ့သည်ဟု 9Newsသတင်းဌာနက မတ် ၂၃ ရက်တွင် ရေးသားဖော်ပြထားသည်။

ယာနိုမာမီမြစ်ကြောင်းအနီးတွင် တရားမဝင်ရွှေတူးဖော်ရေးလုပ်ကွက်များ၊ သတ္တုမိုင်းတွင်းလုပ်ကွက်များ အမြောက်အမြားရှိနေပြီး ၎င်းလုပ်ကွက်များအားလုံးကို ဖယ်ရှား ရှင်းလင်းမည်ဖြစ်ကြောင်း၊ တရားမဝင် ရွှေတူးဖော်ရေးလုပ်ကွက်များနှင့် သတ္တုမိုင်းတွင်းလုပ်ကွက်များ ဆောင်ရွက်သူများကိုလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေဖြင့် တရားစွဲသွားမည်ဖြစ်ကြောင်း ဘရာဇီးအစိုးရက သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

"ယာနိုမာမီမြစ်ရေညစ်ညမ်းမှုတွေဖြစ်ပေါ်နေတယ်။ ဒါကြောင့် ယာနိုမာမီမြစ်ရေ ညစ်ညမ်းမှုတွေဖြစ်ပေါ်နေတာကို ထိန်းချုပ်ဖို့အတွက် မြစ်ကြောင်းတစ်လျှောက်မှာ တရားမဝင်လုပ်ကိုင်ဆောင်ရွက်နေတဲ့ ရွှေတူးဖော်ရေးလုပ်ကွက်တွေ၊ သတ္တုမိုင်းတွင်းလုပ်ကွက်တွေကို ဖယ်ရှားရှင်းလင်းသွားမယ်။ တရားမဝင်လုပ်ကိုင်ဆောင်ရွက်နေသူတွေကိုလဲ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနဲ့ အရေးယူသွားမယ်"ဟု ဘရာဇီးသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဘရာဇီးအစိုးရအနေဖြင့် ယာနိုမာမီမြစ်ကြောင်းတစ်လျှောက် ရွှေတူးဖော်ရေးလုပ်ကွက်များနှင့် သတ္တုမိုင်းတွင်းလုပ်ကွက် ခြောက်ခုထိ ဖယ်ရှားသွားမည်ဖြစ်ကြောင်း၊ ဘရာဇီးအစိုးရအဖွဲ့သည် အမေဇုန်သစ်တောကိုလည်း ထိန်းသိမ်းကာကွယ်သွားရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ စေလွှတ်ထားပြီး အမေဇုန်သစ်တောအတွင်း တရားမဝင်မိုင်းတွင်းလုပ်ကွက်များ ဖယ်ရှားရှင်းလင်းနိုင်ရန် ကင်းထောက်စနစ်ဖြစ်သည့် ရေဒီယိုအိုင်ဆိုတုပ်စနစ်များ တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်းဆက်**



# အမေရိကန်နိုင်ငံ နယူးဂျာစီကမ်းခြေတွင် လင်းပိုင်များ အလိုအလျောက်သေဆုံးမှုဖြစ်ပွား

**ဝါရှင်တန် မတ် ၂၃**

အမေရိကန်နိုင်ငံ နယူးဂျာစီကမ်းခြေတွင် မတ် ၂၂ ရက်က လင်းပိုင်ရှစ်ကောင် အလိုအလျောက်သေဆုံးမှုဖြစ်ပွားခဲ့ပြီး သေဆုံးခဲ့သည့် လင်းပိုင်များကို ဓာတ်ခွဲခန်းသို့ ပို့ဆောင်ကာ သေဆုံးရသည့်အကြောင်းရင်းကို စမ်းသပ်စစ်ဆေးနေပြီဖြစ်ကြောင်း Marine Mammal Stranding Center က ထုတ်ပြန်သွားခဲ့သည်ဟု US News သတင်းဌာနက မတ် ၂၃ ရက်တွင် ရေးသားဖော်ပြထားသည်။

လင်းပိုင်များ နယူးဂျာစီကမ်းခြေတွင် သေဆုံးမှုဖြစ်ပွားခဲ့သည်ကို ဒေသခံများကသိရှိခဲ့ပြီးနောက် ရေအောက်သတ္တဝါများ ကယ်ဆယ်ရေး အဖွဲ့အစည်းတစ်ခုဖြစ်သည့် Marine Mammal Stranding Center သို့ အသိပေးခဲ့ပြီးနောက် Marine Mammal Stranding Center မှ တာဝန်ရှိသူများက သေဆုံးခဲ့သည့် လင်းပိုင်များကို လာရောက်စစ်ဆေးမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

"လင်းပိုင်အုပ်စုတစ်စု နယူးဂျာစီကမ်းခြေမှာသေဆုံးခဲ့တဲ့ ဖြစ်စဉ်ကို ဓာတ်ခွဲခန်းမှာ စမ်းသပ်စစ်ဆေးမှုတွေ ပြုလုပ်နေပါတယ်။ လင်းပိုင်တွေရဲ့ ကျန်းမာရေးအခြေအနေဟာ သမုဒ္ဒရာရဲ့ကျန်းမာရေးအခြေအနေကိုကိုယ်စားပြုပါတယ်။ လူသားတွေဟာသမုဒ္ဒရာကိုအမှိုက်ပုံးသဖွယ်အသုံးပြုနေကြတယ်"ဟု Marine Mammal Stranding Center မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Marine Mammal Stranding Center သည် လင်းပိုင်များ၊ ဝေလငါးများ၊ ၎င်းတို့နှင့် ဆက်စပ်သည့် အခြားသောမျိုးစိတ်များကို ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ပေးရေးလုပ်ငန်းများကို အဓိကလုပ်ကိုင် ဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်ကြောင်း သိရသည်။

ရေအောက်တွင် အောက်ဆီဂျင် လျော့ကျလာခြင်း သို့မဟုတ် ရေထုညစ်ညမ်းခြင်းများကြောင့် လင်းပိုင်များ ကျန်းမာရေးချို့တဲ့လာကာ သေဆုံးခဲ့ရသည့်အဆင့်သို့ ရောက်ရှိလာခြင်းဖြစ်နိုင်သည့်အတွက် သေဆုံးခဲ့သော လင်းပိုင်များကို ဓာတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေးမှု ပြုလုပ်သွားမည်ဖြစ်ပြီး လင်းပိုင်များသေဆုံးခဲ့သည့် ဧရိယာအနီး ပတ်ဝန်းကျင်မှ ရေထုသန့်စင်မှုပမာဏကိုလည်း စမ်းသပ်စစ်ဆေးသွားမည်ဖြစ်ကြောင်းလည်း Marine Mammal Stranding Center က ထုတ်ပြန်သွားခဲ့သည်။

**နိုင်းဆက်**

# ပီရူးနိုင်ငံတွင် ရေကြီးမှုကြောင့် အခြေခံအဆောက်အအုံပျက်စီးမှု ကန်ဒေါ်လာ ၃၂၃ သန်းခန့်ဆုံးရှုံး

**လီမာ မတ် ၂၃**

ပီရူးနိုင်ငံ အန်ဒန်းကောင်တီတွင် မတ် ၁၆ ရက်က မုန်တိုင်းတိုက်ခတ်ခဲ့ပြီးနောက် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ကာ ပီရူးအာဏာပိုင်အဖွဲ့အစည်းက မတ် ၂၂ ရက်က ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားခဲ့သည့် အခြေခံအဆောက်အအုံပျက်စီးမှုပမာဏကို စိစစ်တွက်ချက်ခဲ့ရာ အမေရိကန်ဒေါ်လာ ၃၂၃ သန်းခန့်ထိ ဆုံးရှုံးခဲ့ကြောင်း ပီရူးအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု Nasqad သတင်းဌာနက မတ် ၂၃ ရက်တွင် ရေးသားဖော်ပြထားသည်။

အဆိုပါပမာဏမှာ အခြေခံအဆောက်အအုံများကိုသာ စိစစ်တွက်ချက်ခဲ့ခြင်းဖြစ်ပြီး လူနေအိမ်များနှင့် ဒေသခံများဆုံးရှုံးခဲ့ရသည့် တန်ဖိုးပမာဏ မပါဝင်သေးကြောင်း၊ အခြေခံအဆောက်အအုံများပျက်စီးမှုကို ရှင်းလင်းရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ပီရူးစီးပွားရေးဝန်ကြီးကွန်ထရီရက်စ်ကပြောကြားခဲ့သည်။

ပီရူးအာဏာပိုင်အဖွဲ့အစည်းအနေဖြင့် အခြေခံအဆောက်အအုံများကို အမြန်ဆုံးပြန်လည်မွမ်းမံတည်ဆောက်ပေးသွားမည်ဖြစ်သကဲ့သို့ ရေဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သော အသေးစားစီးပွားရေးလုပ်ငန်းများကိုလည်း ကူညီပေးသွားမည်ဖြစ်ကြောင်း၊ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသောဒေသခံပြည်သူလူထုကိုလည်း နေရပ်သို့ အမြန်ဆုံးပြန်နိုင်ရေးအတွက် ပီရူးအစိုးရအစီအစဉ်ဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်သွားမည်ဖြစ်ကြောင်း ပီရူးသမ္မတဘိုလာတီက ပြောကြားသွားသည်။

ရေဘေးဒဏ်သင့်ပြည်သူများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ သဘာဝဘေးအန္တရာယ်လျော့ချရေးလုပ်ငန်းများကိုလည်း အရှိန်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပီရူးသမ္မတဘိုလာတီက ပြောကြားခဲ့သည်ဟု သိရသည်။

**နိုင်းဆက်**

0 w Kw H @

# နေလာ နှင်းပျောက်

စိုးဝယ်ဦး(နောင်ချို)



(၁)

"ဟေ့ နေဝင်း မင်းအဖေက ပထွေးမဟုတ်လား"

နေဝင်း ဘီလပ်မြေနဲ့သဲကို သမအောင်မွှေနေရင်းက သံလက်ကိုင် ကိုလှမြင့်ရဲ့အမေးကို ပြန်ဖြေလိုက်မိတယ်။

"ဟုတ်တယ်လေဗျာ။ ဒါပေမဲ့ ကျုပ်အဖေအရင်းလိုပါပဲ။ ကျုပ်အပေါ် ကောင်းတယ်ဗျ"

"ဟား ဟား ပထွေးက ပထွေးပါပဲကွာ"

ကိုလှမြင့်အပြောကို နေဝင်း သိပ်ပြီးတော့ သဘောမကျ။ ပထွေးဖြစ်တာနဲ့ အားလုံးက ပထွေးစိတ်ဖြစ်ကောလား။ မိထွေး၊ ပထွေးဆို ကောက်ကျစ်ယုတ်မာနှိပ်စက်တတ်ကြတယ်လို့ ဘာလို့များ ပုံသေမှတ်ကြလေသလဲမသိ။ နေဝင်းပထွေးကတော့ သူတို့ပြောတဲ့ ပထွေးမျိုးမဟုတ်တာ အသေအချာ။

"ကျုပ် ရေချိုးပြီးပြီဆိုတာနဲ့ ထမင်းခူးပေးပြီးသား။ ထမင်းစားပြီးလဲ ပန်းကန်ဆေးစရာမလိုဘူး။ ကျုပ်ဖျားရင်လဲ ဟော့ကောင်ကြီး ဆေးလား၊ ဘီယာလားလို့ စနောက်ပြီး မေးတတ်တာဗျ"

"ဘယ်နှနှစ်ခံမလဲကွာ။ အလွန်ဆုံးကောင်းပြတစ်နှစ်ပေါ့"

"အမယ် တမင်ကောင်းပြတာမဟုတ်ဘူးဗျ။ သူ့သားအရင်းလို ဆက်ဆံတာ"

ပြောလို့သာပြောရတာ။ ဦးလင်းက သူ့ကို သားအရင်းလိုထက် သူငယ်ချင်းပေါင်းပေါင်းတာ။ သူကလဲ အဲဒီလိုဆက်ဆံရေးကို ပိုသဘောကျမိတယ်။ အဖေလို၊ ပထွေးလိုထက် အစ်ကိုလို၊ သူငယ်ချင်းလိုမျိုးပေါ့။ သားအဖအရင်းတွေကမှ တစ်ယောက်နဲ့တစ်ယောက် ရှိန်နေကြရအုံးမယ်။

"အေးပါကွာ ကြည့်လိုက်ပါအုံး။ တစ်ကွေ့ကွေ့တော့ စိတ်ရင်းပေါ် လာမှာပါ"

"အို . . ကျုပ်ပထွေးက ဝမ်းတွင်းကကိုကောင်းတာ"

နေဝင်းစကားအဆုံးမှာ တဟားဟားနဲ့ ပန်းရန်အဖွဲ့သားအားလုံးက လှောင်သလိုရယ်နေကြတာ။ အင်း အမေသာကြားရင်-

"လူတွေနှယ် အလကားနေရင်း မကောင်းမြင်စိတ်ရှိလိုက်ကြတာ"လို့ ပြောအုံးမှာ။

အမေ နောက်အိမ်ထောင်ပြုကတည်းက လက်ညှိုးထိုး မကောင်းကွက်ရှာချင်နေတဲ့သူတွေက အများသား။ အသက် ၄၀ လို့မထင်ရအောင် နုပျိုချောမောနေတဲ့ အမေနဲ့ နေဝင်းကို တချို့ဆိုမောင်နှမလို့ပဲ ထင်ကြတာ။ အရပ်မနိမ့်မမြင့်၊ အသားဖြူဖြူနဲ့ မုဆိုးမအမေ့ကိုလိုချင်ကြသူတွေကတန်းစီလို့။ အခုမှ အသက် ၁၆ နှစ်ပဲရှိသေးတဲ့ နေဝင်းကလဲ သေးသေးညှက်ညှက်လေး။ အဖေ့ကို တူတာလို့တော့ အမေကပြောတာပါပဲ။ အဖေက နေဝင်း နှစ်နှစ်သားမှာ ဆုံးသွားတာတဲ့လေ။ အမေ့မိဘတွေနဲ့ အစ်ကိုရဲ့အရိပ်အောက်မှာနေရင်း ဈေးထဲမှာပန်းရောင်းပြီး နေဝင်းကို အမေတစ်ယောက်တည်း ပြုစုပျိုးထောင်ခဲ့ရတာ။ အဘိုးနဲ့အဘွားကလဲ အခုတော့ ဆုံးသွားကြပါပြီ။ အခုယူတဲ့ဦးလင်းနဲ့က ပန်းရောင်းရင်းညားတဲ့ ဖူးစာဆိုပါတော့။ ဦးလင်းက ဒီမြို့သားတော့မဟုတ်။ ဒီကိုရောက်တာ နှစ်နှစ်လောက်ပဲရှိသေးတယ်တဲ့။ အမေက ညနေဆို ပန်းခင်းရှိတဲ့ ခြံတွေကို ဖောက်သည်သွားယူရတာ။ ဦးလင်းက သုံးဘီးအငှားမောင်းသမား။ ဦးလင်းရောက်လာတော့ အမေက ပင်တိုင်ငှားတော့တာပဲ။ မနက်ဆိုလဲ အိမ်မှာလာခေါ်ပြီး ဈေးပို့ရတာ။ အဲဒီတော့လဲ တစ်ကိုယ်တည်း လူပျိုကြီးနဲ့ မုဆိုးမလှလှလေးတို့ဟာ ညားကြလေသတည်းပေါ့။ အမေ့အစ်ကို နေဝင်း ဦးကြီးကလဲ သဘောတူကြည်ဖြူစွာပဲ လက်ထပ်ထိမ်းမြားပေးပြီး အိမ်ခွဲပေးလိုက်တာနဲ့ နေဝင်းတို့ ဒီရပ်ကွက်သစ်လေးကို ရောက်လာရတာပေါ့။ နေဝင်းကလဲ အမေ့ကို နောက်ယောက်ျားယူရပါ့မလားလို့ မငြိုငြင်ပါဘူး။ သူ အရွယ်ရောက်ချိန်ထိ အမေတစ်ယောက်တည်း အဖော်မဲ့ ရပ်တည်ခဲ့ပြီးပြီပဲလေ။ ယူပါစေပေါ့။ ပြီးတော့ ပထွေးဖြစ်သူနဲ့ကလဲ ခင်မင်ရင်းနှီးနေတဲ့သူတွေကိုး။

ဒါပေမဲ့ မလိုသူတွေကတော့ နေဝင်းနဲ့ ပထွေး ဘယ်အချိန်ပြဿနာပေါ် မလဲတွေးပြီး ဇာတ်လမ်းပမာစောင့်ကြည့်ချင်ကြတဲ့သဘော။ ဘယ်သူတွေ ဘယ်လိုပြောပြော နေဝင်းကတော့ မမှုပါဘူး။ သူ ရထားတာက သောက်သောက်စားစား၊ ဖောက်ဖောက်ပြားပြား ပထွေးမျိုးမှမဟုတ်တာ။ အမေနဲ့အတူ မောင်တစ်ထမ်းမယ်တစ်ရွက် အလုပ်လုပ်နေတဲ့သူ။ နေဝင်းကိုလဲ ဂရုစိုက်သေး။ ကဲ . . ဒီလိုပထွေးမျိုးကို ဘယ်နားအပြစ်သွားရှာမလဲ။ နေဝင်းကလဲ ဂျစ်ကန်ဆိုးသွမ်းနေတဲ့အပျော်အပါးမက်သူမျိုးမဟုတ်။ အမေနဲ့ ဦးကြီးဆုံးမမှုအောက်မှာ ကြီးပြင်းခဲ့ရသူမို့ လူလိမ္မာစာရင်းတောင်ဝင်သေးရဲ့။ အခုလို လူပျိုပေါက်လေးဖြစ်လာတော့ ပတ်ဝန်းကျင်က လူငယ်တွေလိုပဲ ကိုယ့်အားကိုယ်ကိုးချင်လာပြီ။ သူ့ပတ်ဝန်းကျင်ကလဲ လက်လုပ်လက်စားဈေးသမားတွေပဲ များတာကိုး။ အဲဒီတော့ ကိုးတန်းနှစ်ခါကျနဲ့ ကျောင်းထွက်ထားတဲ့သူက အိမ်နားက ပန်းရန်ဆရာအလုပ်ထဲ လိုက်လုပ်တော့တာပဲ။ အလုပ်ဆိုတာ သင်ရင်းတတ်တဲ့အမျိုးမို့ အခုဆို နေဝင်းက မဆလာဖျော်၊ အုတ်သယ်၊ လိုင်းတူး အစုံရနေပြီ။ သံလက်မကိုင်တတ်သေးတာကလွဲရင် အပါးမခို၊ မတွက်ကတ်တတ်တဲ့သူမို့ ဆရာသမားတွေကတော့ သဘောကျကြပါတယ်။ ဒါပေမဲ့ သဘောမကျတာက နေဝင်း။ ပန်းရန်သမားတွေရဲ့ နှုတ်စည်းမစောင့်ကြတာကိုပေါ့။ ကိုယ့်နမ၊ ကိုယ့်အမေအရွယ်ရယ်လို့လဲ စိတ်ထဲ ကိုယ်ချင်းမစာကြဘူး။ ပျစ်ပျစ်နှစ်နှစ်ဆဲရေးတိုင်းထွာအသားယူပြောဆိုကြတာမျိုးတွေကျ နေဝင်းမနှစ်မြို့ဘူး။ အထူးသဖြင့် ကိုလှမြင့်ပေါ့။ လေကများများ၊ ပြောလိုက်ရင် သူများ သားမယားကြောင်းနဲ့ အောက်လုံးအသုံးအနှုန်းတွေ။ ပြီးတော့ အလုပ်လုပ်တဲ့နေရာက ဖြတ်သွားဖြတ်လာ မိန်းကလေးမကျန် ပါးစပ်သရမ်းတတ်တာမျိုးကို နေဝင်းမကြိုက်ဘူး။ ဒါပေမဲ့ အများနဲ့လုပ်ရ၊ ပြောရတော့ မကြိုက်ပေမဲ့လဲ အောင့်ကာမနမ်းတောင် ဥပေက္ခာတော့ပြုထားရတယ်။ အခုလို အမေနဲ့ ပထွေးအကြောင်း မဆီမဆိုင်ပြောပြီး ရယ်သွမ်းသွေးလှောင်ချင်တာမျိုးကျ စိတ်ထဲခိုးလိုးခုလုရယ်။

(၂)

ဒီနေ့ သူ့အသက် ၁၈ နှစ်ပြည့်ပြီ။ သူ ချစ်နေမိတဲ့ မမက အဖြေပေးမဲ့နေ့။ မမကို လက်ဆောင် ဆံညှပ်လေးဝယ်ပေးဖို့ စတိုးဆိုင်ထဲကိုဝင်ခါနီးမှာ လမ်းတစ်ဖက်ရဲ့ကော်ဖီဆိုင်ထဲကထွက်လာတဲ့ ဦးလင်းကို မြင်လိုက်မိတယ်။ ပြီးတော့ အနောက်ကကပ်ပါလာတဲ့ ပုံရိပ်ကလေး။

"ဟင် မမ"

ဦးလင်းနဲ့ မမ ခဏစကားရပ်ပြောပြီး ဆန့်ကျင်ဘက်တစ်ဖက်စီ ကျောခိုင်းသွားကြတယ်။ သူ့အတွေးတွေ တသီတတန်းကြီးက မမနဲ့ဦးလင်းနောက်ကျောဆီကပ်ပါသွားရပြီလေ။ မမက သူတို့ရပ်ကွက်ရဲ့ နှစ်လမ်းကျော်ရပ်ကွက်မှာ ပြောင်းလာတာသိပ်မကြာသေး။ မမတို့အိမ်မှာ ပန်းရန်ဝင်ရင်း သူ့ရဲ့ပထမဦးဆုံးရင်ခုန်သံလေး စတင်ခဲ့မိတာ။ မမ ဈေးသွား၊ ဈေးပြန် တမင်လိုက်ပြီး ပိုးပန်းခဲ့ရတဲ့သူ့ကို မမက မင်းအသက် ၁၈ နှစ်ပြည့်တဲ့နေ့မှ အဖြေပေးမယ်တဲ့လေ။ မမက သူ့ထက် ငါးနှစ်ကြီးတယ်။ သူ့မမနဲ့ ဦးလင်းက ဘယ်လိုသိကြတာလဲ။ ဘယ်လိုတွေ့ကြတာလဲ။ ဘာမှန်းမသိရပေမဲ့ သူ့စိတ်ထဲ လေးလံသွားသလိုပါပဲ။ မမရဲ့ဆံပင်ရှည်လေးတွေကို စည်းနှောင်ဖို့ ကျောက်စီကလစ်လှလှလေး ဝယ်လိုက်မိတယ်။ ဒါပေမဲ့ အလာတုန်းကလို သာယာကြည်နူးစိတ်မရှိတော့တာအမှန်။ လက်ထဲက ကလစ်အိတ်လေးကြည့်မိရင်း သက်ပြင်းသာ ဟင်းခနဲချလိုက်မိတယ်။ ပြီးတော့ မမနဲ့ချိန်းထားတဲ့ ရပ်ကွက်ပန်းခြံကို ခြေဦးလှည့်ခဲ့မိတယ်။

(၃)

လေသံခပ်ဖျော့ဖျော့နဲ့ပြောနေတဲ့ မမစကားလုံးတွေက သူ့နားစည်ကို အရှိန်ပြင်းပြင်းနဲ့ လာရိုက်ခတ်နေသလိုပဲ။ မမဆီက အသံထွက်လာတိုင်း သူ့နားထဲ အူသွားသယောင်။ မမရဲ့ငယ်ချစ်ဦးက ဦးလို့ခေါ်ခဲ့ဖူးတဲ့ ဦးလင်းပါတဲ့။

"မောင်လေးနဲ့ မမက ဘယ်လိုမှမဖြစ်နိုင်ပါဘူး" ဆိုပါလား။

ဇာတ်ကြောင်းစုံပြောအပြီး မမက ခေါင်းလေးငုံ့ထားတယ်။ ဇာတ်ရည်လည်သွားတဲ့သူကလဲ ကြက်သေသေကောင်းတုန်း။ သူတို့နှစ်ယောက်ကြားက တိတ်ဆိတ်မှုကို ဦးဦးဖျားဖျားအခွဲခံလိုက်ရတဲ့ အသည်းနှလုံးက မကျေမနပ်နဲ့ ဆောင့်ခုန်နေလိုက်တာ တဒုန်းဒုန်း။ မမတောင် ကြားမယ်ထင်ပါရဲ့။

"တော်သေးတာပေါ့နော်။ ကျွန်တော်က ခင်ဗျားတို့နှစ်ယောက်ရဲ့ အရှုပ်ထုပ်ကြားဝင်မိတော့မလို့"

အာခေါင်ကွဲသံလား၊ ရင်ကွဲသံလား၊ ညစ်ကျယ်ကျယ်အသံလား၊ အက်ရှရှအသံလား၊ ဘာလားတော့ သူမသိ။ အဲဒီစကားလုံးတွေ သူ့ပါးစပ်က ခုန်ထွက်ဖို့ သူ့ဦးနှောက်ကို အတော်လေးအလုပ်ပေးလိုက်ရတာပဲ သူသိတယ်။ သူ့စကားကြားတော့ ခေါင်းငုံ့နေတဲ့မမက ဆတ်ခနဲသူ့ကိုလှမ်းကြည့်တယ်။ ပြီးတော့ မျက်ဝန်းတွေက လက်ခနဲ။ အဟင်း မာနထိသွားသလား၊ သိက္ခာပဲ ထိပါးသွားသလားမသိပေမဲ့ သူ့စကားကို နာသွားပုံရတယ်။

"ငါက ပွင့်ပွင့်လင်းလင်းပြောပြတာ။ မင်း မရိုက်ရှိုင်းနဲ့။ အခု ငါနဲ့၊ ဦးနဲ့လဲ ဘာမှမပတ်သက်ဘူး။ ဟိုတလောကမှ ပြန်တွေ့တာ။ မင်းနဲ့သွားတာမြင်လို့ ဒီနေ့တွေ့ကြရအောင် ပြောလို့တွေ့တာ။ အဲဒီတော့မှ မင်းပထွေးမှန်းသိတာ"

"ကျေးဇူးပါဗျာ။ မဟုတ်ရင် ကျွန်တော်တို့သားအမိက တစ်အိမ်တည်းနေပြီး ခင်ဗျားတို့နှစ်ယောက်ရဲ့ လှည့်ကွက်ထဲ ဘုမသိဘမသိခံနေရအုံးမှာ"

"ဖြန်း"

စပ်ဖျဉ်းဖျဉ်းဖြစ်သွားတဲ့ပါးပြင်ကိုပွတ်ရင်း မမကို သူကြည့်လိုက်မိတယ်။ တကယ်က မမရိုက်လိုက်တဲ့ လက်ဝါးက အားသိပ်မပါပါဘူး။ ဒါပေမဲ့ ခုနက အက်နေသလို ထင်ရတဲ့သူ့အသည်းက အခုမှ ဖြန်းခနဲကွဲသွားသလိုပဲ။ ရိုက်ပြီးမှ စိတ်မကောင်းဟန်ဖြစ်သွားတဲ့ မမကိုလဲ သူမမြင်ချင်တော့။ လှည့်ထွက်ခဲ့တဲ့ သူ့ခြေလှမ်းတွေအောက်မှာ သူ့အသည်းနှလုံးအပိုင်းအစတွေကို တက်နင်းခြေမွခဲ့ရသလိုပါပဲ။ ဒါပါပဲ။ ဈေးဦးပေါက် အသည်းကွဲခြင်းပေါ့။

(၄)

"ကျုပ်ကို စောင့်ကြည့်တာလား၊ ခင်ဗျားရဲ့ချစ်သူကလေးကို စောင့်ကြည့်တာလား တော်သေးတာပေါ့ အမေရယ်။ အမေနဲ့သားက သူတို့နှစ်ယောက်ရဲ့ချစ်လွမ်းမပြေတဲ့ဇာတ်လမ်းထဲ ရောယောင်ကကြရတော့မလို့"

"ဟဲ့ သား"

အမေ့ရဲ့ဟန့်တားတဲ့အသံတောင် မဆုံးသေးဘူး။ ဦးလင်းက သူ့ရင်ဘတ်ကို ဆောင့်တွန်းလိုက်တာ။ ယိုင်ခနဲဖြစ်သွားတဲ့ ကိုယ်ကိုထိန်းရင်းက နီမြန်းသွားတဲ့ ဦးလင်းမျက်နှာကိုကြည့်ပြီး သူ ဆက်ပြောလိုက်တယ်။

"ဘာလဲ ရည်းစားဟောင်းကို မယားပါသားက လုလို့ အူနုကျွဲခတ်နေတာလား ဒါမှမဟုတ် ပထွေးစရိုက်ပေါ် လာပြီလား"

စာမျက်နှာ ၂၅ သို့ ➤

# အုတ်တွင်းမြို့နယ် သောင်းပုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**အုတ်တွင်း မတ် ၂၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေတိုးပွားကာ ဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ သောင်းပုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ပဥ္စမအကြိမ်ထုတ်ချေးခြင်းကို မတ် ၂၂ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းရည်ရွယ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်နှင့် ရပိုင်ခွင့်များ၊ အသင်းသား၊ အသင်းသူများလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ စီမံကိန်း စက်ဝန်းသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၈ ဒသမ ၉ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သောင်းပုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၅၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၈ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

---

➤ စာမျက်နှာ ၂၄ မှအဆက်

"တောက် မင်း မင်းကွာ"

"ကိုလင်းဝေ"

ထွက်လာတဲ့ဒေါသကို အတင်းချိုးနှိမ်ပြီး အံကြိတ်ထားရတဲ့ ဦးလင်းကိုကြည့်ရင်း သူ ရယ်ချင်မိတယ်။ အမေကတော့ သူ့သားကို ရန်လုပ်မှာစိုးလို့ထင်ပါရဲ့။ ပါးစပ်ကဟန့်ပြီး လက်သီးဆုပ်ထားတဲ့ဦးလင်းလက်ကို ဆွဲထားလေရဲ့။ လင်နဲ့သားကြားမှာ ဗျာများနေရှာတဲ့ အမေ။

"အဟက်"

မခိုးမခန့်လှောင်သံပေးလိုက်တဲ့ သူ့အသံအဆုံးမှာ ဝင်းတောက်နေတဲ့ မျက်လုံးနဲ့ သူ့ကိုစိုက်ကြည့်နေတာ။ ခနိုးခနဲ့အပြုံးတစ်ခုကို သူ့နှုတ်ခမ်းထက်မှာ ထပ်တင်လိုက်တော့ ပိုပြီးစူးရှပြူးကျယ်လာတဲ့မျက်လုံးက မီးထတောက်မတတ်ပဲ။ အဲဒီမျက်လုံးတွေကို ခပ်ထေ့ထေ့ပြန်ကြည့်လိုက်ပြီး ချာခနဲလှည့်ထွက်လာခဲ့တယ်။ မုန်းတယ်။ တစ်လောကလုံးကို သူမုန်းတယ်။

(၅)

"နေဝင်း မင်း ဒီညလဲ အိမ်မပြန်ဘူးလား"

"မပြန်ဘူးဗျာ"

"မင်းအမေနဲ့ ပထွေးလာခေါ်နေကြအုံးမယ်"

ကိုလှမြင့်စကားကြားတော့ သူ မဲ့ပြုံးပြုံးလိုက်မိတယ်။ စိတ်ထဲကလဲ အလကားအပိုတွေလုပ်ပြီး ကောင်းပြနေတာလို့ ပြောလိုက်မိတယ်။ အခုလောလောဆယ်တော့ သူ့အာရုံက ပထွေးမဟုတ်သလို မမလဲမဟုတ်။ သူ့ရင်ခုန်သံတွေဟာလဲ မမအတွက်မဟုတ်တော့။ တလှပ်လှပ်ခုန်နေတဲ့ ရင်နဲ့ သူ့လက်ထဲက စက္ကူပြားနှစ်ချပ်ကို ဖြည်းဖြည်းချင်းဆွဲဖယ်ကြည့်လိုက်မိတယ်။ အောက်ဘက်စက္ကူကတ်ပြားလေးပေါ်က အမှတ်အသားပုံလေးကိုမြင်တော့ သူ့ရင်ခုန်သံက ဒုန်းချပ်ဒုန်းချပ်လို့ မြည်လာသလိုပဲ။ ပြီးတော့ ငွေစက္ကူတစ်ထပ်ကြီးကိုကြည့်ပြီး ငါ့အပိုင်လို့တွေးမိတော့ ကျေနပ်ပီတိဖြစ်ရပြန်ကော။

"အစ်ကိုတို့ ပြေး ပြေးတော့ဗျို့။ ရပ်ကွက်လူကြီးတွေနဲ့ ရဲတွေ ဖဲဝိုင်းဖမ်းဖို့ လာပြီ"

အိမ်ပေါက်ဝမှာ ကင်းစောင့်ခိုင်းထားတဲ့ ငတိုးက အူယားဖားယားလာပြောပြီး နောက်ဖေးပေါက်ကနေ ဝုန်းခနဲဆင်းပြေးသွားကော။ နေဝင်းလဲ ပိုက်ဆံထပ်ကြီး ဖျတ်ခနဲယူ၊ ရင်ဘတ်ထဲ ထိုးထည့်ပြီး "ရှိုးနော် ဒီမှာ" လို့ပြောပြီး နီးရာပြတင်းပေါက်ကခုန်ဆင်းဖို့ပြင်တုန်း နောက်ကနေ ကိုလှမြင့်က ဆွဲထားတာ။

"ဟေ့ကောင် မင်း မညစ်နဲ့"

အရေးထဲ လောဘဇောတက်နေတဲ့ကိုလှမြင့်ကို နောက်ပြန်တွက်ပြီး သူ ခုန်ဆင်းပြေးခဲ့မိတယ်။

"ဟေ့ မပြေးကြနဲ့"

လူသံတွေကြားတော့ သူလဲ နီးရာချုံကြိုချုံကြားထဲ ပြားဝပ်နေရတယ်။ အသံတွေငြိမ်ပြီဆိုမှ သူ လမ်းပေါ်ထွက်လျှောက်လိုက်တယ်။ ဒီနေ့ ဖဲဝိုင်းအသိမ်းခံရတော့ သူ ဘယ်သွားရမယ်မသိ။ အိမ်ကိုလဲ သူမပြန်ချင်။

"ဟေ့ကောင် မင်း ယူသွားတဲ့ပိုက်ဆံတွေပြန်ပေး။ မင်း လိမ်ပြေးတာ"

နောက်ကနေ သူ့အင်္ကျီကုပ်ကိုဆွဲပြီး ပြောသံကြောင့် သူ လှည့်ကြည့်လိုက်မိတယ်။ ကိုလှမြင့်နဲ့အဖော်တစ်ယောက်။ မကျေမချမ်းနဲ့ သူ့နောက်ကို လိုက်လာကြပုံပဲ။

"ကျုပ် မလိမ်ပါဘူးဗျ"

ပြောရင်း သတိရလို့ အင်္ကျီရင်ဘတ်ကိုစမ်းကြည့်မိတော့ လက်တစ်ဆုပ်စာ ပိုက်ဆံထပ်ကြီးကမရှိတော့။ သူ အလန့်တကြားနှိုက်ကြည့်တော့မှ တစ်ထောင်တန်နှစ်ရွက်နဲ့ ငါးထောင်တန်တစ်ရွက်ပဲပါလာတော့တယ်။ သွားပါပြီ။ သူ့လုပ်အားခတွေ စုထားသမျှပုံအောလိုက်မိတဲ့နောက်ဆုံးပွဲ။

"ဟာ ကျုပ်ယူလာတဲ့ ပိုက်ဆံတွေ ဘယ်နားကျခဲ့ပြီလဲမသိဘူး"

အမေပြောဖူးတဲ့စကားကို သတိရမိလိုက်တယ်။ လောင်းကစားလုပ်ပြီး ရလာတဲ့ပိုက်ဆံဆိုတာ ဘယ်တော့မှမခြဘူးတဲ့။ အခုလဲ မြဖို့နေနေသာသာ သေချာတောင်ကိုင်မကြည့်လိုက်ရ။

"ဟေ့ကောင် လာမညာနဲ့။ ဘယ်နားထားခဲ့လဲပြော"

သူ စိတ်ထဲထောင်းခနဲဒေါသဖြစ်သွားရတယ်။ မိုက်ကြေးခွဲသလို၊ ဓားပြတိုက်သလို လာလုပ်နေတဲ့ ကိုလှမြင့်ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်တယ်။

"မပြောတော့ ခင်ဗျားဘာလုပ်ချင်လဲ"

"ဟာ အကောင်းပြောနေတာမရဘူး"

ဘေးကလူက ပြောပြောဆိုဆို သူ့ကိုဝင်ထိုးကော။ ကိုလှမြင့်ကလဲ ဝင်ကန်တယ်။ တတ်သမျှ၊ မှတ်သမျှနဲ့ ဒေါသစိတ်ပေါင်းပြီး သူပြန်လုပ်ပေမဲ့ သူပဲတခွပ်ခွပ်ခံနေရတာ။ အဲဒီအချိန် သူတို့သုံးယောက်ကြားကို လူရိပ်တစ်ခုရောက်လာပြီး သူ့ဘက်က ကူချပေးနေလို့ သူ ကြည့်လိုက်မိတယ်။ ပုဆိုးတိုတိုနဲ့ ဖိုက်တာလိုအစွမ်းပြနေတဲ့ဦးလင်း။ သူ့ကို ညတိုင်းအိမ်ပြန်လာဖို့လာခေါ်တတ်တာ။ အခုလဲ သူ့ဆီလာရင်း တွေ့တာနေမှာပေါ့။ ဘာပြောပြော သူ့အားရှိသွားတာတော့အမှန်။ ကိုလှမြင့်တို့လဲ ပြန်ပြေးဖို့ပြင်ရင်း ပါလာတဲ့အဖော်က လမ်းဘေးက တုတ်ကောက်ပြီး ဦးလင်းကို ရိုက်လိုက်ကော။ ဦးလင်းက လက်နဲ့ကာပြီးခံလိုက်တော့ တုတ်ကပဲ ဆွေးသလား၊ ဦးလင်းလက်ကပဲ မာသလားမသိ ဖြောင်းခနဲကျိုးသွားတယ်။ ကိုလှမြင့်တို့လဲ ပြေးကြတာတန်းလို့။

"အမယ်လေးဟ မကျိုးတာကံကောင်း"

လက်ဖျံရိုးနားပွတ်သပ်ရင်း ရှုံ့မဲ့နေတဲ့ဦးလင်းနား သူသွားလိုက်တယ်။

"ဖြစ်လား ဆေးခန်းသွားမလား"လို့ ဦးလင်းကို မေးလိုက်တော့ ဦးလင်းက-

သူ့အမေးကို ပခုံးတွန့်ပြီး ခေါင်းခါပြတယ်။

"စာမဖွဲ့လောက်ပါဘူးကွာ။ မင်းကော ပေါက်ပြဲသွားသေးလား"

"အသေးအမွှားပါဗျာ"

"အဲဒါဆိုလဲ အိမ်ပြန်ကြရအောင်ကွာ။ မင်းအမေ မျှော်နေတော့မယ်"

ရှိသမျှငွေကုန်၊ အိပ်စရာနေရာမရှိတော့တဲ့သူ့အတွက် အိမ်ပြန်ဖို့လမ်းပဲ ကျန်တော့တယ်လေ။ အဲဒါထက် တစ်ခုဆန်းကြယ်တာက ဦးလင်းနဲ့ပတ်သက်ပြီး သူ့ရင်ထဲမှာ ဖြစ်တည်နေတဲ့အစိုင်အခဲကြီးက ဘယ်အချိန်ကျေပျောက်သွားသလဲဆိုတာပဲ။ လွန်ခဲ့တဲ့တစ်ပတ်ကမှ သိပ်ကြီးကျယ်တဲ့ ခံစားချက်တစ်ခုလို၊ ဒဏ်ရာဒဏ်ချက်ကြီးလို သူနာကြည်းခံစားနေခဲ့ရတဲ့ အကြောင်းအရာဟာ အခုချိန်ပြန်တွေးလိုက်တော့ ခုနက ဦးလင်းပြောသလိုပဲ။ ဘာမှစာဖွဲ့လောက်တဲ့ကိစ္စမဟုတ်သလို။ အချစ်မစစ်တာလား၊ အစွဲမရှိတော့တာလား သူမသိချင်တော့။ ဦးလင်းက သူ့ပခုံးကိုဖက်ပြီး လျှောက်လိုက်တယ်။ သူ အလိုက်သင့်လေးပဲ ခြေလှမ်းလိုက်တယ်။ သူတို့ရပ်ကွက်ထိပ်က စတိုးဆိုင်လေးနားရောက်တော့ နှစ်ယောက်သား မျက်လုံးချင်းဆုံကြည့်လိုက်ကြတယ်။

"ဆေးထည့်မလား၊ ဘီယာလား"

"အချိုရည်ပဲ"

နေဝင်းအဖြေကို ဦးလင်းက သဘောတကျ တဟားဟားရယ်နေလေရဲ့။ ဟုတ်တယ်လေ သူမှဘီယာမကြိုက်တာ။

---

## နေထိုင်ရာ အလုလွှမ်းဖို့

\- တစ်ပါးသူ မျက်ရည်ကျမှ
လှပမည့် ဘဝဆို၊
ရှောင်ရှားပါ မမိုက်မှားနဲ့
တရားစေလို၊
ကိုယ်ချင်းစာ ကြည့်ဖို့ကို
သိဖို့ကြို မှာချင်သေး၊
စိတ်စေတနာ ဖြူစင်စွမ်းဖြင့်
ဖြတ်သန်းတော့လေး။

\- သံသရာ ဘဝအရေး
ကြမ္မာဝေး ငြိမ်းချမ်းရာ၊
မေတ္တာမူ လက်ကိုင်သုံး
အပြုံးဝေဆာ၊
ထားရှိကြ အကြင်နာ
အစဉ်လာ ဘဝလမ်း၊
အမုန်းကင်းစင် မာနဖျောက်
လျှောက်ကြရှင်လန်း။

\- ကရုဏာ သဒ္ဓါလွှမ်း
ပေးစွမ်းကြ ကောင်းအင်တွေ၊
အများအကျိုး သယ်ပိုးလို့
ကြိုးစားကာနေ၊
ဖြစ်တည်ရ ဘဝအခြေ
အလှဝေ ပါစေသား၊
တတ်နိုင်ရာ တစ်ဖက်တစ်လမ်းက
လှမ်းကူစို့သွား။

\- ခွဲခြားပါ အမှန်အမှား
အမြင်ကြားဖြင့် မပြည့်စုံ၊
အတွေ့ကြုံ ဗဟုသုတ
ကြံဆကာယုံ၊
မြော်မြင်လို့ တွေးကြကုန်
ဘေးခမကြုံ နေထိုင်မှု၊
ပတ်ဝန်းကျင် အလှလွှမ်းလျက်
ငြိမ်းချမ်းအောင်ပြု။ ။

**ကိုရွှေတောသား(ဆင်ကူး)**

---


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ခရီးသွားဆောင်းပါး

# လောက်ကိုင်မြို့က အထင်ကရနေရာ တုံချိန်

ဒီတစ်ခေါက်ထွက်ခဲ့တဲ့လေ့လာရေးခရီးစဉ်မှာ ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့အနီးက တရုတ်-မြန်မာ နယ်စပ်ဂိတ်ကို ရောက်ရှိနေပါပြီ။ တရုတ်နိုင်ငံအတွင်းကို ဝင်ရောက်လည်ပတ်လေ့လာကြဖို့အတွက် အိမ်ရှင်ကျောင်းသားမိဘက သက်ဆိုင်ရာ တာဝန်ရှိသူတွေကို သွားရောက်ခွင့်တောင်းပေမဲ့ ထိုအချိန်က တရုတ်နိုင်ငံအတွင်းမှာ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုနှုန်း ပြန်လည်မြင့်တက်နေတာကြောင့် ဝင်ထွက်သွားလာခွင့်ပိတ်ထားကြောင်း သိလိုက်ရတယ်။ တရုတ်နိုင်ငံအတွင်းကို သွားလာခွင့်မရှိတော့တာကြောင့် မြန်မာနိုင်ငံဘက်ခြမ်းနယ်စပ်ဂိတ်အနီးပတ်ဝန်းကျင်မှာပဲ လေ့လာလည်ပတ်ကြရတော့မှာပါ။

နယ်စပ်ဂိတ်အနီးမှာ မြင်တွေ့နေရတာတွေက ပျက်စီးနေပြီး လူနေထိုင်မှု၊ အသုံးပြုမှုမရှိတော့တဲ့ ဟိုတယ်၊ မိုတယ်အဆောက်အအုံကြီးတွေပဲဖြစ်ပါတယ်။ အဆောက်အအုံကြီးတွေရှေ့ လမ်းပေါ်မှာတော့ တရုတ်နိုင်ငံဝင်ပေါက်ရှိရာကို ဦးတည်ခေါင်းလှည့်ထားကြတဲ့ ကုံအပြည့်ကုန်တင်ကားကြီးတွေ တန်းစီပြီးရှိနေကြတယ်။ ကုံတွေက မြန်မာနိုင်ငံထွက်ကုန်သီးနှံတွေဖြစ်ပြီး တရုတ်နိုင်ငံအတွင်းကို တင်ပို့ရောင်းချရမှာပါ။ ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် တရုတ်နိုင်ငံက ကုန်တင်ကားကြီးတွေ၊ ယာဉ်မောင်းတွေ၊ ယာဉ်နောက်လိုက်တွေကိုယ်တိုင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဝတ်စုံတွေဝတ်ဆင်ပြီး လောက်ကိုင်မြို့နယ်စပ်ထိ လာရောက်သယ်ယူမောင်းနှင်နေကြတယ်။ တန်းစီနေကြတဲ့ ကုံကားကြီးတွေအနီးမှာ၊ ပျက်စီးနေတဲ့အဆောက်အအုံတွေထဲမှာ တရုတ်ယာဉ်မောင်းတွေ၊ ယာဉ်နောက်လိုက်တွေကို အများအပြား မြင်တွေ့နေရတယ်။ နယ်စပ်ဂိတ်မှာ ကုံကားကြီးတွေကလွဲလို့ ကျန်တဲ့ဆိုင်တွေ၊ လူတွေဘာမှုမရှိဘဲ ရှင်းလင်းနေတယ်။ ဒါကြောင့် ရသမျှမှတ်တမ်းဓာတ်ပုံတွေ ရိုက်ယူခဲ့ကြပြီး နယ်စပ်ဂိတ်ကနေ ပြန်ထွက်လာခဲ့ကြရတယ်။

အိမ်ရှင်ကျောင်းသားမိဘက နယ်စပ်ဂိတ်ကအပြန်မှာ လောင်းကစားဝိုင်းတွေ အကြီးအကျယ်လုပ်တဲ့နေရာ ရပ်ကွက်တစ်ခုကို လိုက်ပြတယ်။ နေရာက နှစ်နိုင်ငံနယ်စပ်ဂိတ်နဲ့ နီးနေတာကိုသတိထားမိလိုက်ပြီး လောက်ကိုင်မြို့တွင်းမှာ တွေ့ရှိခဲ့ရတဲ့ အဆောက်အအုံကြီးတွေထက် ပိုမိုကြီးကျယ်ခမ်းနားနေတာကိုလဲ တွေ့မြင်နေရတယ်။ အဆောက်အအုံကြီးတွေက အဆင့်မြင့်မိုးမျှော်ဟိုတယ်၊ မိုတယ်ကြီးတွေလိုပါ။ တစ်ခုနဲ့တစ်ခု နီးနီးကပ်ကပ်လဲရှိနေကြတယ်။ အဆောက်အအုံကြီးတွေ အဆင့်မြင့်မားကောင်းမွန်နေသလို လမ်းတွေအားလုံးကလဲ ကောင်းမွန်နေပြီး လောက်ကိုင်မြို့တွင်းမှာလို ဖုန်တွေထောင်းထောင်းထနေတာမျိုးမဟုတ်တော့ပါဘူး။ မြင်သမျှ၊ တွေ့သမျှအားလုံးက သန့်ရှင်းသပ်ရပ်လှပနေကြတယ်။

ကျောင်းသားမိဘက ကားမောင်းနေရင်းနဲ့ ဒီနေရာမှာ လောင်းကစားဝိုင်းတွေကို အဓိကထားပြီး ကြီးကြီးမားမားပြုလုပ်ကြကြောင်း၊ အဓိကအားဖြင့် ဖဲဝိုင်းများဖြစ်ကြောင်း၊ လောင်းကစားဝိုင်းနေရာ အဆောက်အအုံတွေကို ကားမောင်းပတ်ပြီးကြည့်ရှုနေကြရင်းနဲ့ တစ်နေရာအရောက်မှာ အသက် ၁၅ နှစ်၊ ၁၆နှစ်၊ ၁၇ နှစ်အရွယ် အမျိုးသား၊ အမျိုးသမီးငယ်လေးတွေကို တူညီဝတ်စုံတွေကိုယ်စီနဲ့ စီတန်းလမ်းလျှောက်လာကြတာကို တွေ့မြင်လိုက်ရတယ်။ ကျောင်းသား၊ ကျောင်းသူအရွယ် လူငယ်၊ လူရွယ်လေးတွေဖြစ်ပြီး တူညီဝတ်စုံတွေကိုလဲ ဝတ်ဆင်ထားကြတာကြောင့် ကျောင်းသား၊ ကျောင်းသူတွေလားလို့ ကျောင်းသားမိဘကို မေးမြန်းကြည့်လိုက်တော့ မဟုတ်ကြောင်းနဲ့ လောင်းကစားဝိုင်းတွေမှာ သွားရောက်အလုပ်လုပ်ကိုင်ကြမဲ့ အလုပ်သမားဝန်ထမ်းတွေဖြစ်ကြောင်း သိလိုက်ရတယ်။

လောင်းကစားဝိုင်းတွေ၊ ဖဲဝိုင်းတွေက မနက်ပိုင်းနဲ့ နေ့လယ်ပိုင်းတွေမှာ ကစားကြသူနည်းပါးကြပြီး ညနေပိုင်းကနေ ညတစ်ညလုံး ကစားကြတာဖြစ်ကြောင်း ရှင်းပြတယ်။ တွေ့မြင်နေရတဲ့ လူငယ်၊ လူရွယ်အလုပ်သမားဝန်ထမ်းတွေက တန်းစီပြီး လမ်းလျှောက်လာနေကြတာ စုစုပေါင်း ၂၀၀ လောက်ရှိနေတာကြောင့် လောင်းကစားဝိုင်းတွေရဲ့ အနေအထားနဲ့ ကြီးမားမှုကို ခန့်မှန်းလို့ရနေပါပြီ။ လောင်းကစားဝိုင်းတွေရှိတဲ့နေရာ ဒေသကနေ အပြန်ခရီးမှာ ကျောင်းသားမိဘကို လောက်ကိုင်မြို့မှာ လောင်းကစားဝိုင်းတွေသာပေါများပြီး ဘုန်းတော်ကြီးကျောင်းတွေ၊ သံဃာတော်တွေ မရှိဘူးလားလို့မေးကြည့်တော့ ရှိကြောင်းနဲ့ လိုက်လံပို့ဆောင်ပေးမယ်ဆိုပြီး ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းရှိရာကို လိုက်လံပို့ဆောင်ပေးပါတယ်။

ဘုန်းတော်ကြီးကျောင်းရှိရာကို လောက်ကိုင်မြို့တွင်းတစ်နေရာကနေ ဖြတ်သန်းမောင်းနှင်လာခဲ့ပေမဲ့ မိမိတို့အဖွဲ့မရောက်ဖူး၊ မတွေ့မမြင်ဖူးသေးတဲ့နေရာတွေဖြစ်ကြောင်း သတိထားလိုက်မိတယ်။ အချိန်က ညနေပိုင်းကိုရောက်ရှိလာပြီဖြစ်တဲ့အတွက် ကားတွေ၊ ဆိုင်ကယ်တွေ၊ လူတွေ ပိုမိုရှုပ်ထွေးလာတာ



လောက်ကိုင်မြို့ရှိ တုံချိန်ရေကန်ကို တွေ့ရစဉ်။

တွေကိုလဲ တွေ့မြင်နေရတယ်။ အဓိကအားဖြင့် ကားတွေ ပိုမိုများပြားရှုပ်ထွေးလာတာပါ။ ဒီလိုကားတွေ များပြားရှုပ်ထွေးတဲ့အတွက်ကြောင့် မြို့တွင်း၊ မြို့ပြင်နေရာတချို့မှာ ယာဉ်ကြောပိတ်ဆို့တာတွေလဲ ရှိလာရတယ်။ ဒါကြောင့် လောက်ကိုင်မြို့က ရန်ကုန်မြို့မှာလို ဘယ်အချိန်၊ ဘယ်နေ့၊ ဘယ်ရက် စသဖြင့် ယာဉ်ကြောကျပ်တယ်၊ ရှင်းတယ် စတာတွေ၊ ဘယ်လမ်း၊ ဘယ်နေရာတွေမှာ၊ ဘယ်အချိန်တွေမှာ ရှောင်ရှားမောင်းနှင်ကြရမယ်ဆိုတာတွေ မြို့သူ၊ မြို့သားတွေအားလုံးက သိရှိဆင်ခြင်မောင်းနှင်နေကြရတယ်။ ဒါပေမဲ့ တစ်နေရာမဟုတ် တစ်နေရာမှာ နေ့စဉ် ယာဉ်ကြောပိတ်ဆို့နေတတ်ကြောင်းကိုလဲ ကျောင်းသားမိဘက ရှင်းပြပေးနေသလို မိမိတို့အဖွဲ့ မနက်စောစောပြန်ချိန်မှာ မြို့တွင်းကနေ မြို့အထွက်ဂိတ်ထိ ယာဉ်တန်းရှည်ပြီး ပိတ်ဆို့မှုဖြစ်တတ်ကြောင်း၊ လမ်းလွှဲနေရာကနေ မောင်းနှင်သွားကြဖို့ ပြသပေးလိုက်မယ်ဖြစ်ကြောင်းတွေကိုလဲ ကားမောင်းနေရင်းနဲ့ ပြောပြပေးနေတယ်။

ဘုန်းတော်ကြီးကျောင်းကို သွားနေစဉ်အတွင်း လောက်ကိုင်မြို့တွင်းလမ်းဆုံနေရာတချို့မှာ ဘုံခုနစ်ဆင့်အဆောက်အအုံမြင့်မြင့်ကြီးတွေကို တွေ့မြင်နေရတယ်။ ပုံသဏ္ဌာန်က ပြင်ဦးလွင်မြို့ တရုတ်ဘုံကျောင်းမှာရှိတဲ့ ဘုံခုနစ်ဆင့်မျှော်စင်ကြီးလိုပါ။ တစ်ခု၊ နှစ်ခု စသဖြင့် တွေ့မြင်နေရပြီး ဘာတွေလဲ၊ ဘာအဆောက်အအုံကြီးတွေလဲ၊ ဘာကြောင့် လမ်းဆုံလမ်းခွတွေမှာ တည်ဆောက်ထားကြရတာလဲဆိုတာကို သိချင်တာနဲ့ အဆောက်အအုံကြီးတစ်ခုဆီကို ရောက်လာတဲ့အခါမှာ ကားမောင်းနေတဲ့ကျောင်းသားမိဘကို ကားဖြည်းဖြည်းမောင်းခိုင်းပြီး လေ့လာကြည့်ရှုဓာတ်ပုံရိုက်ယူထားလိုက်တယ်။ သေသေချာချာကြည့်ပြီး ဓာတ်ပုံရိုက်လိုက်တဲ့အခါ မြန်မာနိုင်ငံ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ငြိမ်းချမ်းရေးအထိမ်းအမှတ်မျှော်စင်ဆိုတာကို သိရှိလိုက်ရတယ်။ မျှော်စင်မှာ မြန်မာ၊ ကိုးကန့် နှစ်ဘာသာနဲ့ ရေးထိုးထားတာပါ။ ဒ့ပြင် မျှော်စင်ရဲ့အပေါ်မှာ နာရီကြီးတစ်လုံးလဲရှိနေတာကြောင့် မျှော်စင်အပြင် နာရီစင်အဖြစ်လဲ အသုံးပြုနေကြတယ်။

ကားတဖြည်းဖြည်းနဲ့ မြို့ပြင်လိုနေရာကိုရောက်လာပြီး လမ်းတွေက ကြမ်းလဲကြမ်း၊ ကျဉ်းလဲကျဉ်းလာတယ်။ ဒါပေမဲ့ ကားတွေ၊ ဆိုင်ကယ်တွေက များမြဲများ၊ ရှုပ်မြဲရှုပ်ဆဲပါ။ မကြာခင်မှာ ဘုန်းတော်ကြီးကျောင်းဝင်းတစ်ခုထဲကို ရောက်ရှိလာကြတယ်။ ကျောင်းအမည်ကို ဆီအေအာနဂါးလိုဏ်ဂူကျောင်း၊ ပရိယတ္တိစာသင်တိုက်လို့ ရှမ်းဘာသာ၊ မြန်မာဘာသာနှစ်ခု ရေးသားထားတယ်။ ကျောင်းဝင်းထဲကို ရောက်ရှိကြပြီး ကားပေါ်ကနေဆင်းလိုက်တာနဲ့ ကျောင်းထိုင်ဆရာတော်ကြီးကို ဝါးရုံပင်အောက်က ကွပ်ပျစ်ပေါ်မှာ သီတင်းသုံးထိုင်တော်မူနေတာကို ဖူးမြော်တွေ့မြင်လိုက်ရတယ်။ ဆရာတော်က ရှမ်းတိုင်းရင်းသားပါ။ မြန်မာဘာသာ၊ ရှမ်းဘာသာ၊ ကိုးကန့်ဘာသာစကားတွေကို နားလည်တတ်မြောက်ပြောဆိုနိုင်နေတယ်။ ဆရာတော်ကို ဖူးမြော်စကားပြောရင်းနဲ့ မကြာခင်လပိုင်းက နိုင်ငံတော်က ချီးမြှင့်ဆက်ကပ်လှူဒါန်းတဲ့ သဒ္ဓမ္မဇောတိကဓဇဘွဲ့ကိုရရှိထားကြောင်း သိလိုက်ရတယ်။

ကျောင်းထိုင်ဆရာတော်ကြီးကို ဖူးမြော်အပြီး ကျောင်းတိုက်အတွင်းကို ဝင်ရောက်လေ့လာကြတဲ့အခါ ကျောင်းတိုက်က ရှမ်းကျောင်းလိုလို၊ တရုတ်ဘုံကျောင်းလိုလို မွမ်းမံပြင်ဆင်ထားတာကို မြင်တွေ့ကြရတယ်။ ဒါပေမဲ့ ဘုရားခန်း၊ ဗုဒ္ဓရုပ်ပွားတော်၊ ဘုရားပန်းကပ်လှူပူဇော်ထားတဲ့ အပြင်အဆင်တွေက သပ္ပာယ်ကြည်ညိုစရာကောင်းနေတယ်။ ရှမ်းတိုင်းရင်းသားဘုန်းတော်ကြီးကျောင်းတွေကို ရောက်ရှိတဲ့အခါ ကြုံလေ့ကြုံရ၊ တွေ့လေ့တွေ့ရလေ့ရှိတဲ့အတိုင်း အဆောင်လက်ဖွဲ့တွေကို ဘုန်းတော်ကြီးတစ်ပါးက တစ်ဦးချင်းဆုတောင်းချည်နှောင်ချီးမြှင့်ပေးတယ်။ ဆီအေအာကျောင်းတိုက်က စာသင်တိုက်ကြီးတစ်တိုက်ဖြစ်တာနဲ့အညီ ကျောင်းတိုက်အတွင်းမှာ ဆရာတော်၊ သံဃာတော်တွေ၊ ရှင်သာမဏေတွေများပြီး မြန်မာစကားကို တွင်တွင်ကျယ်ကျယ်သုံးစွဲပြောဆိုနေကြတာတွေက ဝမ်းသာစရာကောင်းနေတယ်။ ဆရာတော်ကြီးက တောင်ပေါ်မှာ ဘုရားဆင်းတုရုပ်ပွားတော်တွေ၊ နဂါးလိုဏ်ဂူတော်တွေ၊ စေတီတော်တွေရှိနေကြောင်း၊ တက်ရောက်ဖူးမြော်ကြစေလိုကြောင်း မွက်ကြားပြောဆိုပေမဲ့အချိန်မရကြတော့လို့ ကျောင်းဝင်းအတွင်းမှာပဲ လှည့်ပတ်လေ့လာကြရတယ်။

ကျောင်းဝင်းက ကျယ်ဝန်းပြီး သစ်ပင်၊ ဝါးပင်၊ ရေကန်ကြီးတွေနဲ့ သာသာယာယာရှိနေတယ်။ တခြားရောက်ဖူးတဲ့ကျောင်းတွေနဲ့ မတူညီတဲ့အချက်တစ်ခုက ကျောင်းဝင်းအတွင်းထဲမှာ ကိုးကန့်ရိုးရာကိုးကွယ်ပူဇော်မှုဆိုင်ရာပစ္စည်းမျိုးစုံတွေကို တည်ခင်းရောင်းချနေကြတာပါ။ ဆိုင်တွေက တစ်ဆိုင်နှစ်ဆိုင်မဟုတ်ဘဲ အများအပြား ဆိုင်တန်းရှည်ကြီးဖြစ်နေတယ်။ ဈေးဆိုင်တန်းမှာ လေ့လာကြည့်ရှုကြရင်း အမှတ်တရအဖြစ် ပစ္စည်းတစ်ခုခုကို ဝယ်ယူဖို့ စဉ်းစားလိုက်မိပေမဲ့ မိမိတို့အတွက် အသုံးဝင်တဲ့ပစ္စည်း ဘာတစ်ခုမှရှိမနေတာကြောင့် မဝယ်ဖြစ်ခဲ့တော့ပါဘူး။

ဆီအေအာကျောင်းတိုက်ကနေ အပြန်ခရီးမှာ အသေးစားလောင်းကစားဝိုင်းလေးတွေကို လမ်းဘေးတစ်လျှောက်မှာ ပိုမိုများပြားတွင်ကျယ်စွာ တွေ့မြင်လာရတယ်။ တစ်နေ့ကုန်လုပ်ငန်းခွင်တွေမှာ အလုပ်လုပ်နေကြပြီး ညနေပိုင်းအလုပ်သိမ်းတာနဲ့ လောင်းကစားဝိုင်းတွေရှိရာကို စုပြုံရောက်ရှိလာကြတာပါ။ သူရပ်၊ သူ့ရွာ၊ သူ့ဓလေ့အရ လောက်ကိုင်မြို့မှာရှိနေတဲ့ လောင်းကစားဝိုင်းတွေဆိုတာ အဆန်းတကြယ်မဟုတ်ကြတော့ပါဘူး။ မြန်မာနိုင်ငံရဲ့ မြို့တွေတိုင်းမှာ ကွမ်းယာဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်တွေ ပေါများသလို နေရာတိုင်းမှာရှိနေကြပြီး ကြီးတာ၊ သေးတာပဲ ကွာခြားသွားကြပါတယ်။

ကျောင်းသားမိဘက ကားမောင်းရင်းနဲ့ တုံချိန်ကို လိုက်ပို့ပေးမယ်ဆိုပြီး လောက်ကိုင်မြို့တွင်းရှိရာကို ဦးတည်မောင်းနှင်နေတယ်။ လောက်ကိုင်မြို့တွင်းကို အလာခရီးညပိုင်းမှာ မီးရောင်စုံညမြင်ကွင်းတွေနဲ့ တစ်ခါ၊ ဒီမနက်ပိုင်းတုန်းက လင်းလင်းကျင်းကျင်း မြင်မြင်သာသာရှုခင်းရှုကွက်တွေနဲ့တစ်ခါ၊ အခုညနေဆည်းဆာချိန်မှာတစ်ခါ သုံးကြိမ်သုံးခါရောက်ရှိကြတော့မှာပါ။ ကားက လောက်ကိုင်မြို့တွင်းကို မောင်းနှင်နေပေမဲ့ မိမိတို့မရောက်ဖူးသေးတဲ့လမ်းနေရာတွေဖြစ်ပြီး မြင်တွေ့နေရတဲ့အဆောက်အအုံကြီးတွေ၊ လမ်းအခြေအနေတွေက ထူးခြားခံ့ညား၊ လှပသန့်ရှင်းနေတာကို သတိထားမိနေတယ်။ "ဟိုမှာ တုံချိန်ဆရာ၊ ဒီလမ်းကနေဝင်လို့မရဘူး။ တစ်လမ်းမောင်းဖြစ်လို့ ဟိုဘက်လမ်းကနေဝင်ရမယ်"လို့ ကျောင်းသားမိဘက ပြောပြောဆိုဆိုကားမောင်းနေရင်း လက်ညှိုးထိုးပြတဲ့ တုံချိန်ဆိုတဲ့နေရာကို ကြည့်မိလိုက်တယ်။ ခေတ်မီအဆင့်မြင့်မိုးမျှော်တိုက်ကြီးတွေကို နောက်ခံထားပြီး သာယာလှပတဲ့ ရောမရေကန်ကြီးတစ်ခုပါ။ ရေကန်ရဲ့ ဧရိယာအကျယ်အဝန်းတစ်ခုကလဲ ပြင်ဦးလွင်ကန်တော်ကြီးလောက်ရှိနေတယ်။ ဒ့ပြင် ရေကန်အနီးကမ်းနဖူးပေါ်မှာ ရွှေရောင်တဝင်းဝင်းနဲ့ စေတီတော်တစ်ဆူကိုလဲ ဖူးတွေ့လိုက်ရတယ်။

ကျောင်းသားမိဘမောင်းနှင်လာတဲ့ကားက တခြားလမ်းတစ်ဖက်ကနေ တုံချိန်ကိုဝင်ရောက်လာပါပြီ။ သန့်ရှင်းသပ်ရပ်ပြီးလှပတဲ့ ကွန်ကရစ်ခင်းအဝင်လမ်းနဲ့အတူ အဆင့်မြင့်စားသောက်ဆိုင်လေးတချို့ကိုလဲ တွေ့မြင်နေရတယ်။ ညီညီညာညာလှလှပပမြက်ခင်းစိမ်းတွေ၊ ရောင်စုံဖူးပွင့်နေတဲ့ သစ်ပင်ပန်းမန်တွေ အသွင်ဆန်း၊ အမြင်ဆန်းတဲ့ ဓာတ်တိုင်လေးတွေလဲ ရှိနေကြတယ်။ ထူးထူးခြားခြားအဖြစ် ရေကန်ကြီးကို ဟိုဘက်ဒီဘက်ဖြတ်သန်းသွားလာနိုင်အောင် ထိုးပေးထားတဲ့ဆွဲဆောင်မှုရှိတဲ့ ကြိုးတံတားကြီးပါ။ တုံချိန်ဆိုတဲ့နေရာမှာ ကြိုးတံတားကြီးပေါ် လမ်းလျှောက်နေကြသူတွေ၊ ရေကန်ကြီးနဲ့ မိုးမျှော်တိုက်ကြီးတွေကို နောက်ခံထားပြီး ဓာတ်ပုံရိုက်နေကြသူတွေ၊ မြက်ခင်းပြင်စိမ်းစိမ်းတွေပေါ်မှာ မိသားစုလိုက် ပျော်ပွဲစားနေကြသူတွေ၊ ပြေးလွှားဆော့ကစားနေကြသူတွေကို တွေ့မြင်နေရတယ်။ တုံချိန်ဆိုတာ လောက်ကိုင်မြို့ရဲ့အထင်ကရ၊ အလွန်သာယာလှပတဲ့နေရာဖြစ်နေတာကြောင့် ရောက်တုန်းလေ့လာလည်ပတ်ကြည့်ရှုလိုက်ပါအုံးမယ်။

သက်နိုင်(ပြင်ဦးလွင်)

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မြန်မာနိုင်ငံတွင် ငါးသလောက်သယံဇာတထိန်းသိမ်းရန် ငါးသလောက်ထိန်းသိမ်းရေးဇုန်များ တိုးချဲ့သတ်မှတ်သွားမည်



**နေပြည်တော် မတ် ၂၃**

မြန်မာနိုင်ငံတွင် ငါးသလောက်သယံဇာတထိန်းသိမ်းရန် ငါးသလောက် ထိန်းသိမ်းရေးဇုန်များ တိုးချဲ့ သတ်မှတ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ဇဟိုအလုပ်အမှုဆောင် ဦးဇော်မိုးဝင်းထံမှ သိရသည်။

ကမ္ဘာ့ငါးဈေးကွက်တွင် နှစ်စဉ် ငါးသလောက်ထုတ်လုပ်မှု၏ ၆၀ ရာခိုင်နှုန်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပိုင်ဆိုင်ထားပြီး မြန်မာနိုင်ငံ အနေဖြင့် နှစ်စဉ် ငါးသလောက်ထုတ်လုပ်မှုမှာ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းခန့်သာ ဖြစ်သော်လည်း ငါးသလောက်သည် မြန်မာနိုင်ငံတွင် နေထိုင်ကျက်စားပေါက်ဖွားသည့် ငါးမျိုးစိတ်ဖြစ်သည့်အတွက် ပိုမိုထုတ်လုပ်ကာ ဈေးကွက်ပိုင်ဆိုင်မှု တိုးချဲ့နိုင်ရန် ယခုကဲ့သို့ ထိန်းသိမ်းရေးဇုန်များကို တိုးချဲ့ရန်စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

"ငါးသလောက်ဟာ မြန်မာနိုင်ငံမှာလဲ နေထိုင်ကျက်စားပေါက်ဖွားနေတဲ့ ငါးမျိုးစိတ်ဖြစ်ပြီး ထိန်းသိမ်းစောင့်ရှောက်မှုကို တိုးချဲ့ဆောင်ရွက်ဖို့ လိုအပ်နေတဲ့အတွက် ငါးလုပ်ငန်းဦးစီးဌာနနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်သွားဖို့ ရှိပါတယ်။ ငါးသလောက်ဟာ ဘင်္ဂလားပင်လယ်အော်တစ်ခုလုံးမှာနေထိုင်ကျက်စား ပေါက်ဖွားတဲ့အတွက် ဘင်္ဂလားပင်လယ်အော်နဲ့ ဆက်စပ်နေတဲ့ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ သုံးနိုင်ငံစလုံးဟာ ငါးသလောက်သယံဇာတကို ပိုင်ဆိုင်ထားကြတာဖြစ်ပါတယ်"ဟု ဦးဇော်မိုးဝင်းက ပြောပြသည်။

မြန်မာနိုင်ငံတွင် ၂၀၂၂ ခုနှစ်မှစ၍ ငါးသလောက်ထိန်းသိမ်းရေးဇုန်များသတ်မှတ်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး၌ ၁၃ ဇုန်၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ် နယ်ခြားစစ်တောင်းမြစ်၌ တစ်ဇုန်၊ ရခိုင်ပြည်နယ် မြေပုံမြို့နယ်၌ တစ်ဇုန် သတ်မှတ်ထားကြောင်း သိရသည်။

ထို့ပြင် ရခိုင်ပြည်နယ်တွင် ဂွမြို့နယ် ဆတ်သွားချောင်းဧရိယာ၊ အမ်းမြို့နယ်တွင် ကျောက်ပတောင်းမြစ်ကြောင်း၊ ရသေ့တောင်မြို့နယ်တွင် မေယုမြစ်ကြောင်းတို့ကိုလည်း ထိန်းသိမ်းရေးဇုန်များအဖြစ် တိုးချဲ့ သတ်မှတ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။

ငါးသလောက် သယံဇာတသည် မြန်မာနိုင်ငံပိုင် ရေသယံဇာတတစ်ခုဖြစ်သောကြောင့် သုတေသနလုပ်ငန်းများ အချက်အလက်များ ရှာဖွေဖော်ထုတ်ခြင်းနှင့် မျိုးထိန်းသိမ်းခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# တောင်ကြီးမြို့၌ ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းခွင်ဝင်သင်တန်းဖွင့်

**တောင်ကြီး မတ် ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်နယ်အတွင်းရှိ ခရိုင်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် မြို့နယ်များမှ ဝန်ထမ်းသစ်များအတွက် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းခွင်ဝင်သင်တန်း (၁/ ၂၀၂၃) ဖွင့်ပွဲကို မတ် ၂၂ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ထိုက်ထိုက်စိုးက ဝန်ထမ်းသစ်များကို လုပ်ငန်းခွင်ဝင်သင်တန်း ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များ၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းမှပို့ချပေးသော သင်ခန်းစာများကိုသေချာစွာလေ့လာသင်ယူပြီး လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိအောင် ပြန်လည်အသုံးချဆောင်ရွက်သွားရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာများက သင်တန်းတွင် ပို့ချသင်ကြားမည့် သင်ခန်းစာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသား၊ သင်တန်းသူများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းခွင်ဝင်သင်တန်း (၁/၂၀၂၃) သို့ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ခရိုင်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ ဝန်ထမ်းသစ် သင်တန်းသား၊ သင်တန်းသူ ၁၉ ဦး တက်ရောက်ခဲ့ပြီး သင်တန်းတွင် ဦးစီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ မျှော်မှန်းချက်များ၊ ဝန်ထမ်းတိုင်း လိုက်နာရမည့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ စသည့်ဘာသာရပ်များကို ကျွမ်းကျင် ဆရာ၊ ဆရာမများက မတ် ၂၂ ရက်မှ မတ် ၂၄ ရက်ထိ သုံးရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ရိုင်**

# မြန်မာငါးများအကြောင်း တစေ့တစောင်း (ငါးရှဉ့်)

**မန်းတင့်မော်**

၁၉-၃-၂၀၂၃ ရက်နေ့ထုတ် မန္တလေးနေ့စဉ်သတင်းစာတွင် "ဩစတြေးလျနိုင်ငံ နယူးဆောက်သ်ဝေးပြည်နယ်အတွင်းရှိ မယ်နင်ဒီးမြို့သူ၊ မြို့သားများ မတ် ၁၇ ရက်နံနက်ပိုင်းက ဒါလင်ဘာကာမြစ်အနီးသို့ ရောက်လာသောအခါ ထိုမြစ်ထဲတွင် ငါးအကောင်ရေ သန်းနှင့်ချီ၍ သေဆုံးနေကြသည်ကို တွေ့ရသဖြင့် အံ့အားသင့်ခဲ့ရသည်"ဟူသော သတင်းတစ်ပုဒ်ကိုဖတ်ရှုရပါသည်။ ဆက်လက်၍ ၎င်းဒေသတွင် ကြုံတွေ့နေရသော အပူလှိုင်းဒဏ်ကြောင့် ထိုငါးများအစုအပြုလိုက် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ပညာရှင်က ရှင်းလင်းကြောင်းလည်း သိရသည်။

အထက်ပါသတင်းအချက်အလက်အရ သဘာဝပတ်ဝန်းကျင်ပြောင်းလဲခြင်းက သက်ရှိတို့အပေါ် ပြင်းထန်လှစွာရိုက်ခတ်လျက်ရှိကြောင်း သက်သေပြချက်တစ်ရပ်ဟုဆိုနိုင်သည်။ ကမ္ဘာကြီးပူနွေးလာမှု၏အကျိုးဆက်လည်းဖြစ်သည်။ ငါးများသေဆုံးခြင်းနှင့် ငါးမျိုးစိတ်များပြုန်းတီးရခြင်းမှာ အချက်များစွာပေါ်မူတည်လျက်ရှိသော်လည်း ခြုံ၍ဆိုရလျှင် လူတို့၏ ပယောဂကြောင့်ဟု ပညာရှင်များက ထောက်ပြကြလေ့ရှိသည်။ လူကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးလျက်ရှိပြီး ၎င်းကပင် လူအပါအဝင် သက်ရှိများ၏ကျန်းမာရေး၊ အသက်ရှင်သန်နေထိုင်ရေးနှင့် ရာသီဥတုတို့အပေါ် ခြိမ်းခြောက်လျက်ရှိသည်။ ငါးများနှင့်စပ်လျဉ်း၍ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်မြင့်မားသည့် မြန်မာငါးမျိုးစိတ်တစ်ခုဖြစ်သော ငါးရှဉ့်အကြောင်းကို တင်ပြလိုပါသည်။

ငါးရှဉ့်များကို ရေငန်ငါးရှဉ့်နှင့် ရေချိုနေငါးရှဉ့်ဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။ ရေချိုတွင်ကြီးထွား၍ ရေငန်တွင်မျိုးပွားသော ငါးရှဉ့်မျိုးလည်းရှိသည်။ ကမ္ဘာပေါ်တွင် ငါးရှဉ့်မျိုးစဉ် ရှစ်ခု၊ မျိုးရင်း ၁၉ ခု၊ မျိုးစု ၁၁၁ စုနှင့် မျိုးစိတ် ၈၀၀ ခန့်ထိ တည်ရှိနေသည်။ မြန်မာနိုင်ငံတွင် ပင်လယ်ငါးရှဉ့်မျိုးစိတ်တစ်မျိုးနှင့် ရေချိုငါးရှဉ့်မျိုးစိတ် သုံးမျိုးရှိကြောင်း မှတ်တမ်းများအရ သိရသည်။ အများသိ ရေချိုငါးရှဉ့်တွင် ငါးရှဉ့်ပနီ(ပါးနီ)နှင့် ငါးရှဉ့်ပမဲ(ပါးမည်း)ဟူ၍ ခွဲခြားထားသည်။ အချို့ဒေသများတွင် ငါးရှဉ့်နီနှင့်ငါးရှဉ့်မဲ ဟူ၍လည်း ခေါ်ဝေါ်လေ့ရှိကြသည်။ ငါးရှဉ့်နီက နီဝါဝါအဆင်းရှိသည်။ စားရာတွင်နူးညံ့သည်။ ငါးရှဉ့်မဲ့ထက် ပို၍အရသာရှိသည်။ ခန္ဓာကိုယ်အရောင်အဆင်းတစ်သမတ်တည်းရှိ၍ အရောင်ပြောင်းလဲခြင်းမရှိ။ ငါးရှဉ့်မဲ့က ညိုသောအရောင်ရှိသည်။ အကောင်ကြီး၍ အသားကြမ်းသည်။

မြန်မာ့ငါးရှဉ့်တစ်မျိုးမှာ ရေချိုနေ စပါးကွင်းငါးရှဉ့်သို့မဟုတ် လယ်ငါးရှဉ့် Ricefield eel ဖြစ်သည်။ တချို့ကနုန်းငါးရှဉ့် Swamp eel ဟုလည်းခေါ်ဝေါ်သည်။ ထိုငါးရှဉ့်၏ဇာတိဒေသမှာ အိန္ဒိယနိုင်ငံမြောက်ပိုင်းနှင့် မြန်မာနိုင်ငံတို့ဖြစ်ကြောင်း ဖော်ပြချက်များရှိသည်။ တရုတ်၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားမှ ဂျပန်ထိ ပျံ့နှံ့တည်ရှိသည်။ လယ်ငါးရှဉ့်ကို သိပ္ပံအမည်အားဖြင့် Monopterus albus ဟုမှည့်ခေါ်ထားသည်။ မျိုးရင်း Synbranchidae တွင်ပါဝင်၍ မျိုးစဉ် Synbranchiformesတွင် ထည့်သွင်းထားသည်။

လယ်ငါးရှဉ့်များကို မရင်းနှီးသူ၊ စားလေ့မရှိသူများက ရေမြွေတစ်မျိုးဟု ထင်မှတ်မှားတတ်သည်။ ရှည်လျား၍ မြွေနှင့်ပုံသဏ္ဌာန်တူသောကြောင့်ဖြစ်သည်။ ငါးရှဉ့်တို့၏ သဘာဝကိုနားလည်ရန်လည်းခက်ခဲသည်။ အမြင်အားဖြင့် ဆိုးရွားသောအနေအထားဖြစ်ပြီး စိတ်အားဖြင့်မြွေကိုကြောက်ရွံ့တတ်သော အခြေခံကြောင့် မနှစ်မြို့သော သတ္တဝါဟူ၍လည်း ယူဆချက်များရှိနေပါသေးသည်။

လယ်ငါးရှဉ့်၏ ခန္ဓာကိုယ်မှာရှည်လျား၍ အလျား ၂၅ စင်တီမီတာမှ စင်တီမီတာ ၄၀ ထိရှည်သည်။ ကျောဘက်ရေယက်တောင်ရှည်လျား၍ ကျောဘက်အလယ်ပိုင်းမှ အမြီးထိ ရှည်လျားစွာတည်ရှိသည်။



အမြီးရေယက်နှင့်စအိုရေယက်များ တစ်ဆက်တည်းရှိသည်။ ရင်ရေယက်တောင်နှင့် တင်ရေယက်များမရှိ။ အကြေးခွံလည်းမပါဝင်သော ရေချိုနေ အရိုးမာငါးမျိုးဖြစ်သည်။ ဦးခေါင်းပိုင်း ဘဲဥပုံဖြစ်ပြီး မျက်လုံးများသေးငယ်သည်။ မေးရိုးပေါ်တွင် သွားငယ်များပါရှိသည်။ ထူးခြားချက်မှာ လယ်ငါးရှဉ့်များတွင် အထီး၊ အမ လိင်အင်္ဂါနှစ်မျိုးစလုံး ပါဝင်နေခြင်းဖြစ်သည်။ ဦးခေါင်းဘေးတစ်ဖက်တစ်ချက်တွင် ပါးဟက်ဖုံးပါရှိပြီး အတွင်းတွင် V ပုံသဏ္ဌာန်ပါးဟက်တန်းများပါရှိသည်။

အဆိုပါငါးရှဉ့်များကို ရေချိုမြစ်ချောင်း၊ အင်းအိုင်၊ ရွှံ့နွံရေမြောင်းများ၊ ရေဝပ်မြေရေတိမ်ဒေသများ၊ ရေနေစပါးကွင်းများနှင့် လယ်ကန်သင်းများတွင် တွင်းတူး၍နေထိုင်လေ့ရှိသည်။ ငါးရှဉ့်များစားသုံးသော အစာများမှာ ငါး၊ ပုစွန်၊ ကဏန်းငယ်များ၊ ခရုငယ်များနှင့် အင်းဆက်ပိုးမွှားများဖြစ်၍ သားစားကျူးသော ငါးမျိုးဖြစ်သည်။ အသေကောင် အပုပ်အစပ်များကိုလည်းနှစ်သက်သည်။ ညထွက်သတ္တဝါဖြစ်၍ နေ့အခါနားလေ့ရှိပြီး ညအခါမှ အစာစားလေ့ရှိသည်။

ငါးရှဉ့်တွင်အာဟာရဓာတ်များ ကြွယ်ဝစွာပါရှိသည်။ ပရိုတင်း(အသားဓာတ်)များစွာပါရှိသည်။ သတ္တုဓာတ်၊ ဗီတာမင်ဓာတ်များစွာနှင့် ကယ်လ်စီယမ် (ထုံးဓာတ်) များပါရှိသည်။ ငါးရှဉ့်တွင် နွားနို့နှင့် ဒိန်ချဉ်တို့၌ပါဝင်သည့် ဖော့စဖရပ်(စ)(သံ)ဓာတ်ပါဝင်သဖြင့် အရိုးပွ၊ အရိုးပါးသောသူများ စားသုံးရန်သင့်သည်ဟု ဆေးညွှန်းများလည်းရှိသည်။ ကာဗွန်ဟိုက်ဒရိတ်(ကစီ)ဓာတ်လည်းပါဝင်သည်။ မျက်စိကျန်းမာရေးနှင့် အာရုံကြောအတွက်လည်း အားပေးသည်ဟုဆိုသည်။ ဟော်မုန်းဓာတ်နှင့် ဦးနှောက်သွေးဖိအားကိုလည်း ထိန်းညှိပေးနိုင်ကြောင်း မှတ်သားရသည်။ ငါးရှဉ့်စားလျှင် ဦးနှောက်သွေးခဲခြင်းကို သက်သာစေသည်ဟုလည်း သိရသည်။ အဆီဓာတ်ပါဝင်မှုများသဖြင့် သွေးတိုးရောဂါနှင့် နှလုံးရောဂါရှိသူများ မစားသင့်ကြောင်း တားမြစ်ချက်များလည်းရှိသည်။ ငါးရှဉ့်သွေးက အမျိုးသားကျန်းမာရေးအတွက် ကောင်းသည်ဟူသော အယူအဆမျိုးလည်းရှိသည်။ သုတေသနရလဒ်အနေဖြင့် ဖတ်ရှုမှတ်သားရခြင်းမရှိသေးပါ။

ပုံပြဆေးအဘိဓာန်တွင် ငါးရှဉ့်၏ ဂုဏ်သတ္တိနှင့် အကျိုးအာနိသင်များကို ဖော်ပြချက်များပါရှိသည်။ ငါးရှဉ့်သည် ဝမ်းမီးကိုတောက်စေ၍ အစာကိုကောင်းစွာကြေစေတတ်သည်။ ဝမ်းတွင်းရှိပိုးတို့ကို ပယ်တတ်၏။ လေသည်းခြေကိုနိုင်၏။ ဝမ်းကိုက်နာနှင့်သင့်၏။ သွေးခန်းနာနှင့်လည်းသင့်၏။ နှုတ်ကိုမြိန်စေ၏။ အချို့သူတို့သည် မစားကြချေ။ အလွန်ညစ်ညမ်းသော နေရာတွင် ကျက်စားနေသည်ကိုလည်းကောင်း၊ ကျေးလက်တောရွာများ၊ သုသာန်သချိုင်းနှင့် ရေမြုပ်သည့်နေရာတို့၌ အများဆုံးလာနေသည်ကို တွေ့မြင်ရခြင်းကြောင့်လည်းကောင်း၊ ငါးသဏ္ဌာန်မဟုတ် မြွေသဏ္ဌာန်ကဲ့သို့ တွေ့မြင်ရခြင်းကြောင့်လည်းကောင်း၊ စားသောက်မှုကို တချို့မပြုကြပေ။ (မြန်မာ့ဂန္ထဝင်စာရေးဆရာကြီး သော်တာဆွေ၏ ကျွန်တော့်ဘဝဇာတ်ကြောင်း စာအုပ်တွင် ဆရာကြီးငယ်စဉ်က ဆရာကြီး၏ဇာတိ မြေသုသာန်တွင် မိုးရာသီ ရေမြုပ်စဉ် ငါးရှဉ့်များတွေ့ရှိကြောင်း ရေးသားမှတ်တမ်းတင်ခဲ့သည်ကို ဖတ်ရှုရဖူးပါသည်။)

ငါးရှဉ့်ကိုရောဂါအလိုက်အသုံးပြုပုံမှာ သူငယ်ရင်ကျပ်ရောဂါပျောက်ဆေးအဖြစ် ငါးရှဉ့်သွေးကို သံပရာရည်နှင့် ရောစပ်တိုက်သော် သူငယ်ရင်ကျပ်ရောဂါအမြန်ပျောက်ကင်း၏။ ဝဲနာ၊ ယားနာစွဲသော် ၎င်းဝဲနာ၊ ယားနာများအားလုံးထွက်စေရန် ငါးရှဉ့်သားကိုစားပြီးမှ အခြားဝမ်းနှုတ်ဆေးစားခြင်း၊ ဆေးလိမ်းခြင်းကို ပြုရာ၏ဟုဖော်ပြထားသည်။ ငါးရှဉ့်ကျပ်တင်ကိုပြုတ်၍ ကျောရိုးပယ် ကြက်သွန်ဥကြီး ရှောက်ရည်သို့မဟုတ် သံပရာရည် သို့မဟုတ် မရန်းပြားရည်နှင့် သုပ်စားလျှင် ဒူလာမီးယပ်ဝမ်းကိုက် ပျောက်ကင်းစေနိုင်၏။ ငါးရှဉ့်ကျပ်တင်အသားကို ဆီးဖြူသီးနှင့်ချက်၍ စားသော် ဒူလာသွေးသွန်၊ မီးယပ်သွေးသွန် ရောဂါများ ပျောက်ကင်းစေနိုင်၏ဟု ဆက်လက်ဖော်ပြထားသည်။

ငါးရှဉ့်၏ခန္ဓာကိုယ် ပြောင်ချောနေ၍ အဖမ်းရခက်ပုံကို "ငါးရှဉ့်ဖမ်းရသလို"ဟူ၍လည်းကောင်း၊ "ငါရှဉ့်ဆီသုတ်လိမ်းထားသကဲ့သို့"ဟူ၍လည်းကောင်း ပုံခိုင်းနှိုင်းတတ်ကြသေးသည်။ မြန်မာစာပေတွင်လည်း ငရဲခန်း၏ရက်စက်ကြမ်းတမ်းပုံကို "ငါးရှဉ့်သဖွယ်၊ ထုပွပ်နယ်၏"ဟူသောအရေးအသားကိုမှတ်သားမိသည်။

ယခင်က ငါးရှဉ့်စားသုံးမှု နည်းခဲ့သော်လည်း ယခုအခါ ငါးရှဉ့်စားသုံးမှု မြင့်မားလာပြီဖြစ်သည်။ အာရှနိုင်ငံအများစုက ရေချိုငါးရှဉ့်ကို စားသုံးမှုများသော်လည်း ရေငန်ငါးရှဉ့်စားသုံးမှုများလည်းရှိလာသည်။ ရေချိုငါးရှဉ့်ဖြစ်သော လယ်ငါးရှဉ့်ကို မြန်မာနိုင်ငံအနှံ့အပြားမှ ရရှိနိုင်သည်။ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ တရုတ်နိုင်ငံသို့ တင်ပို့မှုအများဆုံးဖြစ်ကြောင်းလည်း မှတ်သားရသည်။ ငါးရှဉ့်အရှင်များကို မြန်မာနိုင်ငံအောက်ပိုင်းမှ ရန်ကုန်သို့ပို့ပြီး ရန်ကုန်မှမန္တလေးသို့ပို့ရသည်။ မန္တလေးတွင် ရေလဲပြီး မူဆယ်မြို့သို့ ဆက်လက်ပေးပို့သည်။ မူဆယ်တွင် ဒုတိအကြိမ် ရေလဲပြီး ရွှေလီမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရသည်။ ပြည်တွင်းဈေးကွက်က ပြောပလောက်အောင်မရှိသော်လည်း ပြည်ပပို့ကုန် (ရေထွက်ကုန်) အနေဖြင့် တွင်ကျယ်သည်။ မြန်မာနိုင်ငံ ငါးရှဉ့်လုပ်ငန်းရှင်များ အသင်း ဖွဲ့စည်းလျက်ဆောင်ရွက်နေကြောင်းလည်း သိရှိရသည်။ ငါးရှဉ့်မွေးမြူခြင်းလုပ်ငန်းကိုလည်း ဒေသအလိုက် လုပ်ဆောင်လျက်ရှိသည်။ ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့က ကြီးမှူး၍ ငါးရှဉ့်မွေးမြူခြင်းဆိုင်ရာ ပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

စပါးခင်းများအတွင်း ကျရောက်ဖျက်ဆီးတတ်သော ခရုများကို လယ်ငါးရှဉ့်များက စားသုံးခြင်းဖြင့် စပါးအထွက်တိုးစေနိုင်သည်လည်းဖြစ်ရာ လယ်များတွင် တစ်နိုင်တစ်ပိုင် ငါးရှဉ့်မွေးမြူသင့်ကြောင်း အကြံပြုချက်များလည်းရှိရာ လိုက်နာဆောင်ရွက်သင့်ပါကြောင်း တင်ပြလိုက်ရပါသတည်း။

**ကိုးကား**

**၁။ ငါးပုစွန်၊ ကဏန်း၊ ငါးရှဉ့် တစ်နိုင်တစ်ပိုင် မွေးမြူရေးလက်စွဲ (၂၀၁၁)**

**၂။ ပုံပြဆေးအဘိဓာန်(အရှင်နာဂသိန်)**

# ပွင့်ဖြူမြို့နယ် ကျေးရွာနှစ်ရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**ပွင့်ဖြူ မတ် ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်းဇောင်းကျေးရွာနှင့် မုန်တောကြီးကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို မတ် ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်၊ ခရိုင်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာလမ်းဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကုန်းဇောင်းကျေးရွာနှင့် မုန်တောကြီးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

ပွင့်ဖြူမြို့နယ် ကုန်းဇောင်းကျေးရွာ၌ အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေကိုးလက်မရှိ ကျောက်ရောမြေနှင့် မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၉ ဒသမ ၉၂၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် Shwe Group ကုမ္ပဏီက တာဝန်ယူ၍လည်းကောင်း၊ မုန်တောကြီးကျေးရွာ၌ အရှည် ၆ ဒသမ ၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ ကျောက်ရောမြေနှင့်မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း၊ ၎င်းလမ်းပေါ်၌ Slab Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၃၁ ဒသမ ၅ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကလည်းကောင်း ၂၀၂၂ ခုနှစ် ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဇင်မာ**

# စနေနေ့ညမှာကစားမဲ့ ယူရို ၂၀၂၄ ခြေစစ်ပွဲစဉ်တွေထဲက နိုင်ပွဲရဖို့သေချာနေတဲ့ စပိန်နဲ့ ခရိုအေးရှားအသင်းတို့ကို ရွေးချယ်ရမှာပါ

ML



အခုတစ်ပတ်မှာတော့ ဥရောပအမှတ်ပေးပြိုင်ပွဲတွေ ခဏရပ်နားထားပြီး နိုင်ငံတကာပြိုင်ပွဲကာလဖြစ်တာကြောင့် နိုင်ငံအသင်းပွဲစဉ်တွေ ကစားကြမှာဖြစ်ပါတယ်။ အဲဒီထဲက ဥရောပ နိုင်ငံအသင်းတွေဟာ ယူရို ၂၀၂၄ ခြေစစ်ပွဲစဉ်တွေရှိနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်မဲ့ပွဲစဉ်တွေကို အားပေးရအုံးမှာဖြစ်ပါတယ်။ အဲဒီယူရိုခြေစစ်ပွဲစဉ်ကိုတော့ အိမ်ကွင်း၊ အဝေးကွင်းစနစ်နဲ့ကျင်းပတာဖြစ်ပေမဲ့ လာမဲ့ရက်သတ္တပတ်အတွင်းမှာတော့ ပွဲစဉ်(၁)နဲ့ ပွဲစဉ်(၂) ကို ယှဉ်ပြိုင်သွားမှာတွေ့ရမှာပါ။ လာမဲ့စနေနေ့ညမှာကစားမဲ့ပွဲစဉ်တွေမှာတော့ အိမ်ကွင်းအားသာချက်နဲ့ ကစားသမားစုဖွဲ့မှုသာလွန်တဲ့ အသင်းကြီးတွေကိုသာ အဓိက ရွေးချယ်သွားရမှာပါ။

### စပိန်အသင်းအနိုင်ပြတ်သားမှာပါ

စနေနေ့ညမှာကစားမဲ့ ယူရို ၂၀၂၄ ခြေစစ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ စပိန်အသင်းနဲ့ နော်ဝေအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ စပိန်အသင်းဟာ ၂၀၂၂ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲအပြီးမှာ နည်းပြအန်းနရစ်ကို ထုတ်ပယ်လိုက်ပြီး ယူ-၂၁ နည်းပြ ဒီလာဖူအန်တီကို နည်းပြသစ်အဖြစ်ခန့်အပ်လိုက်တာကိုတွေ့ရမှာပါ။ ဒါကြောင့် စပိန်အသင်းလူစာရင်းဟာ အပြောင်းအလဲများစွာ ဖြစ်ပေါ်ခဲ့တာဖြစ်ပါတယ်။ အထူးသဖြင့် နည်းပြဒီလာဖူအန်တီဟာ လူငယ်အသင်းမှာ သူနဲ့လက်တွဲခဲ့ဖူးတဲ့ လူငယ်ကစားသမားတွေအများအပြားကို အသင်းကြီးဆီခေါ်ယူခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ဥရောပရဲ့ထိပ်သီးအသင်းကြီးတွေထဲက တစ်သင်းဖြစ်တာကြောင့် ခြေစွမ်းပြကစားသမားတွေ ပိုင်ဆိုင်ထားပေမဲ့ ၂၀၁၂ ယူရိုဖလားရပြီးနောက်ပိုင်း အဓိကပြိုင်ပွဲတွေမှာ ရလဒ်ဆိုးရွားခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ ယူရိုချန်ပီယံဆုနဲ့ဝေးကွာခဲ့ရတာကြာနေတာကြောင့် အခုပြိုင်ပွဲမှာတော့ ရည်မှန်းချက်ကြီးမားနေတာဖြစ်လို့ လူငယ်အသင်းနဲ့ ရှစ်နှစ်လောက်လက်တွဲခဲ့တဲ့ ဒီလာဖူအန်တီကို ခန့်အပ်ပြီး ဆုဖလားရရှိဖို့ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်နေတာကို တွေ့ရမှာပါ။

နည်းပြ ဖူအန်တီကတော့ လူငယ်အသင်းကို တာဝန်ယူစဉ်က ၄-၁-၂-၃ ကစားကွက်ကို အသုံးပြုလေ့ရှိတာကြောင့် အခုပွဲစဉ်မှာလဲ ဒီကစားကွက်နဲ့ပဲ ပွဲထွက်လာမလားဆိုတာကို စောင့်ကြည့်ရမှာပါ။ စပိန်အသင်းဟာ လက်ရှိ ယူရို ၂၀၂၄ မှာတော့ အုပ်စု(A)မှာ ဆိုက်ပရက်၊ ဂျော်ဂျီယာ၊ နော်ဝေ၊ စကော့တလန်အသင်းတို့နဲ့ တစ်အုပ်စုတည်းကျရောက်နေတာကိုတွေ့ရမှာပါ။ သူတို့အုပ်စုမှာတော့ နော်ဝေတစ်သင်းသာ ခြေစွမ်းပိုင်းမာကျောမှုရှိပေမဲ့ ကျန်အသင်းတွေကတော့ စပိန်အသင်းအတွက် ခက်ခဲမှုမရှိလို့ ခြေစစ်ပွဲအောင်မြင်ဖို့ ရာခိုင်နှုန်းများနေတာလဲဖြစ်ပါတယ်။

နော်ဝေအသင်းဟာ ဥရောပအသင်းတွေထဲမှာ ခြေစွမ်းပိုင်းအလယ်အလတ်အဆင့်ရှိတဲ့အသင်းဖြစ်တာကြောင့် လျှော့တွက်လို့မရတာကို တွေ့ရမှာပါ။ ၂၀၀၀ ပြည့်နှစ်မှာ ခြေစစ်ပွဲအောင်မြင်ခဲ့ပေမဲ့အုပ်စုအဆင့်က ထွက်ခွာခဲ့ရတာဖြစ်ပါတယ်။ လက်ရှိမှာတော့ ဟာလန်း၊ ဆိုးလော့၊ အိုဒီဂတ်တို့လို ကစားသမားကောင်းတွေပိုင်ဆိုင်ထားပေမဲ့ တိုက်စစ်မှူးဟာလန်းကတော့ ဒဏ်ရာပြဿနာကြောင့် စပိန်အသင်းနဲ့ကစားမဲ့ပွဲစဉ်ကို ပါဝင်နိုင်မှာမဟုတ်ပါဘူး။

သူတို့အသင်းကိုတော့ နည်းပြစတယ်လီ တာဝန်ယူကိုင်တွယ်နေပြီး သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲဆက်မှာတော့ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ စပိန်အသင်းလို စုဖွဲ့မှုကောင်းတဲ့အသင်းကိုတော့ အိမ်ကွင်းမှာနိုင်ပွဲရဖို့ထက် ပေးဂိုးမများဖို့ပဲ အာရုံစိုက်ရမှာပါ။

သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုနောက်ဆုံးနှစ်ကြိမ်မှာလဲ စပိန်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ ရှုံးပွဲမရှိသေးတာကို တွေ့ရမှာပါ။ ဒါ့ပြင် အခုပွဲစဉ်မှာ တိုက်စစ်မှူး ဟာလန်းနဲ့ ကေဂျာတို့လို အဓိက ကစားသမားတွေပါဝင်နိုင်မှာမဟုတ်လို့ နော်ဝေအသင်း တိုက်စစ်ပိုင်းကျဆင်းသွားနိုင်ပါတယ်။ ဒါကြောင့် အခုပြိုင်ပွဲမှာ ကစားသမားစုဖွဲ့မှုအသာ၊ ခြေစွမ်းပိုင်းအသာနဲ့ နောက်တစ်ဆင့်တက်ရောက်ဖို့သေချာနေတဲ့ စပိန်အသင်းပဲ အနိုင်ပြတ်သားသွားမှာပါ။

**စပိန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျော်ဒန် | ၁ | - | ၃ | စပိန် |
| စပိန် | ၇ | - | ၀ | ကော်စတာရီကာ |
| စပိန် | ၁ | - | ၁ | ဂျာမနီ |
| ဂျပန် | ၂ | - | ၁ | စပိန် |
| မော်ရိုကို | ၀ | - | ၀ | စပိန် |

**နော်ဝေအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နော်ဝေ | ၃ | - | ၂ | ဆွီဒင် |
| ဆိုလိုဗေးနီးယား | ၂ | - | ၁ | နော်ဝေ |
| နော်ဝေ | ၀ | - | ၂ | ဆားဘီးယား |
| အိုင်ယာလန် | ၁ | - | ၂ | နော်ဝေ |
| နော်ဝေ | ၁ | - | ၁ | ဖင်လန် |

### ခရိုအေးရှားကို ရွေးချယ်ရမှာပါ

စနေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ ခရိုအေးရှားနဲ့ ဝေးလ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တာကတော့ ၂၀၂၀ ယူရိုခြေစစ်ပွဲစဉ်မှာဖြစ်ပြီး ခရိုအေးရှားအသင်းက ဝေးလ်အသင်းကို နှစ်ကြော့စလုံး ရှုံးနိမ့်ခဲ့ခြင်းမရှိတာကိုတွေ့ရမှာပါ။ အဲဒီအချိန်တုန်းက ခရိုအေးရှားရဲ့ကစားသမားအစုအဖွဲ့ဟာ အတောင့်တင်းဆုံးအချိန်ဖြစ်နေသလို နည်းပြဒါလစ်ရဲ့ နည်းစနစ်ပိုင်းတွေကလဲ ကောင်းမွန်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာတော့ ဝါရင့်ကစားသမားတချို့အနားယူသွားပေမဲ့ နည်းပြရဲ့နည်းစနစ်ပိုင်းကြွယ်ဝမှုကြောင့် ခြေစွမ်းပိုင်းထက်မြက်နေသလို ပြီးခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာလဲ တတိယဆုရယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။

လက်ရှိ ခရိုအေးရှားနည်းပြ ဒါလစ် ရွေးချယ်ထားတဲ့ ကစားသမားစာရင်းမှာတော့ ဂိုးသမားများအဖြစ် ဒိုင်နမိုဇာဂရက်က ပီကိုဗစ်၊ ပါဖို့ဒ်အသင်းက အီဗူဆစ်၊ ခံစစ်ပိုင်းက အေအီးကေအေက ဘီဒါ၊ ရိန်းဂျားက ဘာရီဆစ်၊ ဆက်ဆူအိုလိုက အာလစ်၊ စတုဂတ်က ဆိုဆာ၊ ယူနီယံဘာလင်က ဂျူရန်နိုဗစ်၊ ဘိုင်ယန်မြူနစ်က စတန်နစ်ဆစ်၊ လိုက်ပ်ဇစ်က ဂါဗာဒီယို၊ ကွင်းလယ်ပိုင်းမှာတော့ ရီးရဲလ်မက်ဒရစ်က မိုဒရစ်၊ စပါးက ပါရီဆစ်၊ ချဲလ်ဆီးက ကိုဗာဆစ်၊ အင်တာမီလန်က ဘရိုဇိုဗစ်၊ အတ္တလန်တာက ပါဆာလစ်၊ တိုရီနိုက ဗလာဆစ်၊ ဒိုင်နမိုဇာဂရက်အသင်းက အီဗန်နူဆက်၊ ရင်းနက်က မာဂျာ၊ တိုက်စစ်ပိုင်းမှာတော့ ဟော်ဖန်ဟိန်းက ခရာမာရစ်၊ ဆောက်သမ်တန်က အော်ဆစ်၊ ဟာဂျဒက်အသင်းက လီဗာဂျာ၊ ဒိုင်နမိုဇာဂရက်မှ ပက်ကိုဗစ်၊ ဘင်ဖီကာက မူဆာတို့လို ခြေစွမ်းထက်မြက်နေတဲ့ ကစားသမားတွေနဲ့ စုဖွဲ့ထားတာလဲဖြစ်ပါတယ်။

သူတို့အသင်းဟာ ယူဂိုဆလားဗီးယားပြည်ထောင်စုက ခွဲထွက်ပြီးနောက်ပိုင်း ၁၉၉၆ ခုနှစ်မှာ ယူရိုပြိုင်ပွဲမှာ ကွာတားဖိုင်နယ်အဆင့်ထိ ရောက်ရှိခဲ့တာကိုတွေ့ရမှာပါ။ အဲဒီနောက်မှာတော့ ၂၀၀၀ ပြည့်နှစ် တစ်နှစ်ပဲ ခြေစစ်ပွဲမအောင်မြင်ခဲ့ပေမဲ့ ကျန်နှစ်တွေမှာတော့ ဆက်တိုက်ခြေစစ်ပွဲအောင်မြင်ခဲ့တာကိုသတိပြုရမှာပါ။ ခရိုအေးရှားအသင်းဟာ ယူရိုပြိုင်ပွဲမှာချန်ပီယံဆုမရခဲ့ပေမဲ့ အတွေ့အကြုံပိုင်းမှာတော့ ဝေးလ်အသင်းထက် သာလွန်နေတာကိုတွေ့ရမှာပါ။ ဒါကြောင့် နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာ အာဂျင်တီးနားတစ်သင်းတည်းကိုပဲ ဂိုးပြတ်ရှုံးခဲ့ပြီး ကျန်ပွဲစဉ်တွေမှာတော့ ရမှတ်ရှာဖွေနိုင်ခဲ့တာကို သတိပြုရမှာပါ။ သူတို့အသင်းဟာ လက်ရှိယူရိုပြိုင်ပွဲအုပ်စု(D)မှာ အာမေးနီးယား၊ လက်ဗီးယား၊ တူရကီ၊ ဝေးလ်တို့လို ခြေစွမ်းပိုင်းအသင့်တင့်ရှိတဲ့ အသင်းတွေနဲ့ပဲကစားရမှာဖြစ်လို့ နောက်တစ်ဆင့်အတွက် အလားအလာကောင်းနေတာလဲဖြစ်ပါတယ်။ ဒါ့ပြင် အုပ်စုတွင်းမှာလဲ တူရကီ၊ ဝေးလ်တို့လောက်ပဲ ခြေစွမ်းထက်မြက်ပေမဲ့ ကျန်အသင်းတွေကတော့ အဖြည့်ခံသက်သက်ဖြစ်နေတာကိုတွေ့ရမှာပါ။

ဝေးလ်အသင်းဟာ ၂၀၁၈ ခုနှစ်နောက်ပိုင်း နည်းပြရိုင်ယန်ဂစ်လက်ထက်မှာ ခြေစွမ်းပိုင်းတိုးတက်လာတာကိုတွေ့ရမှာပါ။ ဒါ့ပြင် နည်းပြရိုင်ယန်ဂစ်ထွက်ခွာပြီးနောက်ပိုင်း လူငယ်အသင်းနည်းပြ ရောဘတ်ပေ့ချ်ကိုခန့်အပ်ခဲ့ပြီး ခြေစွမ်းပိုင်းဆက်လက်ထိန်းသိမ်းနိုင်ခဲ့လို့ ၂၀၂၂ ကမ္ဘာ့ဖလားဝင်ခွင့် ပထမဆုံးအကြိမ်ရရှိခဲ့တာကိုလဲ သတိပြုရမှာပါ။ အဲဒီပြိုင်ပွဲမှာတော့ ခံစစ်အသားပေးကစားလွန်းတာကြောင့် နိုင်ပွဲမရခဲ့ဘဲ ပေးဂိုးခြောက်ဂိုးထိ ရှိခဲ့တာကိုတွေ့ရမှာပါ။ အခုအုပ်စုမှာလဲ တူရကီ၊ ခရိုအေးရှားတို့လောက်ပဲ ပွဲကျပ်ကစားရမှာဖြစ်ပြီး ကျန်ပွဲစဉ်တွေမှာ ရမှတ်စုဆောင်းနိုင်ရင်တော့ ခြေစစ်ပွဲအောင်ဖို့ အခွင့်အရေးရှိမှာသေချာပါတယ်။

သူတို့အသင်းနည်းပြ ရောဘတ်ပေ့ချ်ခေါ်ယူထားတဲ့ ကစားသမားစာရင်းမှာတော့ ဂိုးသမားများအဖြစ် နော်တင်ဟမ်က ဟန်နက်ဆီ၊ လက်စတာက ဒန်နီဝက်၊ ရှက်ဖီး(U) အသင်းက ဒေးဗစ်တို့ပါဝင်နေတာဖြစ်ပြီး ခံစစ်ပိုင်းမှာ စပါးက ဘန်ဒေးဗစ်၊ လူတန်က လော့ရာ၊ အစ်ဗ့စ်ချ်က ဝက်စ် ဘက်တ်၊ ဘန်လေက ကော်နာရောဘတ်၊ ရင်းနက်က ရွန်ဒွန်၊ စပီဇီယာက အမ်ပါဒူ၊ ဆွမ်ဆီးက ကာဗန်ဂို၊ နော်တင်ဟမ်က နစ်ကိုးဝီလျံ၊ ကွင်းလယ်ပိုင်းမှာတော့ နိုက်က ရမ်ဆေး၊ ပို့စ်မောက်က မော်ရယ်၊ ဆွမ်ဆီးက ကူးပါး၊ ဖူလ်ဟမ်က ဟားရစ်၊ ဘာမင်ဂမ်က ဂျော်ဒန်ဂျိမ်း၊ တိုက်စစ်ပိုင်းမှာတော့ မီဝေါလ်က ဘရက်ရှော၊ ဘုန်းမောက်အသင်းက မိုရေး၊ ဖူလ်ဟမ်က ဝယ်လ်ဆင်နဲ့ ဒန်နီရယ်ဂျိမ်း၊ အစ်ဗ့စ်က နသန်၊ ဘလက်ဘန်းက သောမတ်၊ နော်တင်ဟမ်က ဘန်နန်ဂျွန်တို့နဲ့ စုဖွဲ့ထားတာကိုတွေ့ရမှာပါ။

သူတို့အသင်းအနေနဲ့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ လေးပွဲရှုံး၊ တစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့ပြီး တိုက်စစ်ပိုင်းက သွင်းဂိုးနှစ်ဂိုးပဲ သွင်းယူနိုင်ခဲ့သလို ခံစစ်ပိုင်းက ပွဲတိုင်းပေးဂိုးရှိခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာလဲ နည်းပြရောဘတ်ပေ့ချ်ဟာ ခရိုအေးရှားလို အိမ်ကွင်းကစားပုံကောင်းတဲ့ အသင်းကို ခံစစ်အသားပေးကစားလာမယ်ဆိုရင်တော့ ရှုံးပွဲကြုံမှာသေချာပါတယ်။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုလေးကြိမ်မှာလဲ ခရိုအေးရှားအသင်းကအသာရထားသလို လက်ရှိကစားကွက်ပိုင်းနဲ့ စုဖွဲ့မှုမှာလဲ ခရိုအေးရှားက သာလွန်နေတာကြောင့် အိမ်ရှင်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**ခရိုအေးရှားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ခရိုအေးရှား | ၀ | - | ၀ | ဘယ်လ်ဂျီယံ |
| ဂျပန် | ၁ | - | ၁ | ခရိုအေးရှား |
| ခရိုအေးရှား | ၁ | - | ၁ | ဘရာဇီး |
| အာဂျင်တီးနား | ၃ | - | ၀ | ခရိုအေးရှား |
| ခရိုအေးရှား | ၂ | - | ၁ | မော်ရိုကို |

**ဝေးလ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘယ်လ်ဂျီယံ | ၂ | - | ၁ | ဝေးလ် |
| ဝေးလ် | ၀ | - | ၁ | ပိုလန် |
| အမေရိကန် | ၁ | - | ၁ | ဝေးလ် |
| ဝေးလ် | ၀ | - | ၂ | အီရန် |
| ဝေးလ် | ၀ | - | ၃ | အင်္ဂလန် |

# ရောဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်ကေ ၁၀၁၀ စိုက်ပျိုးမည်



ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

**ပန်းတနော် မတ် ၂၃**

ရောဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်ကေ ၁၀၁၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပန်းတနော်မြို့နယ် စိုက်ပျိုးရေးလုပ်ငန်းရှင်များအသင်း စိုက်ပျိုးရေးတာဝန်ခံ ဒေါ်ကြူကြူဝင်းက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်ကေ ၁၀၁၀ ကို ဧပြီလပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ငရုတ်သီးနှံများ စိုက်ပျိုးနိုင်ရန် မြေယာပြုပြင်သည့် လုပ်ငန်းများကို စတင်ဆောင်ရွက်နေကြောင်း၊ အဆိုပါဒေသမှ စိုက်ပျိုးရေးလုပ်ငန်းရှင်များသည် ငရုတ်သီးနှံများကို အဆက်မပြတ်စိုက်ပျိုးထုတ်လုပ်လာသည့်အတွက် ငရုတ်စိုက်ပျိုးရေးလုပ်သားများ၊ ငရုတ်ရောင်းဝယ်ရေးစီးပွားရေးလုပ်ငန်းရှင်များက အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ငရုတ်သီးဈေးက အရင်နှစ်ထက် ဈေးကောင်းရရှိနေပါတယ်။ ဒါကြောင့်လဲ စိုက်ပျိုးရေးလုပ်ငန်းရှင်တွေက ဆောင်းငရုတ်စိုက်ပျိုးပြီးတာနဲ့ အခုလို နွေငရုတ်စိုက်ပျိုးဖို့ ပြင်ဆင်နေတာပါ။ လာမဲ့ ဧပြီလပထမပတ်ထဲမှာ စတင်စိုက်ပျိုးသွားမှာပါ။ ဧပြီလမှာ စတင်စိုက်ပျိုးမဲ့ ငရုတ်တွေကို မိုးမျှော်ငရုတ်လို့လဲ ခေါ်ပါတယ်။ ပျိုးပင်တွေ၊ စိုက်နည်းစနစ်တွေ၊ မြေဩဇာတွေအားလုံး လုပ်ဆောင်ထားပြီးပါပြီ။ မြေယာပြုပြင်တဲ့လုပ်ငန်းတွေကို နောက်ဆုံးလုပ်နေပါတယ်။ ငရုတ်ဈေးကောင်းရရှိနေတော့ စိုက်ပျိုးရေးလုပ်ငန်းရှင်တွေကလဲ ထပ်ပြီးစိုက်ပျိုးဖို့ စိတ်အားထက်သန်နေတာ တွေ့ရပါတယ်။ ငရုတ်တွေ အဆက်မပြတ် စိုက်တဲ့အတွက် ငရုတ်လုပ်သားတွေ အဆင်ပြေတာတွေ့ရပါတယ်"ဟု ပန်းတနော်မြို့နယ် စိုက်ပျိုးရေးလုပ်ငန်းရှင်များအသင်း စိုက်ပျိုးရေးတာဝန်ခံ ဒေါ်ကြူကြူဝင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် ငရုတ်ကို ဒေသခံစိုက်ပျိုးရေးလုပ်ငန်းရှင်တစ်ဦးလျှင် တစ်ဧကမှ သုံးဧကထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဒေသထွက်ငရုတ်သီးနှံများကို ဈေးကောင်းရရှိစေရန်၊ ကုန်ပစ္စည်း အရောင်းအဝယ်သွက်စေရန်အတွက် စိုက်ပျိုးရေးလုပ်ငန်းရှင်များအသင်းက ဈေးကွက်ရှာဖွေကာ ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပန်းတနော်မြို့နယ် စိုက်ပျိုးရေးလုပ်ငန်းရှင်များအသင်း စိုက်ပျိုးရေးတာဝန်ခံ ဒေါ်ကြူကြူဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဘားအံမြို့နယ် ကော့သကြားကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**ဘားအံ မတ် ၂၃**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ကော့သကြားကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် တာဝန်ရှိသူများ၊ သပြေရိပ်ကုမ္ပဏီမှ တာဝန်ရှိသူများက ကော်မတီဝင်များနှင့်အတူ ကော့သကြားကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း၊ ကွန်ကရစ်တံတား တည်ဆောက်ခြင်းနှင့် Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က ကုန်ထုတ်လမ်းနှင့် ကွန်ကရစ်တံတား ရေရှည်အသုံးပြုနိုင်ရေး တန်ပိုးယာဉ်များ ဖြတ်သန်းသွားလာခြင်းမပြုရန်နှင့် ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကော့သကြားကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေကိုးလက်မရှိ မြေသားလမ်းခင်းခြင်းနှင့် မြေနီကျောက်စရစ်လမ်းခင်းခြင်း၊ အလျားပေ ၃၀၊ အနံ ၁၄ ပေ၊ အမြင့် ရှစ်ပေရှိ ကွန်ကရစ်တံတားတစ်စင်းနှင့် အလျား ၂၄ ပေ၊ အနံ ငါးပေ၊ အမြင့် ငါးပေရှိ Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေကျပ် ၁၀၂ ဒသမ ၃၁၁ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများက ကြီးကြပ်ကာ သပြေရိပ်ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇွန် ၁၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အထွေး**






## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဗုံးခွဲ၊ မီးရှို့ခြောက်လှန့်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

❖ နိုင်ငံတော်တွင် မည်သည့်နိုင်ငံရေးစနစ်၊ မည်သည့်အစိုးရဦးဆောင်သည်ဖြစ်စေ တပ်မတော်အနေဖြင့် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဆက်လက်ထိန်းသိမ်းသွားရမည်ဖြစ်...

❖ တပ်မတော်အနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုအကျိုးအတွက် ကာကွယ်စောင့်ရှောက်သူ(Guardian)အဖြစ် ယင်းတာဝန်များကို ထမ်းဆောင်သွားမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်၏ ဓနုဖြူခရိုင်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

၂၁-၂-၂၀၂၂

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



**နေပြည်တော် မတ် ၂၃**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော်အထီးကလေး တစ်စီးကို ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်ကလေးမှာ မွေးဖွားစတွင် အရပ်အမြင့် နှစ်ပေ ငါးလက်မ၊ ကိုယ်လုံး လုံးပတ် သုံးပေ တစ်လက်မ၊ ကိုယ်အလေးချိန်ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါဆင်ဖြူတော်ကလေးသည် ရတနာဆင်ဖြူတော်များ၏ကြန်အင်လက္ခဏာရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" ကျန်းမာပျော်ရွှင်လျက်ရှိစဉ်။

## တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

စာမျက်နှာ - ၂၀

## အာရှယူ-၂၀ အမျိုးသမီးပြိုင်ပွဲ ခြေစစ်ပွဲ ဒုတိယအဆင့်အတွက် မဲခွဲမှုအပြီးတွင် မြန်မာအမျိုးသမီးအသင်း အုပ်စု(B)တွင် ကျရောက်

စာမျက်နှာ - ၆

Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You

ပစ္စည်းထည့်ပုံးအမျိုးမျိုး ပစ္စည်းထည့်ပုံးအမျိုးမျိုး ရေချိုးခန်းသုံးပစ္စည်းများ



ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စစ်ကိုင်းမြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၄၉